လွတ်လပ်မှု၊ မျှတမှု၊ တာဝန်သိမှု

mizzima Daily

မဇ္ဈိမ နေ့စဉ်သတင်းစာ

အတွဲ ၃၊ အမှတ် ၂၉။ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ (၉-၄-၂၀၁၄)

www.mizzimaburmese.com

# မြေယာစီမံခန့်ခွဲရေးကော်မတီတွင် မြေသိမ်းယူသူများ ပါဝင်နေ၍ လယ်ယာမြေပြဿနာများ ကြန့်ကြာနေ

စာမျက်နှာ - ၄ »

**ပြည်တွင်းသတင်း**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လေးလအတွင်း လက်မှတ်ထိုးနိုင်မည်

စာမျက်နှာ - ၄ »



**မန္တလေးသတင်း**

လူသားအချင်းချင်း အမုန်းမပွားစေဖို့ ငါတို့ နှုတ်ကို စောင့်စည်းစို့ လှုပ်ရှားမှု မန္တလေးတွင် ပြုလုပ်

စာမျက်နှာ - ၁၂ »

**စီးပွားရေးသတင်း**

၁၃၀၀ စီစီ၊ ၁၅၀၀ စီစီ ကားဈေးနှုန်းများ ၁၅ သိန်းကျော်အထိ ဈေးကျဆင်း

စာမျက်နှာ - ၁၃ »



သတင်းအပြည့်အစုံ စာမျက်နှာ - ၃ »

၂၀၁၃ ခုနှစ် မြန်မာအတာသင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ ပြည်လမ်းတစ်နေရာတွင် လုံခြုံရေးတာဝန်ယူထားသည့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ ယခုနှစ် ရန်ကုန်သင်္ကြန်တွင် ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ မဖြစ်ပွားစေရန် ရန်ကုန်ရှိ ရဲတပ်ရင်းအားလုံးကို ထုတ်သုံးပြီး လုံခြုံရေးတာဝန်ယူသွားမည်ဟု ရဲတပ်ဖွဲ့ကဆိုသည်။ ဓာတ်ပုံ - မဇ္ဈိမ

# သင်္ကြန်တွင် ပဋိပက္ခမဖြစ်ရန် ရဲတပ်ရင်းအားလုံး ထုတ်သုံးကာ လုံခြုံရေးတာဝန်ယူမည်

## rZÑdbwifpm r[mouFef]Gacwå,rn

rZÑdbwifpmudk ck uefESpful½dkvf ufjzpfESifhwefckv qef;12&uf(11-4-2014) aomMumaeYSwefckvjynfhausmf 6&uf(20-4-2014) we*FaEGaeYxdk 10 &ufwm acwå,rnfjzpfygonf/ 21-4-2014 (wevFmaeY)wGifbwifpmudk jyefvnfxkwfa0om;rnfjzpfonf/ rZÑdbwifpmzwf&Ivf aumifa&SmfpmzwfolrsmbIS wifpm ta&mif;udkpm;vSyfudkD;m t m; t od;aummtyfygonf/

oDaomfrZÑdrefm0uf qdkdf www.mizzimaburmese.com tm;&yfem;rnf [kwfbaeYbwifrm;ulqufvufwifEdkmuif t od; tyfygonf/

jrefmjynfbjynfbm;rm;ESifhrZÑdbmzwf&dwfm; tm;vkESfopfwif*vmtayif;ESbanmifjynfhDvkifqEÝynfhuyapaluifqkefumifawmif tyfygonf/

rZÑdaeYbwifpm
rZÑdrDD,m*½kyf

# အယ်ဒီတာ့အာဘော်

## သတင်းလွတ်လပ်ခွင့်နှင့် တည်ဆဲဥပဒေ၊ ခေါက်ရိုးကျိုးနေသည့် တရားစီရင်ရေးစနစ်

အုပ်ချုပ်သူအစိုးရ၏အမြင်တွင် လွတ်လပ်သည့် သတင်းမီဒီယာသည် ၎င်းတို့၏ အားနည်းချက် လစ်ဟာချက်များကို အစဉ်အမြဲစောင့်ကြည့်ပြီး ဖော်ပြနေသူ၊ ၎င်းတို့အတွက် အန္တရာယ်ရှိသူအဖြစ် မြင်နေပါက မြန်မာနိုင်ငံ၏ အနာဂတ်အလားအလာသည် သိပ်မကောင်းဟုဆိုရမည်ဖြစ်သည်။ ဖော်ပြသလို ဖြစ်ပျက်နေသည်ကို သတင်းမီဒီယာနယ်ပယ်၏ လတ်တလောဖြစ်ရပ်များအရ တွေ့မြင်ရပေသည်။ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်နေသည့် ဦးသိန်းစိန်အစိုးရသည် သတင်းမီဒီယာအပေါ်တွင် ဖိနှိပ်လိုသော၊ ထိန်းချုပ်လိုသော သဘောဆောင်သည့် ပြစ်ဒဏ်ပေးခြင်းမျိုး မလုပ်ဆောင်သင့်ပေ။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လက မကွေးမြို့တွင် ဒီဗွီဘီသတင်းထောက်က ပညာရေးမှူးရုံးတွင် သတင်းသွားရောက်မေးမြန်းရင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်နှင့်ပတ်သက်၍ နှစ်နှစ်နီးပါး တရားရုံးတွင်စစ်ဆေးပြီးနောက် ဧပြီ ၇ ရက်က ထောင်ဒဏ်နှစ်နှစ် (တစ်ပေါင်းတည်း တစ်နှစ်) ချမှတ်လိုက်ခြင်းသည် စတုတ္ထမဏ္ဍိုင်ကို အသိအမှတ်ပြုပါသည်ဆိုသည့် သမ္မတ၏ပြောဆိုချက်ကို ပျက်ပြယ်စေခဲ့ပြီဖြစ်သည်။

ထို့ပြင် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အာမခံပေးမည့် ‘သတင်းမီဒီယာဥပဒေ’ ကို နိုင်ငံတော်သမ္မတဦးသိန်းစိန်က အတည်ပြုလက်မှတ်ရေးထိုးပြီး သီတင်းသုံးပတ်အကြာတွင် ယခုကဲ့သို့ ထောင်ဒဏ်ချမှတ်လိုက်ခြင်းက ရှေ့နောက်မညီမှု၊ လူထုနှင့် သတင်း မီဒီယာသမားများ ဥပဒေသစ်အပေါ် ယုံကြည်ကိုးစားမှုကို သိသာစွာယုတ်လျော့စေမည်ဖြစ်သည်။ ပွင့်လင်းသည့်အစိုးရ မိမိနိုင်ငံသားများအပေါ် တာဝန်ခံမှုရှိသည့်အစိုးရသည် သတင်းအချက်အလက် လွတ်လပ်စွာရယူပိုင်ခွင့် ဥပဒေတစ်ရပ်ကို သီးခြားပြဋ္ဌာန်းထားရှိကြရသည်။ အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းနေသည့် မြန်မာနိုင်ငံအဖို့ ယင်းသို့ သီးခြားဥပဒေမပေါ်ထွက်သေးသော်လည်း အတည်ပြုခါစ သတင်းမီဒီယာဥပဒေတွင် သီးသန့်အခန်းတစ်ခန်းသည် ထည့်သွင်းထားသည်ကို တွေ့ရပေသည်။ ယင်းပြဋ္ဌာန်းချက်ဖြင့် သတင်းလွတ်လပ်စွာ ရယူခွင့်ရတော့မည်လားဟု သတင်းသမားများက မျှော်လင့်နေချိန်တွင် ပြစ်မှုကျူးလွန်ခြင်းတစ်စုံတစ်ရာမရှိသည့် သတင်းထောက်တစ်ယောက်ကို ထောင်ဒဏ်တစ်နှစ် အပြစ်ပေးလိုက်ခြင်းက ရင်ဝကို ခြေထောက်ဖြင့် ကန်လိုက်သကဲ့သို့ရှိသည်။

ဤအဖြစ်အပျက်မှ ကောက်ချက်ချနိုင်သည့် အခြားသောအချက် တစ်ချက်မှာ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ကြရန် လိုအပ်ပြီဆိုသည့်အချက်ပင်ဖြစ်သည်။ တည်ဆဲဥပဒေများကို ပြဋ္ဌာန်းခဲ့သည့်ကာလ၊ ထိုကာလကအုပ်ချုပ်သည့်စနစ်၊ ထိုဥပဒေကကာကွယ်ပေးသည့် အစိုးရ၏ သဘောသဘာဝတို့ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်နေပြီဆိုသည်မှာ ပိုမိုထင်ရှားလာနေပေသည်။ ယခုသတင်းထောက်ကို ပြစ်ဒဏ်ချမှတ်သည့်ဥပဒေသည် အစိုးရကို ကာကွယ်ပေးသည့် ဥပဒေလား၊ သို့မဟုတ် အစိုးရကို အကာအကွယ်ပေးသည့် တရားစီရင်ရေးစနစ်လား ဆိုသည့်မေးခွန်းများလည်း ယခုအဖြစ်အပျက်ကြောင့် ပေါ်ထွက်လာမည်ဖြစ်သည်။

ထို့ကြောင့် ယခုဖြစ်ရပ်ပေါ်မူတည်ပြီး သတင်းမီဒီယာ လွတ်လပ်ခွင့်လိုလားသော သတင်းမီဒီယာ လောကသားများနှင့် ဥပဒေပြုစု ပြင်ဆင်ပိုင်ခွင့်ရှိသူတို့က ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရမည့်အချိန်ရောက်ပြီဖြစ်ကြောင်း မဇ္ဈိမက တိုက်တွန်းရေးသားလိုက်ရပေသည်။

# စစ်တွေပဋိပက္ခနှင့်ပတ်သက်ပြီး နယ်စပ်ရေးရာ ဒုတိယဝန်ကြီး ယနေ့ ရှင်းမည်

■ မြတ်ကျော်သူ
**ရန်ကုန်၊ ဧပြီ ၈**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဒေသခံများ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများဆိုင်ရာ စစ်တွေစုံစမ်းစစ်ဆေးရေးကော်မရှင်က ဧပြီ ၉ ရက်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဟု မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနက မဇ္ဈိမထံ ဖုန်းဖြင့်အကြောင်းကြားသည်။

ဧပြီ ၂၆ နှင့် ၂၇ ရက်က စစ်တွေ၌ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၏ရုံးများနှင့် အဆောက်အအုံများသည် ဒေသခံများ၏ တိုက်ခိုက်ခံရပြီး အစိုးရက ဝန်ထမ်းများကို ကယ်ထုတ်ခဲ့သည်။

ယင်းကိစ္စများနှင့်ပတ်သက်၍ နယ်စပ်ရေးရာ ဒု-ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် စစ်တွေစုံစမ်းစစ်ဆေးရေးကော်မရှင်ကို သမ္မတဦးသိန်းစိန်က မတ် ၂၉ ရက်စွဲဖြင့် ဖွဲ့စည်းခဲ့သည်ဟု နိုင်ငံပိုင်သတင်းများတွင် ဖော်ပြခဲ့သည်။

ယင်းအဖွဲ့တွင် ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနလေကြောင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်း၊ သမ္မတဥပဒေအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစစ်အေး၊ Myanmar Egress မှ ဒေါက်တာကျော်ရင်လှိုင်တို့လေးဦးက အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့သည်။

ကော်မရှင်က ဧပြီ ၇ ရက်က သမ္မတထံ အစီရင်ခံပြီးဖြစ်ကာ ယနေ့ (ဧပြီ ၉ ရက်)တွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်အုန်း အပါအဝင် စစ်ဆေးရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲ လုပ်မည်ဖြစ်သည်။

တစ်ဖက်တွင်လည်း ကုလလူ့အခွင့်အရေးကိုယ်စားလှယ် ကင်တားနားက ရခိုင်ပြည်နယ်အခြေအနေများကို ဧပြီ ၇ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သေးသည်။

ကုလ၏ ထုတ်ပြန်ချက်များအရ ရခိုင်ပြည်နယ်မှ အကူအညီပေးရေးဝန်ထမ်း ၁၇၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းပေးခဲ့ပြီး၊ ပထမဆုံးအကြိမ် အစုလိုက် အပြုံလိုက်၊ ထွက်ခွာရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ယင်းကဲ့သို့ ထွက်ခွာခြင်းမှာ ဒုက္ခသည်စခန်းများရှိ လူပေါင်း ၁၄၀,၀၀၀ နှင့် အခြားကျေးရွာများရှိ လူပေါင်း ၇၀၀,၀၀၀ ခန့်အပေါ် ပြင်းထန်စွာ ဆိုးကျိုးသက်ရောက်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■

# ရခိုင်ပြည်နယ်အရေး ကုလအထူးကိုယ်စားလှယ် သတိပေး

■ အေအက်ဖ်ပီ
**ဘန်ကောက်**

ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့များ တိုက်ခိုက်ခံခဲ့ရပြီးနောက် ဘင်္ဂါလီများ ရေနှင့် ဆေးဝါးကုသမှုများ အကြီးအကျယ် ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး ၎င်းတို့အား ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခြင်းသည် လူသားချင်းစာနာမှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှုအသွင် သက်ရောက်နိုင်သည်ဟုကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာသောမတ်အိုပေးကင်တားနားက ဧပြီလ ၇ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

“ရိုဟင်ဂျာ (မြန်မာအစိုးရအခေါ် ဘင်္ဂါလီ)အပေါ် ဆန့်ကျင်ကျူးလွန်ကြသော ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုသမိုင်းကြောင်းတွင် ယခုဖြစ်ရပ်များသည် နောက်ဆုံးဖြစ်ရပ်များဖြစ်ကြပြီး၊ လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှုများအသွင် သက်ရောက်နိုင်ပါသည်”ဟု ကြေညာချက်ထဲတွင် ကင်တားနားက ဆိုထားသည်။

ရခိုင်ပြည်နယ် စစ်တွေတွင် ပြီးခဲ့သည့်လ နှောင်းပိုင်းက ဖြစ်ပွားခဲ့သော ဆူပူအုံကြွမှု၏ အကျိုးဆက်တစ်ခုအဖြစ် ရခိုင်ပြည်နယ်အတွင်း အကူအညီပေးနေသည့် အင်န်ဂျီအိုဝန်ထမ်း ၁၇၀ ကျော် ပထမအကြိမ်အဖြစ် ထွက်သွားခဲ့ရသည်။ ယင်းအခြေအနေကြောင့် လူသားချင်းစာနာမှု အကူအညီပေးရေး လုပ်ငန်းစဉ်တစ်ခုလုံး ပြင်းထန်စွာ ထိခိုက်မည်ကို စိုးရိမ်နေသည်ဟု ကြေညာချက်တွင် ဆိုထားသည်။

မွတ်စလင်ဒုက္ခသည်များ အများစုရှိကြသော အချို့ဒုက္ခသည် စခန်းများတွင် ရေ ရရှိနိုင်မှုအခြေအနေမှာ စိုးရိမ်ရသောအဆင့်သို့ တစ်ပတ်အတွင်း ရောက်သွားနိုင်သည်ဟု ကင်တားနားကဆိုခဲ့ပြီး အကူအညီပေးရေး ဝန်ထမ်းများ၏ လုံခြုံရေး စိတ်ချရစေရန်အတွက် ပိုမိုဆောင်ရွက်ပေးရန်လည်း အာဏာပိုင်များကို ကင်တာနားက တိုက်တွန်းခဲ့သည်။

သန်းခေါင်စာရင်းကောက်ခံရာတွင် မြန်မာအစိုးရက ဘင်္ဂါလီများအား ၎င်းတို့၏ လူမျိုးမဖြည့်သွင်းခြင်းမှာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်၌ နိုင်ငံတကာစံနှုန်းများနှင့်မညီဟု ၎င်းက ဆိုခဲ့သည်။

ကင်တားနားက ဘင်္ဂါလီများအား စနစ်တကျခွဲခြားဆက်ဆံခြင်းနှင့် ဘေးဖယ်ပထုတ်ထားခြင်း ပြဿနာကို ဖြေရှင်းရန် မြန်မာ့အရေးဆိုင်ရာ သူ၏နောက်ဆုံး အစီရင်ခံစာတွင် တိုက်တွန်းထားသည်။ ■




# အာဆီယံထိပ်သီးအစည်းအဝေးအတွက် နေပြည်တော်ဟိုတယ်များပြင်ရန် ညွှန်ကြား

■ ဝင်းကိုကိုလတ်
**နေပြည်တော်၊ ဧပြီ ၈**

မေလ ၁၀ ရက်တွင် စတင်ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးအတွက် နေပြည်တော်ရှိ ဟိုတယ်များကို ဧပြီလ တတိယပတ်နောက်ဆုံးထား ပြင်ဆင်ထားရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်ဟု နေပြည်တော်ဟိုတယ်အသိုင်းအဝိုင်းက ပြောသည်။

(၂၄)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအတွက် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ နိုင်ငံတော်ဧည့်ဂေဟာရှိ ဟိုတယ်များ အသင့်ဖြစ်စေရန် ညွှန်ကြားခြင်းဖြစ်သည်။

“လုံခြုံရေးနဲ့ အစားအသောက်တွေ သန့်ရှင်းမှုရှိရေးအတွက်လည်း ဂရုစိုက်ဖို့ ညွှန်ကြားထားပါတယ်”ဟု ဟိုတယ်ဇုန်ရှိ ဟိုတယ်တစ်ခုမှ အထွေထွေမန်နေဂျာတစ်ဦးက ပြောသည်။

နိုင်ငံတော် ဧည့်ဂေဟာအတွင်းရှိ ဟိုတယ်များတွင် အစည်းအဝေးခန်းမများ၊ သီးသန့်တွေ့ဆုံခန်းမများ၊ သံတမန်ခန်းမများ၊ ရဟတ်ယာဉ်များ ဆင်းသက်နိုင်ရန်အထိပါ ပြုလုပ်ထားသည်ဟု ဟိုတယ်ဇုန်တာဝန်ရှိသူတစ်ဦးက ပြောသည်။

“နိုင်ငံတော်ဧည့်ဂေဟာမှာ အကြီးအကဲတွေထားမယ်။ တချို့ဧည့်သည်တွေကို ဟိုတယ်ဇုန်တွေမှာ ထားမယ်”ဟု အဆိုပါအထွေထွေမန်နေဂျာက ဆိုသည်။

အာဆီယံထိပ်သီး အစည်းအဝေးများအတွက် ရည်ရွယ်၍ ၂၀၁၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သည့် ဟိုတယ်များသည် ယခုနှစ် ဇန်နဝါရီလတွင် ဟိုတယ် ငါးလုံး ဖွင့်လှစ်ခဲ့သည်။ ■

# သင်္ကြန်တွင် ပဋိပက္ခမဖြစ်ရန် ရဲတပ်ရင်းအားလုံး ထုတ်သုံးကာ လုံခြုံရေးတာဝန်ယူမည်

■ မဇ္ဈိမ
**ရန်ကုန်၊ ဧပြီ**

သင်္ကြန်ပွဲတော်ကာလတွင် ရန်ကုန်တိုင်းအတွင်း ဘာသာရေး လူမျိုးရေးပဋိပက္ခများမဖြစ်စေရန် တိုင်းအတွင်းရှိ ရဲတပ်ရင်းအားလုံးကို ထုတ်သုံးကာ မြို့နယ်စခန်းများကိုလည်း အရန်အဖြစ် စုဆောင်းဖွဲ့စည်းထားပြီး လုံခြုံရေးတာဝန်ယူ ဆောင်ရွက်မည်ဟု ရန်ကုန်တိုင်း နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက မဇ္ဈိမကို ပြောသည်။

"အင်အားအနေနဲ့တော့ ရှိတဲ့အင်အားကို ထုတ်နုတ်ပြီးတော့ ဒီမှာ အင်ပြည့်အားပြည့် သုံးရမှာဖြစ်ပါတယ်။ အရန်ကော ဘာကော အကုန်သုံးမှာပါ။ ဒီသင်္ကြန်ကာလမှာ ရဲတပ်ရင်းတွေကို အကုန်ထုတ်သုံးသွားမှာပါ"ဟု ဝန်ကြီးက ပြောသည်။

မှော်ဘီရဲတပ်ရင်း နှစ်ခု၊ ရွှေပြည်သာရဲတပ်ရင်း၊ လှိုင်သာယာရဲတပ်ရင်း၊ ရွှေမြရာရဲတပ်ရင်း၊ ပဲခူးရဲတပ်ရင်း၊ မင်္ဂလာဒုံ ရဲတပ်ရင်းများရှိ ရဲတပ်ရင်းခုနစ်ခုစလုံးရှိ ရဲအင်အားအကုန်ထုတ် အသုံးပြုသွားမည် အပြင် မြို့နယ်ရဲစခန်းများရှိ ရဲများဖြင့်လည်း လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

"ဒီကြားထဲဖြစ်တဲ့အပေါ် မူတည်ပြီးတော့ အင်အားတိုးချမှာပါ။ ထူးခြားလာရင် ထူးခြားသလို ကျွန်တော်တို့ အရန်အဖွဲ့တွေ ထိုးထည့်ပြီးတော့ ဆောင်ရွက်ပေးသွားမယ်"ဟုလည်း ၎င်းက ပြောသည်။

ရန်ကုန်မြို့တွင် (၁၁)ကြိမ်မြောက် ရခိုင်သင်္ကြန်ပွဲတော်ကို ကျင်းပမည်ဖြစ်ရာ ပွဲတော်အတွက် လုံခြုံရေးယူပေးရန် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အကူအညီတောင်းထားသည်ဟု ရိုးရာသင်္ကြန်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံလှကျော်က ပြောသည်။

"လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အကူအညီတောင်းထားတယ်။ ပွဲကျင်းပရေး ကော်မတီ အောက်မှာလည်း လုံခြုံရေးကော်မတီ ဖွဲ့ထားတယ်။ နောက်ပြီး စီစီတီဗီ ကင်မရာ ရှစ်လုံးတပ်ဆင်မယ်၊ အဝင်ပေါက်တွေမှာ စစ်ဆေးမယ်"ဟု ဒေါက်တာစံလှကျော်က မဇ္ဈိမကိုပြောသည်။

ရခိုင်ရိုးရာသင်္ကြန်ကို နံ့သာသွေးပွဲတော်၊ ဘုရားရေသပ္ပာယ် ပွဲတော်တို့ကို ရွှေတိဂုံဘုရား အလယ်ပစ္စယံရှိ ရခိုင်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပြီး သင်္ကြန်ရေလောင်းပွဲတော်ကို ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏကွင်းတွင် ကျင်းပမည်ဖြစ်သည်။

**လှည်းကူး**

ဧပြီ ၄ ရက်က ပဋိပက္ခဖြစ်ပေါ်ခဲ့သည့် လှည်းကူးမြို့နယ်တွင် လက်ရှိပုံမှန်အနေအထားရောက်ရှိသော်လည်း သင်္ကြန်ကာလတွင် လုံခြုံရေးတိုးမြှင့်ချထားမည်ဖြစ်သည်။ လှည်းကူးမြို့နယ်တွင် ခိုက်ရန်ဖြစ်ပွားမှုများ ထပ်မံကြုံတွေ့လာပါက သွားရောက်ဖြေရှင်း ဆောင်ရွက်နိုင်ရန် လုံခြုံရေးအဆင်သင့် စီမံထားသည်ဟု ဦးတင်ဝင်းက ဆိုသည်။

**မိတ္ထီလာ**

၂၀၁၃ ခုနှစ်၊ မတ်အတွင်းက ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး သင်္ကြန်ပွဲတော် ကျင်းပနိုင်ခြင်းမရှိသည့် မိတ္ထီလာတွင်မူ ယခုနှစ် သင်္ကြန်ပွဲတော် ကျင်းပမည်ဖြစ်ပြီး နေရာအလိုက် ရဲတပ်ဖွဲ့ ၃၅ ဖွဲ့ကို အလှည့်ကျတာဝန်ပေးကာ လုံခြုံရေးယူသွားမည်ဟု မိတ္ထီလာခရိုင်ဦးစီးအရာရှိ ဦးမြင့်အေးက မဇ္ဈိမသို့ ပြောသည်။

"အင်အားခွဲတမ်းတွေ ဘယ်လိုချထားတယ်ဆိုတာကတော့ လုံခြုံရေးအရ သိခွင့်မပေးထားဘူး။ ဘယ်လိုနေရာတွေမှာချမယ်ဆိုတာလည်း ပြောခွင့်မပေးထားဘူး။ ဒါပေမဲ့ လုံခြုံရေးနေရာတွေကတော့ အတိအကျထွက်ရှိပြီးပြီ။ ဒုက္ခသည်စခန်းတွေမှာရှိတဲ့ သူတွေလည်း နေခင်းပိုင်းတွင် ပုံမှန်အချိန်အတိုင်း ထွက်ခွင့်ရရှိမယ်"ဟု ဦးမြင့်အေးက ပြောသည်။

**လားရှိုး**

၂၀၁၃ ခုနှစ်၊ မေလအတွင်း ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည့် လားရှိုးမြို့တွင်မူ မဏ္ဍပ်ရှစ်ခု တည်ဆောက်ခွင့်ပြုထားပြီး လုံခြုံရေးအပြည့်အဝ တာဝန်ယူဆောက်ရွက် သွားမည်ဟု ခရိုင်ရဲတပ်ဖွဲ့ဝင်တို့က ဆိုသည်။

"ပဋိပက္ခဖြစ်ပွားခဲ့တဲ့ နေရာတွေမှာ နောက်ထပ်မဖြစ်ပွားအောင် လှည့်ကင်းများဖြင့် ဆောင်ရွက်နေတယ်။ နောက်ပြီး ဝိုင်းပတ် ပိတ်ဆို့စနစ်နဲ့ ဆောင်ရွက်နေတယ်။ ပြစ်မှုကျူးလွန်ခဲ့တဲ့နေရာတွေမှာ လုံခြုံရေးယူထားတယ်။ ဘယ်နေရာတွေမှာ နေရာယူထားတယ်ဆိုတာ ပြောလို့မရဘူး။ ရှိတဲ့ ရဲအင်အားနဲ့ လုံခြုံရေးတာဝန်ယူဆောင်ရွက်နိုင်တယ်"ဟု လားရှိုးမြို့နယ် ဒု-ရဲအုပ် ထွန်းထွန်းက ပြောသည်။

**ရခိုင်ပြည်နယ်ရှိ မြို့ကြီးများ**

ရခိုင်ပြည်နယ်ရှိ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် မြို့အများစုတွင် သင်္ကြန်ပွဲတော်အတွက် ပြင်ဆင်နိုင်ခြင်းမရှိသေးဟု ရခိုင်ပြည်နယ် မြို့နယ်အသီးသီးမှ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ဝင်များက ဧပြီ ၈ ရက်တွင် မဇ္ဈိမကို ပြောသည်။

ရခိုင်ပြည်နယ် ခရီးသွားမြို့ဖြစ်သော မြောက်ဦး၊ မောင်တော၊ စစ်တွေမြို့ အပါအဝင် သံတွဲမြို့များတွင် သင်္ကြန်မဏ္ဍပ်များ ဧပြီ ၈ ရက်အထိ စီစဉ်ဆောက်လုပ်ခြင်းမရှိသေးဟု ဒေသခံများက ဆိုသည်။

"ပုဒ်မ ၁၄၄ လည်းထုတ်ပြန်ထားတော့ သင်္ကြန်မဏ္ဍပ်တွေ ယိမ်းအကတွေ ဒီနှစ်မလုပ်ဖြစ်တော့ဘူး"ဟု သံတွဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က မဇ္ဈိမကို ပြောသည်။ ငပလီမြို့နယ်ခွဲတွင်မူ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခြင်း မရှိသည့်အတွက် ဟိုတယ်များ၏ အစီအစဉ်ဖြင့် မဏ္ဍပ်များဆောက်လုပ်မည် ဖြစ်ပြီး ငပလီ ကမ်းခြေ လုံခြုံရေးကိုမူ တင်းကျပ်စွာ ချထားပေးမည်ဟုလည်း ၎င်းက ဆိုသည်။

ရခိုင်ပြည်နယ် သင်္ကြန်မဏ္ဍပ်များတွင် ညအချိန်များတွင်မူ ရိုးရာယိမ်းအကများဖြင့် မဏ္ဍပ်များတွင်ဖျော်ဖြေလေ့ရှိကာ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသဖြင့် ထိုပျော်ပွဲရွှင်ပွဲများကို သံတွဲမြို့အပါအဝင် မြို့နယ်အချို့တွင် ကျင်းပနိုင်မည် မဟုတ်ဟု ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက ပြောသည်။

"ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပြဿနာတွေကြောင့် ပြည်သူတွေ သင်္ကြန်ပွဲတော်ကို တောင် စည်စည်ကားကား မကျင်းပနိုင်တာ သုံးနှစ်လောက်ရှိပြီ"ဟု ဦးအောင်ကျော်ညွန့်က ပြောသည်။

သံတွဲမြို့တွင်းမှ လူငယ်တစ်ဦးဖြစ်သည့် "ကိုမင်းမင်းစိုးက မြို့တစ်မြို့လုံးမှာ မဏ္ဍပ်တစ်ခုတောင် မဆောက်ဘူးဆိုတော့ သင်္ကြန်မရှိတာနဲ့အတူတူပဲ။ သင်္ကြန်မှာပျော်ဖို့ အားခဲထားတဲ့ လူငယ်တွေက ဘာလုပ်ရမှာလဲ"ဟု ပြောသည်။

"အရင်နှစ်တွေကဆို မြောက်ဦးမှာ မဏ္ဍပ်ပေါင်း ၂၀ က ၃၀ ကြား ဆောက်တယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ၁၀ ခုလောက်ပဲ ဆောက်တယ်၊ ဒီနှစ်တော့ မဆောက်သေးဘူး"ဟု ကိုထွန်းထွန်းက မဇ္ဈိမကိုပြောသည်။

**ပြည်**

ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုတွင်မူ လုံခြုံရေးအင်အား ၇၀၀ ကျော် ချထားမည်ဟု ခရိုင်ရဲမှူး ခင်မောင်သန်းက ပြောသည်။ "ပြည်ခရိုင်တစ်ခုလုံးမှာ အဓိကတော့ ပြည်မြို့မှာဖြစ်တယ်။ မဏ္ဍပ်တိုင်း ရပ်ကွက်တိုင်းမှာ လုံခြုံရေး အပြည့်အဝယူပေးမယ်"ဟု ပြောသည်။ ■





# မြေယာဖြေရှင်းရေး ကော်မတီတွင် မြေသိမ်းယူသူများ ပါဝင်နေ၍ လယ်ယာမြေပြဿနာများ ကြန့်ကြာ

■ မင်းမင်း
**ရန်ကုန်၊ ဧပြီ ၈**

မြေယာပြဿနာများ ဖြေရှင်းပေးနေသည့် အစိုးရ၏ မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီတွင် ကိုယ်တိုင်မြေယာသိမ်းခဲ့သူများ ပါရှိနေခြင်းကြောင့် မြေများပြန်ပေးသော်လည်း မူလပိုင်ရှင်တို့ထံမရောက်ဘဲ ကြန့်ကြာနေသည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့က စွပ်စွဲပြောဆိုလိုက်သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် ၁ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က "အခု အုပ်ချုပ်ရေးအာဏာပိုင်တွေကလည်း အရင်အစိုးရရဲ့အမွေခံတွေကိုးဗျ။ သူတို့ကိုယ်တိုင် ပတ်သက်နေတာကို စာရွက်နဲ့ပဲ ဖြေရှင်းလို့မရဘူးလေ" ဟုပြောသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်ကလည်း "အရင်က ကျွန်တော် ဗိုလ်ချုပ်ဖြစ်ရင်လည်း သိမ်းရင်သိမ်းခဲ့မယ်။ ဒီအချိန်မှာတော့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ချန်ထားလို့မရဘူးလေဗျာ၊ လွှတ်တော်ကလည်း ပြောနေပြီလေ" ဟု ပြောသည်။

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် ဗဟိုကော်မတီတစ်ရပ်အဖြစ် ဒု-သမ္မတ ဦးညဏ်ထွန်းက ဥက္ကဋ္ဌတာဝန်ယူထားပြီး ပြည်ထဲရေးနှင့် လယ်/ဆည်ဝန်ကြီးနှစ်ဦးက ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထဲရေးဒုတိယဝန်ကြီးက အတွင်းရေးမှူးအဖြစ်တာဝန်ယူထားသည်။

တိုင်းနှင့်ပြည်နယ်အားလုံးရှိ ဝန်ကြီးချုပ်များကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပြီး တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေး အဆင့်ဆင့်တွင်လည်း အုပ်ချုပ်ရေးပိုင်း အခရာကျသူများက ဦးဆောင်တာဝန်ယူထားသည်။

အဆိုပါကော်မတီ၏တာဝန်မှာ ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားသော လယ်ယာမြေစုံစမ်းရေး ကော်မရှင်က စုံစမ်းထားသည့် လယ်ယာမြေသိမ်းပြဿနာကို ပြန်လည်စိစစ်ကာ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

ဒု-သမ္မတ ဦးညဏ်ထွန်း ဦးဆောင်သော မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအနေဖြင့် ပြည်ထောင်စု လွှတ်တော်ကဖွဲ့စည်းထားသော လယ်ယာမြေသိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ပြည်သူများ တိုင်ကြားထားသည့် လယ်ယာမြေပြဿနာအမှုအရေအတွက် ၇၄၅ မှုကို တစ်ရက်လျှင် နှစ်မှုနှုန်းဖြင့် တစ်နှစ်အတွင်း အပြီးဖြေရှင်းပေးမည်ဟု ကော်မတီဖွဲ့စည်းပြီးကာစ ၂၀၁၃ ခုနှစ် စက်တင်ဘာလက ကတိပြုပြောဆိုထားသည်။ ■

# သတင်းလွတ်လပ်ခွင့်အတွက် သတင်းစာများတွင် Black Cover လှုပ်ရှားမှု လုပ်မည်

■ အေးမြင့်စန်း
**ရန်ကုန်၊ ဧပြီ ၇**

ဒီဗွီဘီ သတင်းထောက် ကိုဇော်ဖေ(သူရသက်တင်)နှင့် ကျောင်းသားမိဘ ဦးဝင်းမြင့်လှိုင်(လှိုင်လှိုင်)တို့အား ထောင်ဒဏ် တစ်နှစ်စီချမှတ်လိုက်ခြင်းသည်မီဒီယာလွတ်လပ်ခွင့် တားမြစ်ပိတ်ပင်ရုံမျှမက သတင်းမှန်ပေါ်ပေါက်ရေး အဟန့်အတားဖြစ်စေသည့်အပြင် ပြည်သူလူထုအကြား အကြောက်တရားလွှမ်းမိုးသွားနိုင်သည်ဟုဆိုကာ ကန့်ကွက်သွားမည်ဖြစ်ကြောင်း သတင်းမီဒီယာအချို့က မဇ္ဈိမကိုပြောသည်။

"ထောင်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး အလဲဗင်းမီဒီယာက လာမယ့်သောကြာနေ့မှာထုတ်ဝေမယ့် The Daily Eleven သတင်းစာနဲ့ Premier Eleven Sport ဂျာနယ်မျက်နှာဖုံးတွေမှာ Black cover အဖြစ်ပြုလုပ်ကာ ကန့်ကွက်သွားမယ်" ဟု အလဲဗင်းသတင်းစာ၏ အယ်ဒီတာချုပ် ကိုဝေဖြိုးက ပြောသည်။




*၂၀၁၂ ခုနှစ်အတွင်း သတင်းဂျာနယ်သုံးစောင် အပိတ်ခံခဲ့ရသည့်ကာလတွင် ထုတ်ဝေခဲ့သည့် ဩဂုတ်လ ၆ရက်ထုတ် Messenger ဂျာနယ် မျက်နှာဖုံး*

မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) အထွေထွေအတွင်းရေးမှူးဦးမြင့်ကျော်ကလည်း သတင်းလွတ်လပ်ခွင့်နှင့် သတင်းထောက်ကို ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်လိုက်ခြင်းအပေါ် MJN နှင့် ပြည်တွင်းရှိ သတင်းဌာနများ၊ သတင်းမီဒီယာအဖွဲ့အစည်းများပူးပေါင်းကာ ကန့်ကွက်သွားမည်ဟု ပြောသည်။

"စာမျက်နှာအပြည့် သို့မဟုတ် အနည်းဆုံးတော့ စာမျက်နှာတစ်ဝက်ကို အမည်းရောင်အပြည့်နဲ့ထားပြီး ဘယ် အဓိပ္ပာယ်နဲ့လုပ်တယ်ဆိုတာ စာကြောင်းတစ်ကြောင်းလောက်နဲ့ သတင်းစာ၊ ဂျာနယ်တွေမှာ တစ်ရက်တည်း ကန့်ကွက်တဲ့ ကန့်ပိန်းပုံစံလုပ်နိုင်ဖို့ သတင်းမီဒီယာ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးသွားမယ်"ဟု ဆိုသည်။

အဆိုပါ သတင်းထောက် ထောင်ဒဏ်ချမှတ်ခံရမှုအပေါ် ဒီဗွီဘီသတင်းဌာနအနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့အစည်းများထံ အကူအညီတောင်းခံထားပြီး စာနယ်ဇင်းမီဒီယာအဖွဲ့အစည်းများအားလုံးနှင့် ကန့်ကွက်မှုများ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဒီဗွီဘီမြန်မာပိုင်းတာဝန်ခံ ဦးတိုးဇော်လတ်က ပြောသည်။

ဒီဗွီဘီ သတင်းထောက် ကိုဇော်ဖေ(သူရသက်တင်)နှင့် ကျောင်းသားမိဘဖြစ်သူ ဦးဝင်းမြင့်လှိုင် (လှိုင်လှိုင်) တို့ကို ဝတ္တရားနှောင့်ယှက်မှု ပုဒ်မ-၃၅၃၊ ပိုင်နက်ကျူးလွန်မှု ပုဒ်မ- ၄၄၈ တို့အရ ပုဒ်မနှစ်ခုပေါင်း ပြစ်ဒဏ်တစ်နှစ် ကျခံရန် ဧပြီလ ၇ရက်တွင် မကွေးမြို့နယ်တရားရုံးက အမိန့်ချမှတ်လိုက်သည်။ ■

# တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လေးလအတွင်း လက်မှတ်ထိုးနိုင်မည်

■ တင်ဇာအောင်၊ နန်းလွှင်နှင်းပွင့်
**ရန်ကုန်၊ ဧပြီ ၈**

အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးမှုကို မူလက သတ်မှတ်ထားသည့်အတိုင်း လာမည့် ဩဂုတ်လမတိုင်မီ ပြီးစီးနိုင်မည်ဟု တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ NCCT အဖွဲ့ဝင် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောသည်။

အပစ်ရပ်မူကြမ်းတစ်ခုတည်း ရေးဆွဲရန် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲကို ဧပြီ ၅ ရက်မှ စတင်၍ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန MPC တွင် စတင်ဆွေးနွေးခဲ့ပြီးနောက် ဆုံးရက်ဖြစ်သည့် ဧပြီ ၈ ရက် ဆွေးနွေးပွဲအပြီး ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက မီဒီယာသမားများနှင့်တွေ့ဆုံစဉ် မဇ္ဈိမ၏မေးမြန်းမှုကို ဖြေကြားလိုက်ခြင်းဖြစ်သည်။

"ကျွန်တော့်အမြင်က ပြန်ဆုံရင် မူကြမ်းပြီးမယ်။ ရှစ်လပိုင်းအထိ စောင့်ဖို့မလိုတော့ဘူးထင်တယ်။ မေလ ဇွန်လလောက်မှာ လက်မှတ်ထိုးနိုင်ပါမယ်" ဟု ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ဆိုသည်။

အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ လေးရက်ကြာဆွေးနွေးပွဲအပြီးတွင် အပစ်ရပ်ရေးအတွက် မူကြမ်းတစ်ခုတည်း Single Text ပထမမူကြမ်းကို ရေးဆွဲနိုင်ခဲ့ပြီး လာမည့် မေလ ပထမအပတ်တွင် ထပ်မံဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။ နောက်တစ်ကြိမ်တွေ့ဆုံရာတွင် မူကြမ်းကို ထပ်မံရေးဆွဲမည်ဖြစ်ပြီး တစ်ကြိမ်တည်းနှင့် အပြီးလုပ်ဆောင်နိုင်ရန် အချိန်ယူ၍ နှစ်ပတ်၊ သုံးပတ်ခန့် ဆွေးနွေးသွားမည်ဟုလည်း ဆိုသည်။

လေးရက်ကြာ ဆွေးနွေးမှုပိုင်းနှင့် ပတ်သက်ပြီး တပ်မတော်ဘက်မှ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက "တစ်ဦးကိုတစ်ဦး ပွင့်ပွင့်လင်းလင်းနဲ့ ပိုဆွေးနွေးလာနိုင်တယ်။ ကျွန်တော်တို့ မျှော်မှန်းထားတဲ့အတိုင်းပဲ ငြိမ်းချမ်းရေးကို မလွဲမသွေရမှာပါ" ဟု ပြောသည်။

မူကြမ်းတစ်ခုတည်း ရေးဆွဲရာတွင် ညှိနှိုင်းရမည့် စကားလုံးအသုံးအနှုန်းများ ရှိနေပြီး ယင်းတို့ကို နှစ်ဖက်ခေါင်းဆောင်များထံ တင်ပြမည်ဖြစ်ကာ လက်ရှိညှိနှိုင်းရမည့် စကားလုံးများမှာ ဖက်ဒရယ်၊ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ဖြစ်ပြီး ယင်းစကားလုံးများနှင့်ပတ်သက်၍ မေလ အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးမည်ဖြစ်သည်။

"အခြေခံမူမှာ ညှိနှိုင်းရခက်တာ ရှိတယ်။ သူတို့အနေနဲ့က ကျွန်တော်တို့သုံးတဲ့ စကားလုံးအချို့ကို ပြန်စဉ်းစားဖို့ တင်ပြတာရှိတယ်။ ဥပမာအားဖြင့် တော်လှန်ရေးဆိုတဲ့ စကားလုံး။ ဖက်ဒရယ်ဆိုတဲ့ စကားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ စကားလုံးတွေ ညှိနှိုင်းဖို့ ပြောတယ်။ ကျွန်တော်တို့က ပြန်လည် ရှင်းပြတယ်" ဟု ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ဆိုသည်။

လေးရက်ကြာ ဆွေးနွေးပွဲတွင် စစ်တပ်ဘက်မှ ဝင်ရောက်ဆွေးနွေးမှုများကိုလည်း အားရ ကျေနပ်မှုရှိသည်ဟုလည်းဆိုသည်။

အပစ်ရပ်မူကြမ်းတစ်ခုတည်းအတွက် မေလအတွင်း အပြီးဆွေးနွေးပြီးပါက တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးမည်ဖြစ်ကာ နောက်ပိုင်းတွင် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

လေးရက်ကြာဆွေးနွေးပွဲသို့ သီးခြားဖိတ်ကြားထားသော အဖွဲ့ငါးဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၊ အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်၊ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီနှင့် ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော်တို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။ ■

## ယနေ့မိုးလေဝသခန့်မှန်းချက်

ဧပြီလ ၉ ရက် (ဗုဒ္ဓဟူးနေ့)
မိုးဇလမှကူးယူဖော်ပြသည်။

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ကချင်ပြည်နယ် | ၂၉-၁၉ | |
| ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၂၉-၁၆ | |
| ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၃၁-၁၆ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ရှမ်းပြည်နယ် (တောင်ပိုင်း) | ၂၇-၁၅ | |
| ချင်းပြည်နယ် | ၂၇-၁၄ | |
| စစ်ကိုင်းတိုင်း(အထက်ပိုင်း) | ၃၅-၂၀ | |
| စစ်ကိုင်းတိုင်း(အောက်ပိုင်း) | ၃၆-၂၄ | |
| မန္တလေးတိုင်း | ၃၅-၂၂ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| နေပြည်တော် | ၃၆-၂၂ | |
| မကွေးတိုင်း | ၃၉-၂၂ | |
| ရခိုင်ပြည်နယ် | ၃၄-၂၂ | |
| ပဲခူးတိုင်း | ၃၇-၂၂ | |
| ရန်ကုန်တိုင်း | ၃၇-၂၄ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ဧရာဝတီတိုင်း | ၃၆-၂၃ | |
| ကယားပြည်နယ် | ၃၄-၂၂ | |
| ကရင်ပြည်နယ် | ၃၇-၂၃ | |
| မွန်ပြည်နယ် | ၃၄-၂၃ | |
| တနင်္သာရီတိုင်း | ၃၄-၂၄ | |

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင် · နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင် · တိမ်အသင့်အတင့်ဖြစ်ထွန်း · အများအားဖြင့်သာယာမည် · တိမ်ထူ၍ မိုးအုံ့မည် · တိမ်ထူထပ်မည်

# STAR CITY

Thanlyin

## မြန်မာနှစ်သစ်ကူး အချိန်အခါသမယတွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။






မြန်မာနိုင်ငံ၏ နိုင်ငံတကာအဆင့်မီမြို့ပြအိမ်ရာစီမံကိန်းအဖြစ် ရန်ကုန်မြို့ တစ်ဖက်ကမ်း သန်လျင်မြို့နယ်တွင် တည်ရှိကာ စိမ်းလန်းစိုပြေသောအဆင့်မြင့် လူနေမှုပတ်ဝန်းကျင်ကိုအကောင်အထည် ဖေါ်တည်ဆောက်လျှက်ရှိပါသည်။

STAR*CITY ကြယ်စင်မြို့တော်တွင် သဘာဝအလှအပများကို ခံစားရင်း သာယာလှပသောပဲခူးမြစ်ပြင်ကျယ်ရှုခင်း၊ အေးချမ်းဆိတ်ငြိမ်သောပတ်ဝန်းကျင်၊ စိမ်းလန်းစိုပြေသော ဂေါက်ကွင်း၊ခမ်းနားသပ္ပါယ်လှသော ရွှေတိဂုံစေတီတော်နှင့် နေဝင်ဆည်းဆာအလှများကို မြင်တွေ့ခံစားနိုင်သော ပန်းခြံပါဝင်သည့် အခန်းဖွဲ့စည်းမှု၊ နှစ်ထပ်အိမ်ပုံစံ အခန်းဖွဲ့စည်းမှုများ စသည့်အခန်းကောင်း များစွာပါရှိပါသည်။

**ဧပြီလ – ၁၈ရက် (နှစ်ဆန်း ၂ ရက်) နေ့ တွင်**
**အရောင်းခန်းမပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝမ်းမြောက်စွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။**

**Yangon Sales Gallery**
Kyaik Khauk Pagoda Road,
Thanlyin Township.
Tel: 056 - 23150~3 Ext: 112/119/118
E-mail: scmarketing@spa.com.mm
**Hotline. 09 7311 9511**

**Singapore Sales Gallery**
111 North Bridge Road
#04-39 Peninsula Plaza
S179098
Sales Office: +65 6338 0900
**Sales Hotline: +65 9673 6731**
E-mail: starcitysingapore@gmail.com

**www.starcityyangon.com**

A Quality Project of
YOMA STRATEGIC HOLDINGS
FMI

mizzima Daily
www.mizzima.com,
www.mizzimaburmese.com,
www.mzineplus.com

**အမှုဆောင်အရာရှိချုပ်** ဆန်နီဆွေ
**အထွေထွေမန်နေဂျာ** ဝေလင်း
**အယ်ဒီတာချုပ်** စိုးမြင့်
**တာဝန်ခံအယ်ဒီတာ (အင်္ဂလိပ်)** ဂျက်ဖရီဂေ့ါဒတ်
**တာဝန်ခံအယ်ဒီတာ (မြန်မာ)** မျိုးသန့်
**ရုပ်သံတာဝန်ခံ** ရဲမင်း
**အတိုင်ပင်ခံအယ်ဒီတာ**
**(ကျား/မရေးရာနှင့် မတူကွဲပြားမှု)** သင်းသင်းအောင်
**အတိုင်ပင်ခံ အယ်ဒီတာ** ဂျူလီယန် ဂဲရင်း
ခရစ္စတိုဖာ ရှီရား
**အယ်ဒီတာများ** မြင့်စိုး၊ ကိုကိုအောင်၊
လင်းကိုကိုထက်၊ ငြိမ်းဝေ၊ ဖြူဖြူဇင်၊ တင်ဇာအောင်၊ တည်ကြည်အေး၊
ဝေမာသိမ့်၊ သဲနှင်းအေး၊ စုမြတ်ဝေ၊ ဝင်းကိုကိုလတ်၊ နီနီမြင့်၊
မြတ်ကျော်သူ၊ ဘုန်းနေလ၊ ညဏ်လှိုင်လင်း၊ သိင်္ဂီထွန်း
**ဓာတ်ပုံအယ်ဒီတာ** ဟောင်ဆာ(ရာမည)
**လက်ထောက်အယ်ဒီတာများ** ရဲရင့်ဌေး၊ ဇေယျာဖြိုး
**သတင်းထောက်များ**
ထင်လင်းအောင်၊ နန်းမြင့်သင်းသင်းဟိန်း၊ ဇော်ဇော်ထွေး၊
ပန်းမြတ်ဇော်၊ မင်းမင်း၊ ကေဇင်ဦး၊ သီဟကိုကို ၊ စ,ချိုကိုကို၊ ယုဝေ၊
နန်းလွင်နှင်းပွင့်၊ အေးမြင့်စန်း၊ ဖိုးစိုးသူ၊ သီဟဇော်၊ ချစ်ကိုကို၊ မိုးသူ၊
ကြယ်ပြာ၊ ခင်မြတ်မြတ်ဝေ၊ ဖနိဒါ၊ ကိုကိုကြီး၊ ဟိန်းကိုစိုး၊
ရွှေရည်ဝင်းထက်၊ အေးအေးကျော်၊ မေနှင်းကြည်
**နယ်သတင်းထောက်များ**
ကွန်းချမ်း၊ ဟသ်ာနီ(မွန်မြေ)၊ ရေခဲ(ပြည်)၊ ဂျွန်ချစ်ငြိမ်း၊
တိုးကြီး(မုံရွာ) ၊ ဝိုင်းအောင်
**သုတေသနနှင့်ဖွံ့ဖြိုးရေး၊ဥပဒေအကြံပေး** ဦးသန်းထိုက်
**ဘာသာပြန်** ဦးကိုကို (ဌာနမှူး)
ဗိုလ်မှူးကြီးလှမိုး(ငြိမ်း)၊ ဦးတင်ဦး(ကျူရှင်)၊ ကောင်းကင်ကို၊ ညိုထွန်း၊
အောင်မင်း၊ ဆုလာဘ်ရတနာ၊ ခိုင်ခိုင်ဝင်း၊ စောရည်မွန်၊ ဖြိုးဝင်းကိုကို
**ဓာတ်ပုံ** ရန်နောင်ဘို
ဟိန်းထက်ဌေးဝင်း၊ ငြိမ်သစ်ညီ
**ရုပ်သံသတင်းထောက်** အောင်သူရ
**ရုပ်သံကင်မရာ** စည်သူအောင်
**ရုပ်သံအထူးပြုလုပ်ချက်** နေလင်းထက်
**စာပြင်ဆရာ** လေပြေသုန်၊
ဖြိုးဝေလင်း
**ထုတ်လုပ်ရေးမန်နေဂျာ** အောင်ကျော်ဦး
**အကြီးတန်းစာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** ထွန်းမင်းစိုး
**စာမျက်နှာဖွဲ့စည်းမှုအဖွဲ့** ကျော်ကျော်ထွန်း
ကျော်ဇင်ဦး၊ နိုင်နိုင်အေး၊ဝါဝါလွင်၊ မြသန္တာ၊ မဟော်၊ ကျော်လင်းဦး
**ဈေးကွက်နှင့် ကြော်ငြာအရောင်းဒါရိုက်တာ** ခင်သန္တာဌေး
**ဈေးကွက်နှင့် ကြော်ငြာအရောင်းမန်နေဂျာ** ပြည့်ဖြိုးအောင်၊
မျိုးသီတာ
**ဈေးကွက်နှင့် ကြော်ငြာအရောင်းလက်ထောက်** အိခိုင်ဇာ၊
ဟန်သီအောင်၊ ဇင်မျိုးအေး
**ဖြန့်ချိရေး မန်နေဂျာ** ရဲလင်းဌေး
**ဝန်ထမ်းရေးရာဌာနမန်နေဂျာ** နန်းမေစီကျော်
**အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုမန်နေဂျာများ** အဟောင်း
စောရွှေလင်း
**ပုံနှိပ်ဌာနမှူး** ဌေးမောင်
**ငွေစာရင်းအရာရှိ** သဇင်နီ
**စာရင်းကိုင်** ကေသွယ်အောင်၊
ပပထွန်း
**ပြင်ပဆက်သွယ်ရေး** ဖူးပွင့်ဝေ
**နေပြည်တော် ရုံးခွဲတာဝန်ခံ** စိုးသန်းလင်း
**သတင်းထောက်များ** မြတ်သူရဦး၊ အောင်သူရထွန်း
**မန္တလေး ရုံးခွဲတာဝန်ခံ** ရွှေစင်ခိုင်
**သတင်းထောက်များ** အောင်ကိုဦး၊ ဖြိုး၊
မျိုးသန့်
**စီမံ/ဝန်ထမ်းရေးရာမန်နေဂျာ** သွေးသွေးတင်
**ဈေးကွက်နှင့်ကြော်ငြာအရောင်းလက်ထောက်** သက်ဝါဝါဆွေ
**ဖြန့်ချိရေးတာဝန်ခံ (မန္တလေး)** ရဲထွန်းနိုင်
**ထုတ်ဝေသူ** ဦးမြတ်ဆွေ
(ယာယီမှတ်ပုံတင်အမှတ် ၂၁၅၃)
**ပုံနှိပ်သူ** ဒေါ်စုစုစိုးညွန့်(မှတ်ပုံတင်အမှတ်-၁၂၂၃၁)
7 Day ပုံနှိပ်တိုက်၊ အမှတ်-၂၈၉/၂၉၁၊ စက်မှုဇုန်လမ်းမကြီးနှင့်
မကွေးလမ်းထောင့်၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်။
**ဆက်သွယ်ရန် - မဇ္ဈိမ မီဒီယာ ဂရု(ပ်)**
အခန်းအမှတ် ၄၀၇ ၊ ၄လွှာ၊ ပုလဲ ကွန်ဒို၊ (စီ)ဆောင်
ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။ ရန်ကုန် ၁၁၂၀၁၊ မြန်မာ။
အီးမေးလ် mizzima@mizzima.com
ဈေးကွက်နှင့် ကြော်ငြာအရောင်းဌာန
adsales@mizzima.com
မိုဘိုင်းလ် + ၉၅- ၉ ၄၂၀၁၀ ၁၁၁၊ ဖုန်း + ၉၅-၁- ၅၅၈၆၇၅
**မန္တလေးရုံးခွဲ** – အမှတ်(၂၇၃)၊ ၇၆ လမ်း၊ ၃၂လမ်း နှင့် ၃၃ လမ်းကြား၊
မောရဂီဝါရပ်၊ ချမ်းအေးသာစံ၊ မန္တလေးမြို့။ ဖုန်း - ဝ၂-၃၆၈၃၅
**နေပြည်တော်ရုံးခွဲ** – အမှတ်(ပ/၇၀)၊ သပြေကုန်းပွဲရုံတန်း၊ ဇမ္ဗူ
သီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၆၇-၄၃၂၀၅၅

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းနေမှုကြောင့် ရေယာဉ်လမ်းကြောင်း ပြောင်းဖော်

■ ကိုတိုးကြီး
**မုံရွာ၊ ဧပြီ ၈**

ချင်းတွင်းမြစ်ကြောင်းအတွင်း ရေကျချိန် ရေယာဉ်ကြီးများ သွားလာရေး အခက်အခဲရှိလာသည့်အတွက် သောင်တူးစက်များဖြင့် ဧပြီလ၇ ရက်မှ စတင်ကာ ရေလမ်းကြောင်းပြောင်းလဲဖော်ဆောင်နေသည်ဟု တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးမှုတိုးတက်ရေးဌာနမှ ဌာနမှူး ဦးတင့်လွင်က ပြောကြားသည်။

မိုးလေးဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စိစစ်တိုင်းထွာချက်များအရ လက်ရှိတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့အနီးတွင် ၅၉ စင်တီမီတာ(၂၃ ဒသမ ၄ လက်မခန့်) ရေအမှတ်တွင် တည်ရှိနေရာ အဆိုပါ ရေအမှတ်သည် မုံရွာမြို့၏ ရေမျက်နှာပြင်အနိမ့်ဆုံး ရေအမှတ်အောက် ၁ ပေနှင့် ၈ လက်မခန့် အောက်ရောက်ရှိနေခြင်းဖြစ်ပြီး ရေယာဉ်ကြီးများ ခုတ်မောင်းသွားလာရန် ခက်ခဲနေသည်ဟုဆိုသည်။

"ချင်းတွင်းမြစ်ကူးတံတားရဲ့အောက်ဘက်နဲ့ မုံရွာဆိပ်ကမ်းအကြား ကျောက်မျက်ကျေးရွာအနီးမှာ ရေလမ်းကြောင်းများ ပြောင်းလဲဖောက်လုပ်ပေးနေခြင်းဖြစ်တယ်"ဟု ဦးတင့်လွင်က ပြောသည်။

ရေလမ်းကြောင်းများ ပြောင်းလဲဖောက်လုပ်နိုင်ရန်အတွက်လည်း ယခုလ၇ရက်၊ မနက်၅နာရီ မွန်းလွဲ ၂ နာရီအချိန်ထိ ရေယာဉ်ပြေးဆွဲခွင့်များ ခေတ္တရပ်ဆိုင်းထားရကြောင်း ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

ဧပြီလ၇ရက်တွင် ချင်းတွင်းမြစ်ကြောင်း၏ အနိမ့်ဆုံး ရေအမှတ်များအဖြစ် ချင်းတွင်းမြစ်ပေါက် (ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံးသည့်နေရာ)မှ မုံရွာမြို့အထိ ၃ ပေ၊ မုံရွာမှ ကလေးဝအထိ ၃ ပေ ၃ လက်မ၊ ကလေးဝမှ ဟုမ္မလင်းအထိ ၃ပေ၊ ဟုမ္မလင်းမှ ခန္တီးအထိ ၂ပေ ၆လက်မဟုဆိုကာ အနိမ့်ဆုံးရေအမှတ်များ သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ ချင်းတွင်းမြစ်ရေသည် ၎င်းရေအမှတ်များ၏အောက် ၁ ပေနှင့် ၈ လက်မခန့်သို့ ရောက်ရှိနေခြင်းဖြစ်သည်ဟု သိရသည်။

အနိမ့်ဆုံး သတ်မှတ်ရေအမှတ်များအောက်သို့ ချင်းတွင်းမြစ်ရေကျဆင်းနေရခြင်းသည် ကုန်းတွင်း ပိတ်ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများမှ စွန့်ထုတ်လိုက်သည့် ပစ်စာမြေများမှာ ရေထုတ်မြောင်း(outlet)များမှတဆင့် မြစ်ချောင်းများ ဝင်ရောက်လာသည့်အတွက် ရေမျက်နှာပြင်မြင့်တက်လာပြီး ရေမျက်နှာပြင်ကျယ်ပြန့်ကာ ရေစူးအနက် တိမ်ပါးလာရခြင်းဖြစ်သည်ဟု တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ သုံးသပ်သည်။ ■



မုံရွာမြို့အနီး ချင်းတွင်းမြစ်ကြောင်းတစ်နေရာတွင် သဲသောင်ခုံးတူးဖော်နေသည်ကို ဧပြီ၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–ကိုတိုးကြီး)*

# စက်သုံးဆီအရောင်းဆိုင်ကြီးများရှိ မီးသတ်ဆေးဘူးများ သက်တမ်းလွန်နေ

■ ကိုတိုးကြီး
**မုံရွာ၊ ဧပြီ ၈**

စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ စက်သုံးဆီအရောင်းဆိုင်ကြီးများတွင် တပ်ဆင်ထားသည့် အရေးပေါ် မီးသတ်ဆေးဘူးများသည် အရည်အသွေးမပြည့်မီတော့သည့်အတွက် လုံခြုံစိတ်ချရမှုမရှိတော့ကြောင်း တိုင်းမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ဧပြီလ ၇ ရက်တွင် ပြောသည်။

"စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုက်လံစစ်ဆေးတဲ့အခါမှာ အရည်အသွေးမပြည့်မီတော့တဲ့ သက်တမ်းလွန် မီးသတ်ဆေးဘူးတွေကို တွေ့ရှိခဲ့ရတာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ဓာတုဗေဒမီးသတ်ဆေးဘူးများအတွင်း



ပါရှိသည့် Dry Chemical Powderများ သက်တမ်းကုန်ဆုံးနေပါက မီးလောင်မှုဖြစ်စဉ်များတွင် အောက်ဆီဂျင်ကို ဖြတ်တောက်ကာကွယ်မှု ပေးဆောင်စွမ်းနိုင်မရှိတော့ကြောင်း ဦးမင်းစမ်းအေးကို ဆိုသည်။

စက်သုံးဆီအရောင်းဆိုင်ကြီးများတွင် သိုလှောင်ထားရှိမည့် လောင်စာဆီပမာဏအလိုက် မီးသတ်ဆေးဘူးများ အလုံအလောက်ထားရှိရမည့် အရေအတွက်အား စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း လိုင်စင်စသည့် စည်းကမ်းချက်များ၌ သက်ဆိုင်ရာမှ သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သော်လည်း စက်သုံးဆီအရောင်းဆိုင်ကြီးများမှလုပ်ငန်းခွင်ပေါ့လျော့စွာ သက်တမ်းကုန် မီးသတ်ဆေးဘူးများအား သုံးစွဲနေခြင်းဖြစ်ကြောင်းလည်း စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းတစ်ဦးက ထောက်ပြပြောဆိုသည်။

"မီးသတ်ဆေးဘူးတွေက စက်သုံးဆီ အရောင်းဆိုင်တွေရဲ့ အသက်တစ်ချောင်းဖြစ်တယ်။ မီးသတ်ဆေးဘူးတွေ သက်တမ်းကုန်နေပြီဆိုခဲ့ရင် အဲ့ဒီဆိုင်ရဲ့ သက်တမ်းဟာလည်း ကုန်ဆုံးသွားနိုင်ပါတယ်။ ဒါကို စီးပွားရေးလုပ်ငန်းရှင်တွေက အထူးဂရုပြုအလေးထားသင့်ပါတယ်"ဟု ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်မှ ပြောပြသည်။

စက်သုံးဆီအရောင်းဆိုင်ကြီးများတွင် မီးလောင်မှုစတင်ဖြစ်ပွားလေ့ရှိသော အခြေအနေများတွင် အပူရှိန်လွန်ကဲခြင်း၊ တည်ငြိမ်သဘာဝလျှပ်စစ်နှင့် ပွတ်တိုက်မှုများကြောင့်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာန၏ သုတေသနပြုစိစစ်ချက်များတွင် ဖော်ပြထားသည်။ ■

# မကွေးမြို့၊အင်န်အယ်လ်ဒီလူငယ် ကော်မတီ ၁၅ ဦး ရွေးချယ်

■ ဝိုင်းအောင်
**မကွေး၊ ဧပြီ ၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ မြို့များတွင် လူငယ်ညီလာခံများ ကျင်းပလျက်ရှိရာ မကွေးမြို့နယ် ညီလာခံကို ဧပြီလ ၇ရက်က ကျင်းပခဲ့ပြီး မြို့နယ်လူငယ်ကော်မတီအဖွဲ့ ၁၅ဦး နှင့် အရန်ငါးဦး၊ တိုင်းလူငယ်ညီလာခံ ကိုယ်စားလှယ်သုံးဦးနှင့် ခရိုင်ညီလာခံကိုယ်စားလှယ်၁၀ဦး ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်သည်။

"မကွေးမြို့၊ ဈေးရပ်၊ ပြည်တော်သာလမ်း၊ ရွှေအိမ်တော်ခန်းမတွင် ဧပြီလ ၇ ရက်၊ နံနက် ၁၀နာရီမှ နေ့လယ်၂နာရီအချိန်ခန့်အထိ လူငယ်ညီလာခံ ကျင်းပပြီး၊ ညီလာခံတက်ရောက်လာသူများက မကွေးမြသလွန်ဘုရား၌ အင်န်အယ်ဒီနာယကဦးဝင်းတင်၏ ကျန်းမာရေးအတွက် ဆုတောင်းပွဲပြုလုပ်ခဲ့ကြောင်းလည်း ညီလာခံကျင်းပရေးကော်မရှင် သဘာပတိ ဦးဌေးလွင်က မဇ္ဈိမကို ပြောသည်။

မကွေးမြို့နယ် အင်န်အယ်လ်ဒီ လူငယ်ညီလာခံတွင် လူငယ်အဖွဲ့ဝင် လျှောက်လွှာပေါင်း ၁၉၁ ဦး ရှိခဲ့သော်လည်း တက်ရောက်လာသူ ၆၆ ဦးသာရှိပြီး ၆၂ ဦးက မဲပေးရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ မကွေးမြို့နယ် လူငယ်တာဝန်ခံအဖြစ် ကိုမုန်းအားမာန် နှင့် တွဲဖက်လူငယ်တာဝန်ခံ ကိုမျိုးမင်းဇော်တို့ကို ရွေးချယ်ပေးကြောင်း ညီလာခံကျင်းပရေးကော်မရှင် သဘာပတိ ဦးဌေးလွင်က မဇ္ဈိမကို အတည်ပြုပြောကြားသည်။ ■




ကျွန်တော်များ ဝမင်းကုမ္ပဏီများအုပ်စုမှရောင်းချသော Kubota Johkasou ရေဆိုးသန့်စင်စက်များအား ဝယ်ယူအားပေးခဲ့ကြသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ မိတ်ဟောင်း မိတ်သစ်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ မင်္ဂလာနှစ်သစ်ကူး အခါသမယတွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေကြောင်းနှင့် စီးပွားရေး အလုပ်အကိုင်များ ဆထက်ထမ်းပိုးပွားများပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Kubota Johkasou KZ-5**

(Home Use) မိသားစုသုံး ရေဆိုးသန့်စင်စက်အား မြန်မာနိုင်ငံတွင်းရှိ ဝမင်းကုမ္ပဏီများအုပ်စုပိုင် စက်ရုံတွင် ဈေးနှုန်းချိုသာစွာဖြင့် တပ်ဆင်ထုတ်လုပ်နေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## KUBOTA JOHKASOU

ဆက်သွယ်ရန် – အမှတ်၁၁၆၊ သမိုင်းဘူတာရုံလမ်း၊
(၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၄၄၀၁၈၈၁၁၊ ၄၉၃၁၅၁၆၇
၀၁ ၉၆၆၀၇၇၂၊ ၉၆၆၀၄၁၂
၉၆၆၁၁၃၉




ဝယ်ယူအားပေးခဲ့ကြသော အောက်ပါ ကုမ္ပဏီများအား အထူးကျေးဇူးတင်ရှိပါသည်။

(1) Loi Hein Co., Ltd (Alpine Factory)
(2) Mikko Co., Ltd (New Heaven Hotel – Bagan)
(3) East & West Parami Hospital
(4) Nilar Yoma Construction
(5) Myanma Awba
(6) SPA Project Management (Myanmar) Ltd.
(7) Shwe Ayeyar Nadi Co., Ltd
(8) Thiri Sandar Hospital
(9) Asia Metal Group Co., Ltd
(10) Original Group Co., Ltd
(11) New Ever Best Co., Ltd
(12) Phyu Sin Co., Ltd
(13) JL Construction
(14) Mandalay Golden Wing Co., Ltd
(15) Ayeyar Hinthar Group of Companies
(16) Shwe Zabu Deik Construction Co., Ltd
(17) Bo Min Bo Construction Co., Ltd
(18) Central Group Co., Ltd
(19) Kwe Kabaw Hospital
(20) Thukha Waddy Services Co., Ltd
(21) Bagan Airport Hotel
(22) Shwe Poe Eain
(23) Shwe Kant Kaw Guest House
(24) Thiri Sandar Guest House
(25) Nyaung Oo Hospital
(26) ACE Construction Co., Ltd
(27) Ocean Emerald Pearl Group
(28) D 36 Construction
(29) Asia Myanmar Consortium Development
(30) Capital Development Co., Ltd

# စားကျက်မြေ ဧက ၁၀၀၀ ကျော် ပြန်ရရန် တိုင်းအစိုးရထံ လယ်သမားများ တောင်းဆို

■ စည်သူမောင်မောင်

**ပုသိမ်၊ ဧပြီ ၈**

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်ရှိ ကျုံကနက် ဒီရေကာတောစားကျက်မြေများ ပြန်လည်ရရှိရန် တိုင်းဝန်ကြီးချုပ်ထံ တောင်းဆိုခြင်း အပါအဝင် ပုဒ်မ ၄၄၇၊ ပုဒ်မ ၄၂၇ တို့ဖြင့် တရားရင်ဆိုင်နေသူ လယ်သမား ၄၄ ဦးကိုလည်း အမှုပိတ်သိမ်းပေးရန် ဒေးဒရဲမြို့နယ်မှ လယ်သမား ၃၉ ဦးက ဧပြီ ၇ ရက်တွင် ပုသိမ်မြို့ရှိ တိုင်းအစိုးရ အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်တောင်းဆိုလိုက်သည်။

အဆိုပါလယ်သမားများထဲမှ လယ်သမား ရှစ်ဦးသည် တိုင်းဝန်ကြီးချုပ်၊ တိုင်းတရားသူကြီးချုပ်၊ တိုင်းဥပဒေချုပ်၊ တိုင်းမြေစာရင်းဦးစီးဌာန၊ တိုင်းရဲတပ်ဖွဲ့မှူး၊ တိုင်းလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး အပါအဝင် မြို့နယ်ဥပဒေအရာရှိများနှင့် တိုင်းအစိုးရရုံးတွင် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့သည်ဟု ကျုံကနက်ရွာနေ ဦးချိုလွင်ကပြောသည်။

"ဒီရေကာတောနဲ့ စားကျက်မြေများမှာ တိုင်းအစိုးရကလည်း သစ်ပင်တွေ စိုက်ပျိုးမယ်။ ဒေသခံများကလည်း အပင်များ စိုက်ပျိုးလုပ်ကိုင်မယ်"ဟု ဧရာဝတီတိုင်းဝန်ကြီးချုပ် ဦးသိန်းအောင်က ပြောဆိုထားကြောင်း ၎င်းက ဆက်ပြောသည်။

စားကျက်မြေဧက ၂၀၀၀ ကျော်တွင် ဒေးဒရဲမြို့နယ်၊ လေးရွာ၊ ကျုံဒါး၊ မရမ်းကျွန်း၊ ရေတွင်းကုန်းနှင့်သံတိတ် ကျေးရွာများမှ တောင်သူလယ်သမားများက ၁၉၉၃ ခုနှစ်တွင် ဝင်ရောက်ခုတ်ထွင်ရှင်းလင်းကာ လယ်စိုက်ပျိုးလုပ်ကိုင်ခဲ့သော်လည်း လယ်ယာမှတ်ပုံတင်များကိုမူ မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးထားခြင်းမရှိဟု စားကျက်မြေအဖြစ်တောင်းဆိုသူ လယ်သမားများက ထောက်ပြပြောဆိုသည်။

လက်ရှိတွင် လယ်ဧက ၁,၀၀၀ ကျော်အတွင်း လယ်သမား ၈၀ ကျော်က စိုက်ပျိုးလုပ်ကိုင်နေပြီး လယ်တစ်ဧကလျှင် ကျပ်၁၀ သိန်းဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်နေကြောင်းလည်း ဒေသခံများကပြောသည်။

ဒေးဒရဲ၊ ကျုံကနက် ကျေးရွာသားများ တရားစွဲဆိုခံထားရသည့် ပုဒ်မ ၄၄၇၊ပုဒ်မ ၄၂၇ အား ဖျက်သိမ်းပေးရန်နှင့် စားကျက်မြေ ပြန်ထားရန် တောင်းဆိုခဲ့သည့်အပေါ် တိုင်းအစိုးရတာဝန်ရှိသူများက ဥပဒေကြောင်းအရ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စားကျက်မြေများ ပြန်လည်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်းလည်း တုံ့ပြန်ပြောဆိုလိုက်ကြောင်း လာရောက်ညှိနှိုင်းသူ လယ်သမားများက ပြောသည်။

"ကျွန်မတို့က လေးလပိုင်းအကုန်အထိတော့ စောင့်နေမယ်။ မလုပ်ရင် ကျွန်မတို့ ကျေးရွာ ၄၇ ရွာ လူထုအားနဲ့ သစ်ပင်တွေ ဝင်စိုက်မယ်။ အခု တိုင်းအစိုးရ ဖြေကြားမှုကိုတော့ လက်ခံပါတယ်။ တကယ်လုပ်ပေးဖို့တော့ လိုတယ်"ဟု ကျုံကနက်ကျေးရွာမှ ဒေါ်စိုးစိုးက မဇ္ဈိမသို့ ပြောသည်။

ဒေးဒရဲမြို့နယ်၊ တော်ကနိကျေးရွာအုပ်စု ညောင်လိန်ကုန်းကျုံဒါတ် ကျေးရွာအုပ်စုအတွင်းရှိ ဒီရေကာတော စားကျက်မြေ ၂,၀၈၄ ဧကအား ကျေးရွာ ၄၇ ရွာမှ ပြည်သူများနှင့် ကျွဲနွားများ မှီခိုအားထားနေရာတွင် ၁၉၉၃ နှစ်မှစပြီး လယ်ယာမြေများအဖြစ် လုပ်ကိုင်ခဲ့ကြသည်။ ■

# အမျိုးသားဒီမိုကရေစီ အင်အားစု ခေါင်းဆောင် ဒေါက်တာသန်းငြိမ်း အိန္ဒိယတွင် ဆေးကုသမှုခံယူ

■ ရွှေရည်ဝင်းထက်

**ရန်ကုန်၊ ဧပြီ ၈**

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ခေါင်းဆောင် ဒေါက်တာသန်းငြိမ်းသည် အသည်းကင်ဆာရောဂါ ခံစားနေရသောကြောင့် အသည်းအစားထိုးကုသနိုင်ရန် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ ဧပြီ ၅ ရက်တွင် ထွက်ခွာသွားသည်ဟု ၎င်း၏ညီဖြစ်သူ ဦးကြည်သန်းက မဇ္ဈိမကို အတည်ပြုပြောသည်။

"ဒေါက်တာသန်းငြိမ်းကို နယူးဒေလီမှာ အသည်းရောဂါနဲ့ပတ်သက်ပြီး အစားထိုး ကုသဖို့ ထွက်ခွာသွားတာပါ။ သူက အရင်ထောင်ထဲမှာထဲက အသည်းကင်ဆာရောဂါဖြစ်လာတာ။ စင်ကာပူမှာ နှစ်ကြိမ်ခွဲစိတ်ကုသဖူးတယ်။နောက်ပိုင်းမှာလည်း အသည်းရောဂါနဲ့ပတ်သက်ပြီး အကြိမ်ကြိမ်ကုသဖူးပါတယ်"ဟုပြောသည်။

ဒေါက်တာသန်းငြိမ်းသည် ဆရာဝန်တစ်ဦးဖြစ်ပြီး တာဝန်ထမ်းဆောင်ခဲ့ချိန်မှစ၍ နယ်မြို့များတွင် တာဝန်ထမ်းဆောင်ခဲ့ကာ လူနာများကို မိမိကိုယ်တိုင် ခွဲစိတ်ကုသပေးခဲ့ရာ လူနာများမှတစ်ဆင့် အသည်းရောင်အသားဝါ ဘီပိုးကို စတင်ရရှိခဲ့ခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ ထောင်ကျချိန်တွင် ဒေါက်တာသန်းငြိမ်းလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး ၂၀၀၈ ခုနှစ် ထောင်မှလွတ်မြောက်လာချိန်တွင် ၎င်း၏ ရောဂါမှာ ဆိုးရွားလာခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

အင်န်ဒီအက်ဖ်ပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက "ပြီးခဲ့တဲ့လတုန်းက အင်ဒိုနီးရှားမှာ ဆေးစစ်ခဲ့တယ်။ အခုက ဧပြီလ ငါးရက်တုန်းက အိန္ဒိယမှာ အသည်းအစားထိုးဖို့ ဆေးစစ်မယ်။ သူ့ခန္ဓာကိုယ်က လက်ခံမယ်ဆိုရင် သူ့ရဲ့သားသမီးတွေက အသည်းအစားထိုးဖို့ အဆင်သင့်ပါ"ဟုပြောသည်။

ဒေါက်တာသန်းငြိမ်းသည် အသက် ၇၅ နှစ်ရှိပြီဖြစ်ပြီး အမျိုးသားဒီမိုကရေစီအင်အားစုပါတီ တည်ထောင်ချိန်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ လက်ရှိတွင် ပါတီဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဆွေက တာဝန်ယူထားသည်။ ■




စင်္ကာပူ DBS Bank မှ မြန်မာနိုင်ငံ AYA Bank သို့ online တွင် click တစ်ချက်နှိပ်ရုံဖြင့် ငွေလွှဲပေးပို့နိုင်ပါပြီ။

မည်သည့်နေရာရောက်ရောက် ၊မည်သည့်အချိန်တွင်ဖြစ်စေ DBS Bank ငွေစာရင်းမှ AYA Bank ငွေစာရင်းသို့
DBS ၏ Internet Banking မှတဆင့် Bill Payment Service ကို အသုံးပြု၍
တိုက်ရိုက်ငွေလွှဲပို့နိုင်ပြီ ဖြစ်ပါသည်။

ခေတ်မှီဆန်းသစ်သော ငွေလွှဲစနစ်ဖြင့် လျင်မြန် စိတ်ချ အဆင်ပြေစွာဖြင့် သင် နှင့် သင့်မိသားစု အတွက် အမြန်ဆုံးရွေးချယ်လိုက်ပါ။

No.149,Bo Aung Kyaw St.,Best Merchant Rd.
Mahabandoola Rd., Kyauktada Township,
Yangon, Myanmar

Contact us at : +95 1 392462
ibinfo@ayabank.com.mm

www.ayabank.com
www.facebook.com/AyeyarwadyBank

THE GLOBAL COMPACT WE SUPPORT
WORLD FINANCE BANKING AWARDS 2013

# ပန်းလှိုင်ဂေါက်ကွင်း မူလမြေပိုင်ရှင် ဆိုသူများက အစိုးရထံ နစ်နာကြေးတောင်း

■ နန်းမြင့်
**ရန်ကုန်၊ ဧပြီ ၈**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း မြေနေရာမူလပိုင်ရှင်ဟု ဆိုသူများက မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနထံမှ ၎င်းတို့၏ မြေများကို ပြန်ရလိုပြီး ပြန်မရပါက နစ်နာကြေးရလိုသည်ဟု မြေနေရာတောင်းဆိုသည့်အဖွဲ့က ဧပြီ ၈ ရက်တွင် မဇ္ဈိမကို ပြောသည်။

တောင်းဆိုသူများ၏ ပြောဆိုချက်များအရ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက လှိုင်သာယာ မြို့နယ်ရှိ လယ်ကွင်းအမှတ် ၈၃၀၊ ၈၃၁ နှင့် ၈၃၂ တို့ကို ၁၉၉၄ ခုနှစ်တွင် သိမ်းဆည်းခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ယင်းမြေများကို အစိုးရက ပုဂ္ဂလိကသို့ရောင်းလိုက်ရာ လယ်သမားများ၏ မြေ ၆၅၂ ဧက ပါဝင်ခဲ့သည့်အတွက် လယ်သမားများမှ နစ်နာကြေး လယ်ယာမြေမရပါက ယခု အဆိုပါနေရာတွင်တည်ရှိနေသည့် ပန်းလှိုင်ဂေါက်ကွင်းမြေ ရောင်းဈေးအတိုင်း ပြန်ပေးရန် တောင်းဆိုနေခြင်းဖြစ်သည်။

လယ်ကွင်းအမှတ် ၈၃၂ မှ လယ်သမား ဦးတင်လှိုင်က "အဲဒီအချိန်တုန်းက အိမ်၊ လယ်တွေ သိမ်းခဲ့တယ်။ ပန်းလှိုင်ဂေါက်ကွင်းမှာ ညောင်ရွာ၊ ဒိုင်စုက လယ်မြေတွေ ရှိသလို၊ ရွာမြေတွေလည်း ပါတယ်"ဟု ဆိုသည်။

ယင်းမြေသိမ်းခံရခြင်းနှင့်ပတ်သက်ပြီး လယ်သမား ၈၀ ဦး၏ လက်မှတ်များဖြင့် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေးကော်မရှင်ထံ တင်ပြခဲ့ကြသည်။ ကော်မရှင်မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ပန်းလှိုင်ဂေါက်ကွင်းကို စစ်ဆေးခဲ့သော်လည်း ထူးခြားမှုမရှိခဲ့ပေ။

ယခုဖြစ်ပွားနေသည့် ပြဿနာများအပေါ် Serge Pun and Associates (Myanmar) Ltd မှ ဒါရိုက်တာ ဦးထွန်းထွန်းက "လယ်မြေဆုံးရှုံးတယ်ဆိုတဲ့သူတွေဟာ မြေပိုင်ဆိုင်မှု တကယ်ရှိခဲ့လို့ရှိရင် သူတို့ကို ကျွန်တော်တို့ ထောက်ခံပါတယ်၊ သက်ဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့လည်း ဒီပြဿနာကို ဖြေရှင်းတဲ့နေရာမှာ အကူအညီတွေလိုရင်ပေးဖို့ အဆင်သင့်ပါပဲ"ဟု ဆိုသည်။

အဆိုပါကုမ္ပဏီအနေနှင့် ပန်းလှိုင်ဂေါက်ကွင်းမြေနေရာကို အစိုးရဆီမှ တစ်ဆင့်ယူကာ လုပ်ဆောင်ခဲ့ခြင်းဟုဆိုပြီး ယခုတောင်းဆိုနေမှုများသည် တစ်ချိန်က ပိုင်ဆိုင်ခဲ့သူသာလျှင် သက်ဆိုင်သည်ဟု ကုမ္ပဏီဘက်မှ တုံ့ပြန်သည်။

အိုးအိမ်က ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ လယ်ကွင်းအမှတ် ၃၈၁ နှင့် ၃၈၂ မှ လယ်သမား ၅၆ ဦးကိုသာ လယ်မြေပိုင်ဆိုင်မှု အထောက်အထားများကို တရားဝင်စစ်ဆေးသွားခဲ့သည်ဟု တောင်းဆိုနေသူများက ဆိုသည်။

"အိုးအိမ်က ကွင်းအမှတ် ၃၈၀ မှာပါတဲ့ လယ်သမား ၂၀ ဦးကို စစ်ဖို့အပေါ်က ညွှန်ကြားချက်မပါဘူးဟု ပြောတယ်"ဟု မူလမြေပိုင်ရှင်ဟုဆိုသူ ဦးတင်လှိုင်က ပြောသည်။ ကော်မရှင်က အိုးအိမ်၊ ကုမ္ပဏီနှင့် လယ်သမားများ အကြိမ်ကြိမ်တွေ့ဆုံပြီး ညှိနှိုင်းပေးခဲ့သော်လည်း ထူးခြားမှုမရှိခဲ့ဘဲ လက်ရှိတွင်လည်း ဆွေးနွေးနေဆဲဖြစ်သည်။ ■

# HIV ဖြင့် အသက်ရှင်နေထိုင်သူ ကလေးငယ် ၆၀ ကျော် အတွက် ယူနီဆက်ဖ်က ဆေးဝါးပံ့ပိုးမည်

■ ဇာနည်အောင်
**ရန်ကုန်၊ ဧပြီ ၈**

ရတနာ့မေတ္တာအဖွဲ့မှ ART ဆေးဖြင့် ကုသပေးလျက်ရှိသည့် HIV ဖြင့်အသက်ရှင်နေထိုင်သူ ၂,၄၀၀ ကျော်တွင် HIV ဝေဒနာခံစားနေရသည့် ကလေးငယ် ၆၀ ကျော်အား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က မေလတွင် ဆေးဝါးများ စတင် ပံ့ပိုးပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်ဟု ရတနာ့မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဧပြီ ၈ ရက်တွင် မဇ္ဈိမကို ပြောသည်။

ရတနာ့မေတ္တာအဖွဲ့ ဆေးကုသခန်းသို့ HIV ဖြင့် အသက်ရှင်နေထိုင်သူ တစ်ရက်လျှင် ၇၁ ဦးလာရောက်ကုသ လျက်ရှိကာ လူနာတစ်ဦးလျှင် တစ်လစာ ဆေးဖိုး ကျပ် ၃၅,၀၀၀ ကျော် ကုန်ကျလျက် ရှိသည်ဟု ဆိုသည်။

"လူကြီး၊ ကလေး ခွဲခြားမှုမရှိဘဲ ပံ့ပိုးကူညီပေးမှာဖြစ်ပါတယ်။ ဝေဒနာရှင်တွေဟာ ခွဲခြားဆက်ဆံမှုမျိုး အများဆုံး ကြုံတွေ့ကြရပါတယ်။ အစိုးရကိုယ်တိုင်က ပံ့ပိုးပေးမှု အားနည်းနေပါတယ်။ပြည်တွင်း၊ ပြည်ပက NGO တွေက အကူညီပေးဖို့ကမ်းလှမ်းထားတာရှိပါတယ်"ဟု ဦးမြင့်ဆွေက ပြောသည်။

မြန်မာနိုင်ငံတွင် HIV ဝေဒနာခံစားနေရသူ ၂၄၀,၀၀၀ ဦးကျော်ရှိကာ ကလေးငယ်များ HIV ဝေဒနာခံစားနေရခြင်းမှာ မိခင်ထံမှ ကူးစက်ခြင်းခံရခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ■




*စင်ကာပူ- မြန်မာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းတစ်ခုကို ရန်ကုန်မြို့တွင် ၂၀၁၅ ခုနှစ်ခန့်တွင် ဖွင့်လှစ်သွားရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနေစဉ်။* ***(ဓာတ်ပုံ–အောင်သူရထွန်း)***

# စင်ကာပူ- မြန်မာ အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်း ၂၀၁၅ တွင် ဖွင့်မည်

■ ဝင်းကိုကိုလတ်၊ အောင်သူရထွန်း
**နေပြည်တော်၊ ဧပြီ ၇**

စင်ကာပူ- မြန်မာအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းတစ်ခုကို ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ယခုလ ၇ ရက်က ပြောသည်။

"အခုလိုနားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်တာဟာ နှစ်နိုင်ငံအတွက် မှတ်တိုင်ပဲဖြစ်ပါတယ်"ဟု ဒေါက်တာကိုကိုဦးက နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် ပြောကြားသည်။

လက်မှတ်ရေးထိုးမှုသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပြီး နှစ်နိုင်ငံ၏ တူညီသော ဘုံရည်မှန်းချက်များအတွက် ပို၍နီးကပ်သော ဆက်ဆံရေးများရှိနေသည်ကို ပြသခြင်းဖြစ်သည်ဟုလည်း ဒေါက်တာကိုကိုဦးက ဆိုသည်။

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချွားက စင်ကာပူနှင့် မြန်မာတို့ပူးတွဲအုပ်ချုပ်မည့် အဆိုပါ သင်တန်းကျောင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် အထောက်အပံ့ကောင်း ဖြစ်စေမည့် ဟိုတယ်နှင့် ခရီးသွားလာရေး၊ အီလက်ထရွန်းနစ်ဆိုင်ရာ ကျွမ်းကျင်မှု၊ အဆောက်အအုံနှင့် ဝန်ဆောင်မှုများဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စက်မှုအတတ်ပညာဆိုင်ရာဝန်ဆောင်မှုဟူ၍ သက်မှတ်သင်ကြားပေးသွားမည်ဟု ဆိုသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက "၂၀၁၄ နှစ်ဆန်းကတည်းက ဖွင့်ဖို့ရည်ရွယ်ခဲ့တာပါ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ဟိုဘက်(စင်ကာပူ)က သူတို့ဘတ်ဂျက်နဲ့ မကိုက်ဘူးဆိုတဲ့အခါကျတော့ နောက်ကျ သွားတယ်။ ၂၀၁၅ မှာတော့ သေချာပေါက် ဖွင့်ဖြစ်မှာပါ"ဟု ဆိုသည်။

သင်တန်းတစ်ခုလျှင် အများဆုံး သင်တန်းသား ၆၀ ခန့် သင်တန်းလေးခုအတွက် သင်တန်းသား ၂၄၀ ခန့် ရွေးချယ်မည်ဖြစ်ကာ ဝင်ခွင့်လိုအပ်ချက်များ၊ သင်ရိုးညွှန်းတမ်းများအတွက် နှစ်ဖက်ဆွေးနွေးနေဆဲသာဖြစ်သည်ဟု ၎င်းက ပြောသည်။

"သင်တန်းက ခြောက်လလောက်တော့ ခန့်မှန်းပါတယ်။ တချို့လိုအပ်မယ်ထင်ရင် တစ်နှစ်နီးပါးကြာမှာလည်း ရှိမှာပါ"ဟု ပြောသည်။ သင်တန်းကျောင်းကို ရန်ကုန်မြို့ရှိ စက်မှုအထက်တန်းကျောင်း (နတ်မောက်)ကို ပြင်ဆင်ကာဆောင်ရွက်မည်ဖြစ်ပြီး ဆရာ၊ ဆရာမများကို သင်တန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်း ပံ့ပိုးခြင်းများတို့ကို စင်ကာပူဘက်မှ ပံ့ပိုးပေးမည်ဖြစ်သော်လည်း ငွေကြေးမည်မျှကုန်ကျမည်ကို မပြောနိုင်သေးကြောင်း ၎င်းက ပြောသည်။

စင်ကာပူနိုင်ငံသည် ယခုဖွင့်လှစ်မည့် စင်ကာပူ- မြန်မာအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းအပြင် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အပံ့ဖြစ်စေရန် မြန်မာ-စင်ကာပူ လေ့ကျင့်ရေးသင်တန်းကျောင်းကိုလည်း ၂၀၀၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ■

# တမူးမြို့ နန့်ဖာလုံဈေးအနီး တရုတ်လုပ် လက်ပစ်ဗုံးတွေ့

■ ဗိုးစိုးသူ
**ရန်ကုန်၊ ဧပြီ ၈**

စစ်ကိုင်းတိုင်း တမူးမြို့ရှိ နန့်ဖာလုံဈေးအနီး မြို့မ(၁၃)ရပ်ကွက်တွင် တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးတစ်လုံး ဧပြီ ၇ ရက် နံနက် ၁၁ နာရီခန့်က တွေ့ရှိခဲ့သည်ဟု တမူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့် အောင်က မဇ္ဈိမကို အတည်ပြုပြောကြားသည်။

အဆိုပါဗုံးကို နယ်လှည့်ကင်းအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံထုတ် ၉၁ အမျိုးအစားဖြစ်သည်။ လက်ပစ်ဗုံးသည် စနစ်တံဖြုတ်ဘဲထားခဲ့သောဗုံးဖြစ်ပြီး ပေါက်ကွဲမှုမဖြစ်ခဲ့ဘဲ စစ်တပ်မှ လက်နက်ဆိုင်ရာ ကျွမ်းကျင်သူများက အချိန်မီ တားဆီးထိန်းချုပ်နိုင်ခဲ့သည်ဟု တမူးမြို့နယ်ရဲစခန်းမှ တပ်ကြပ်ကြီး သိန်းဦးက ပြောသည်။

"ပစ်သွားတဲ့ဗုံးကို ဘယ်အဖွဲ့အစည်းတွေကလဲဆိုတာ စုံစမ်းနေတယ်။ လက်ရှိ လုံခြုံရေးကိုတော့ ၂၄ နာရီတာဝန်ယူထားပြီး ဆောင်ရွက်နေတယ်။ လုံခြုံရေးအင်အား ဘယ်လောက် တာဝန်ယူပေးနေတယ်ဆိုတာ ပြောလို့မရဘူး"ဟု ပြောသည်။

တွေ့ရှိထားသည့်လက်ပစ်ဗုံးကို တမူးခရိုင် အမှတ် ၃၄၇ တပ်ရင်းမှ ထိန်းသိမ်းထားပြီး တရားခံဖမ်းမိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးနေဆဲဟု တပ်ကြပ်ကြီးက ဆိုသည်။ တမူးမြို့ စန္ဒာကူးရပ်ကွက်တွင် ယမန်နှစ်ကလည်း လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲရမှ ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ■

# ရေနံ့သာကျေးရွာ ယာမြေဧက ၉၀ ကျော်တွင် ထွန်တုံးတိုက်ပွဲဝင်

■ အောင်ကိုဦး
**မန္တလေး၊ မေ ၈**



သိမ်းဆည်းခံယာမြေဧက ၉၀ ကျော်တွင် ဒေသခံတောင်သူ ၄၀ ကျော်က ဧပြီလ၈ရက်တွင် ထွန်တုံးတိုက်ပွဲဝင်နေစဉ်။ **(ဓာတ်ပုံ-အောင်ကိုဦး)**

မန္တလေးတိုင်း မတ္တရာမြို့နယ် ရေနံ့သာကျေးရွာရှိ ကွင်းအမှတ်-၁၅၃နှင့် ကွင်းအမှတ်-၁၅၄ရှိ ယာမြေဧက၉၀ ကျော်ကို ၁၉၉၁ ခုနှစ်တွင် ကျန်းမာရေး ဝန်ကြီးဌာနက ရေနံ့သာ အနာကြီးရောဂါ ဆေးရုံတိုးချဲ့တည်ဆောက်ရန် သိမ်းယူခဲ့သော်လည်း ယနေ့အချိန်ထိ တည်ဆောက်ခြင်းမရှိဘဲ ဆေးရုံက သီးစားပြန်ချထားနေသဖြင့် အဆိုပါမြေများ ပြန်လည်ရရှိစေရန် မူလပိုင်ရှင် ဒေသခံတောင်သူ ၄၀ ကျော်တို့သည် ဧပြီလ ၈ ရက် နံနက် ၉ နာရီ မှစ၍ ထွန်တုံးတိုက်ပွဲဝင်လျက်ရှိသည်။

"ကိုယ့်မြေကိုယ်ပြန်ယူတာပါ။အခုချိန်ထိ ဆေးရုံမဆောက်ဘဲ ဆေးရုံအုပ်ကြီးက သီးစားချစားနေတယ်။ ဒါကို လုံးဝလက်သင့်မခံဘူး။ ကျွန်တော်တို့တွေသာ ယာမဲ့မြေမဲ့ဖြစ်ပြီး ဆယ်စုနှစ်နှစ်ခုကျော် ဒုက္ခမျိုးစုံကြုံတွေ့ခဲ့ရတယ်။ ကျွန်တော်တို့ဘဝတွေကို ပြန်ကြည့်ပေးသင့်ပါတယ်။

"လုပ်ကိုင်ခွင့်လေး ပြန်ရဖို့ အကြိမ်ကြိမ် ဆေးရုံအုပ်ကြီးစီ သွားပြီး တောင်းခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီမြေတွေက ဆေးရုံကပိုင်တာ ပြန်မပေးနိုင်ဘူးလို့ ပြန်ပြောခဲ့တယ်။ ၂၀၁၃ အောက်တိုဘာ ၂၂ ရက်ကလည်း သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကို စာတင်ပြီး တောင်းဆိုတာ ဘာမှထူးခြားမလာဘူး။ ဒါကြောင့် ယာမြေတွေ ပြန်ရအောင် ထွန်တုံးတိုက်ပွဲဝင်ရတာပါ"ဟု ထွန်တုံးတိုက်ပွဲ ဦးဆောင်သူ ဦးစံတူက မဇ္ဈိမကို ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနက မြေများ သိမ်းယူခဲ့စဉ်က တောင်သူများအား မြေယာလျော်ကြေးမပေးသည့်အပြင် အရေးယူခံခဲ့ရကြောင်း ဒေသခံများက ဆို သည်။

ဆေးရုံတည်ဆောက်ရန်သိမ်းယူခဲ့စဉ်က ယာမြေဧက ၁,၉၄၆ ဧက ရှိပြီး ဆေးရုံတည်ဆောက်သောမြေဧကမှ ၁၀၀ ကျော်သာ ရှိသည်။ ကျန်မြေများအား မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ဂရိတ်ဝေါကုမ္ပဏီနှင့် အကျိုးတူကြံစိုက်ပျိုးရန် သီးစားချထားခဲ့ကြောင်း ဒေသခံတောင်သူ ဦးစံတူက ပြောသည်။

ထိုပိုလျှံနေသော ယာမြေများကို မူလပိုင်ရှင်ထံပြန်ပေးသင့်ကြောင်း၊ ယခုဧက ၉၀ ကျော်ကိုသာ ရေနံ့သာကျေးရွာမှ ထွန်တုံးတိုက်ပွဲဝင် တောင်းဆိုနေသော်လည်း ပိုလျှံယာမြေအားလုံးပြန်လည် ရရှိအောင် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ဘိုးဘွားပိုင် ပိုင်ဆိုင်မှုအထောက်အထားများ ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ မရမချင်း တိုက်ပွဲဝင်သွားမယ်။ ဒီနေ့ ကျွန်တော်တို့ ကျေးရွာပိုင်ဧက ၉၀ ကို သိမ်းယူလိုက်ပါပြီ။ မိုးကျတာနဲ့ ပဲကြဲစိုက်ပျိုးသွားမယ်။ သူတို့ကို အဝင်မခံတော့ဘူး။ မဖြစ်ဖြစ်တဲ့ နည်းနဲ့ကာကွယ်သွားမှာပါ"ဟု ဦးစံတူက ပြောသည်။

ယာမြေသိမ်းယူခံရသော ဒေသခံတောင်သူများသည် မိမိတို့၏ ဘိုးဘွားပိုင်မြေများကို ပြန်လည်သိမ်းယူကာ ဘိုးဘွားပိုင်မြေမကျူးကျော်ရ ဆိုင်းဘုတ်များကို ယာမြေများပေါ်တွင်စိုက်ထူ၍ ယာမြေဧက ၉၀ ကျော်ပေါ်တွင် အလံနီများ လိုက်လံစိုက်ထားပြီး သိမ်းပိုက်လိုက်ကြောင်း ဒေသခံများက ပြောသည်။

ထွန်တုံးတိုက်ပွဲဝင်ခြင်းကို သက်ဆိုင်ရာကို အသိပေးလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယာသိမ်းခံတောင်သူများသည် ယာမြေပေါ်တွင် တဲထိုးကာ နေ့စဉ် ထွန်တုံး တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာက အရေးယူလုပ်ဆောင်ပါက တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ထွန်တုံးတိုက်ပွဲဝင်နေသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ရေနံ့သာအနာကြီးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်သီတာက မဇ္ဈိမကို ပြောသည်။

"တရားသောနည်းနဲ့ တောင်းဆိုလို့ရပါတယ်။ သူတို့ဟာ မှန်ရင် ပြန်ရမှာပေါ့။ အခုဟာက ဆေးရုံပိုင်ဖြစ်နေတယ်။ အဲဒါကြောင့် ဥပဒေအတိုင်းဆောင်ရွက်သွားမှာပါ။

"ပိုလျှံနေတဲ့မြေတွေကို ကျန်မတို့ ဝန်ကြီးဌာနက စွန့်လွှတ်ခိုင်းတာနဲ့ ကျွန်မတို့ စွန့်လွှတ်ပေးသွားဖို့အသင့်ပါ။ ကျွန်မတို့ပိုင်တာလည်း မဟုတ်ဘူး။ ဌာနပိုင်မြေပါ။ ပိုတယ်မပိုဘူးဆိုတာ ကျွန်မ ပြောလို့မရဘူး။ အခုလောလောဆယ် ပိုနေတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ အနာဂတ်စီမံကိန်းဘာရှိမယ်ဆိုတာ ကျွန်မ မသိဘူး။သီးစားချပေးထားတာလည်း ဟုတ်ပါတယ်။ ဒါက ဝန်ထမ်းသက်သာအတွက်ပါ။ တချို့ ဝန်ထမ်းလည်း ကိုယ်တိုင်စိုက်တာရှိပါတယ်။ ဂရိတ်ဝေါ ကုမ္ပဏီနဲ့က အကျိုးတူ ကြံစိုက်နေတာပါ"ဟု အဆိုပါဆေးရုံအုပ်ကြီးက ပြောသည်။

ယင်းယာမြေ ၁,၉၄၆ဧကကို ကျန်းမာရေးဝန်ကြီးဌာနက တိုက်ရိုက်သိမ်းယူခဲ့ခြင်းမဟုတ်ဘဲ ဗာဂျီးနီးယားထုတ်စက်ရုံက ဗာဂျီးနီးယားစိုက်ပျိုးရန်သိမ်းယူခဲ့ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း ဒေါက်တာ မြတ်သီတာက ရှင်းပြသည်။ ■

## ပြင်ဦးလွင် အိမ်ခြံမြေငှားရမ်းသူဦးရေနှင့် ငှားရမ်းခနှုန်းထားမြင့်တက်လာ

■ မျိုးသန့်
**မန္တလေး၊ မေ ၈**

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့တွင် အိမ်ခြံမြေငှားရမ်းသူဦးရေမှာ သိသာစွာတိုးတက်လာပြီး ငှားရမ်းခနှုန်းထားမှာလည်း နေရာအကွက်အကွင်းပေါ် မူတည်ကာ မြင့်တက်လာကြောင်း အိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

နွေရာသီရောက်ရှိလာသဖြင့် အပူဒဏ်ရှောင်သူများက ပြင်ဦးလွင်၌ အိမ်ငှားရမ်းမှုများလာခြင်း၊ မြို့တွင်း အကွက်အကွင်းကောင်းသောနေရာများတွင် ဈေးနှုန်းမြင့်တက်လာခြင်း၊ မြို့ပြဧရိယာလူနေသိပ်သည်းမှုအလိုက် နေရာကောင်းများရှားလာခြင်းတို့ကြောင့် ယခုကဲ့သို့ဖြစ်ပေါ်လာခြင်းဖြစ်သည်။

"အိမ်ငှားတာတွေ အခုလပိုင်းအတွင်းမှ တော်တော်လေးသိသာပါတယ်။ နယ်တွေကရော ရန်ကုန်ကပါ လာရောက်အနားယူဖို့ ငှားရမ်းလာကြပါတယ်။ အများဆုံးကတော့ တစ်လလောက် ငှားတဲ့သူကများပါတယ်"ဟု ပြင်ဦးလွင်အိမ်ခြံမြေပွဲစား ဦးဌေးကိုက ပြောသည်။

လတ်တလောအိမ်ငှားရမ်းခနှုန်းထားများအဖြစ် မြို့တွင်း ပေ၄၀ x ပေ၆၀ လုံးချင်း အိမ်ရာများမှာ တစ်လငါးသိန်းနှင့် ဆယ်သိန်းကြား၊ မြို့သစ်ကားကြီးကွင်းတွင် လုံးချင်းအိမ်တစ်လုံး ကျပ်သုံးသိန်း ဝန်းကျင်နှင့် မြို့နှင့် အနည်းငယ်လှမ်းသည့် နေရာများတွင် ကျပ်တစ်သိန်းဝန်းကျင်ရှိပြီး ရေမီးမပါသော မြို့ပြင်အိမ်များကိုမူ တစ်လကျပ် ငါးသောင်းဝန်းကျင်ဖြင့် ငှားရမ်းရရှိသည်။

လက်ရှိအချိန်မှာ ပြင်ဦးလွင်မြို့အတွက် ဧည့်သည်အလာများသော အချိန်ဖြစ်ကြောင်း၊ ပြည်ပခရီးသွားများမှာမူ ယခုကဲ့သို့ သင်္ကြန်ကာလမျိုးတွင် အလာနည်းသည်ဟု တည်းခိုခန်းပိုင်ရှင်များက ပြောသည်။

"ကျွန်တော်တို့ မြို့ထဲက တည်းခိုခန်းတွေမှာတော့ ခရီးသည်က ပုံမှန်ပါပဲ။ အခါရက်တွေက လူပဲများတာ တည်းခိုခန်းမှာနေတဲ့သူက နည်းပါတယ်။ အဓိကအားထားနေရတာကတော့ နယ်မြို့တွေကလာတဲ့ မိသားစုတွေရယ်၊ နယ်လှည့်ဘုရားဖူးအဖွဲ့တွေရယ် အဓိကပါ"ဟု ရွှေသစ္စာ တည်းခိုခန်းပိုင်ရှင်က ပြောသည်။ ■

## သင်္ကြန်တွင်း၌ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေမည့် ယာဉ်များကို ယာယီသိမ်းဆည်းမည်

■ ဖြိုး
**မန္တလေး၊ မေ ၈**

သင်္ကြန်ကာလအတွင်း အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း၊ အိတ်ဇောဖွင့်မောင်းခြင်း၊ အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်အောင် မောင်းနှင်ခြင်းပြုပါက ယာဉ်များကို ယာယီသိမ်းဆည်းကာသင်္ကြန်ပြီးမှ ပြန်လည်ထုတ်ပေးမည် ဖြစ်ကြောင်း မန္တလေးတိုင်း၊ အမှတ်(၁၁) ယာဉ်ထိန်းဒု-တပ်ဖွဲ့ခွဲမှူးရုံးမှ ရဲမှူး သိန်းကိုကိုက ပြောသည်။

"သင်္ကြန်တွင်းမှာ လုံးဝပြန်ထုတ်ပေးမှာမဟုတ်ပါဘူး။ သင်္ကြန်ပြီးမှ ပြန်ပေးမယ်" ဟု ၎င်းက ဆိုသည်။

ဆက်လက်၍ ၎င်းယာဉ်များကို တရားရုံးတွင် တရားစွဲတင်အမှုဖွင့်ကာ ချမှတ်သည့်ဒဏ်ငွေအတိုင်း ပေးဆောင်ရမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရခြင်းသည် အများပြည်သူပျော်မြူးချိန်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့အတူ မန္တလေးမြို့ ကျုံးဘေးပတ်လည်နှင့် ကန်တော်ကြီးတို့ရှိ စည်ကားသောမဏ္ဍပ်များတွင်လည်း ယာဉ်ထိန်းများ စောင့်ကြပ်ထိန်းသိမ်းသွားမည်ဖြစ်သည်။

အရေးယူရာတွင် ခုခံခြင်း၊ ထွက်ပြေးခြင်းများရှိပါက ခုခံသူကို ဝတ္တရားနှောင့်ယှက်မှုဖြင့် အမှုဖွင့်အရေးယူမည်ဖြစ်ပြီး ထွက်ပြေးသူကို လိုက်လံဖမ်းဆီးခြင်းမပြုဘဲ ယာဉ်နံပါတ်မှတ်သားကာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) တွင် နေရပ်လိပ်စာတောင်း၍ ဆင့်ခေါ်အရေးယူသွားမည်ဖြစ်သည်။

သင်္ကြန်မတိုင်မီကာလတွင် ကျုံးဘေးပတ်လည်မှ ရေကစားမဏ္ဍပ်များ၏ ယာဉ်များ စည်းကမ်းမဲ့ရပ်နားထားခြင်း၊ ယာဉ်နှစ်ထပ်ရပ်တန့်ခြင်းနှင့် မဏ္ဍပ်ကြော်ငြာလက်ကမ်းစာစောင်များ ဝေရာတွင် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ပါက ယာဉ်ထိန်းရဲတပ်ဖွဲ့များက ရွှေ့လျားစနစ်များဖြင့် လှည့်လည်စစ်ဆေးကာ သတိပေး ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။ ■



(ဓာတ်ပုံ-ဖြိုး)

အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေသည့် ယာဉ်များကို အရေးယူသွားမည်။

# မြန်မာနှစ်သစ်မှာ
# ရွှင်လန်းချမ်းမြေ့ကြပါစေ



## MANDALAY HILL RESORT HOTEL

*Special Rates apply only from 11th April to 21st April 2014*

- **SUPERIOR $120 or DELUXE $150 per night Single, Twin or Double inclusive of Breakfast**
- **RELAX & REFRESH with Super Special SPA Package**
  - **$190 per night for two persons Deluxe Room with one hour Spa Massage - Thai, Aromatherapy or Traditional in** *Mandalar Spa.*

MANDALAY HILL
RESORT HOTEL

No. (9), Kwin (416.B) 10th Street At The Foot Of Mandalay Hill, Mandalay, Myanmar
Tel: (952) 35638, 35670, 35672, 35674 Fax (952) 35639
E-MAIL: mdyhill@myanmar.com.mm, mandalayhillresort1996@gmail.com
www.mandalayhillresorthotel.com

mizzima Daily
ဧပြီ ၉ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)

## ပုဂ္ဂလိကဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျဝယ်ယူသည့်စနစ် ပြည်သူများ စိတ်ဝင်စားမှုနည်း

■ မျိုးသန့်

**မန္တလေး၊ ဧပြီ ၈**

ပုဂ္ဂလိကဘဏ်များမှ အရစ်ကျစနစ်ဖြင့် ကုန်ပစ္စည်းဝယ်လိုသူများမှာ သက်ဆိုင်ရာဌာနအာမခံချက်၊ ပစ္စည်းတန်ဖိုးထက် ပိုမိုသည့်ငွေစာရင်း ဖွင့်လှစ်ထားသူအာမခံချက်စသည်တို့ လိုအပ်သဖြင့် အများစုက စိတ်ဝင်စားမှု နည်းပါးလျက်ရှိကြောင်း သိရသည်။

ကုန်ပစ္စည်းသစ်များကို အရစ်ကျစနစ်ဖြင့် ဝယ်ယူရာတွင် ဘဏ်တိုးပေးဆောင်ရမှုများခြင်း၊ အာမခံထားရှိရမှုများခြင်း၊ လိုချင်သည့် ကုန်ပစ္စည်းအမှတ်တံဆိပ်ကိုဝယ်ယူရန် မလွယ်ကူခြင်းနှင့် လိုချင်သည့်ကုန်ပစ္စည်းအလွယ်တကူမရရှိခြင်းတို့ကြောင့်ဖြစ်သည်။

"ဘဏ်တွေမှာ အရစ်ကျစနစ်နဲ့ ကုန်ပစ္စည်းတွေကို ရောင်းချပေးမယ်ဆိုတုန်းကတော့ ဝမ်းသာပေမယ့် လုပ်ရမယ့်အချက်တွေ၊ အာမခံတွေ၊ အတိုးနှုန်းထားတွေကများတော့ စိတ်မဝင်စားတော့ပါဘူး"ဟု ချမ်းအေးသာစံမြို့နယ်တွင် နေထိုင်သော ကုမ္ပဏီဝန်ထမ်းကိုမျိုးကိုက ပြောသည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူများထံမှ ဝန်ထမ်းဖြစ်လျှင် လက်ရှိဌာနမှ အာမခံပေးနိုင်သော တာဝန်ရှိသူ တစ်ဦး၏ထောက်ခံချက်၊ ဝယ်မည့်ပစ္စည်း တန်ဖိုးထက်ပိုသော ငွေစုစာရင်းထားရှိသူတစ်ဦး၏ ထောက်ခံချက်၊ သက်ဆိုင်ရာနယ်မြေတာဝန်ခံ၏ ထောက်ခံချက်တို့အပြင် ဘဏ်က အခြားအချက်အလက်များ တောင်းဆိုသဖြင့် စိတ်ဝင်စားမှု လျော့ကျလာခြင်းဖြစ်သည်။

"ဝန်ထမ်းဖြစ်တယ်ဆိုရင် အဲဒီဌာနတာဝန်ရှိသူရဲ့ထောက်ခံချက်ပေးရပါမယ်။ နောက်ပြီး ပစ္စည်းတန်ဖိုးထက်ပိုတဲ့ ငွေပမာဏကို ဘဏ်မှာငွေစာရင်းဖွင့်ထားသူရဲ့ထောက်ခံချက်လိုပါမယ်။ အဲဒါအပြင် မှတ်ပုံတင်နဲ့ ထောက်ခံချက် တချို့လိုအပ်ပါတယ်။ အတိုးကလည်း ပစ္စည်းပေါ်မူတည်ပြီး သတ်မှတ်သွားမှာပါ။ လတ်တလောမှာ ဒီစနစ်နဲ့ဝယ်ဖို့ပြောတဲ့သူ သိပ်မရှိပါဘူး"ဟု ပုဂ္ဂလိကဘဏ်တစ်ခုမှ တာဝန်ရှိသူက ပြောသည်။

ခေတ်စနစ်အသစ်ပြောင်းလာခြင်း၊ ငွေကြေးဆိုင်ရာကို ပြည်တွင်း ပြည်ပ ပိုမိုလုပ်ဆောင်လာခြင်းများကြောင့် စီးပွားရေးလုပ်ငန်းများတွင် အဆင်ပြေသော်လည်း ပြည်ပနိုင်ငံများကဲ့သို့ အရစ်ကျစနစ်ဖြင့် ရောင်းချပေးမှုပိုင်းတွင် ကုမ္ပဏီများ၏ အာမခံချက်ပေးအပ်မှုနည်းနေသေးခြင်း၊ လုပ်ထုံးလုပ်နည်းကို ပြည်သူများက နားလည်မှု အားနည်းနေသေးခြင်း စသည်တို့ကြောင့် ယခုကဲ့သို့ အဆင်မပြေမှုများကို ကြုံတွေ့နေရခြင်းဖြစ်သည်။

ယခုအခါ ပုဂ္ဂလိကဘဏ်များက အရစ်ကျစနစ်ဖြင့် တိုက်ခန်း၊ ကား၊ ဆိုင်ကယ်၊ ဖုန်း၊ ကင်မရာစသည့် ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ ■

# လူသားအချင်းချင်း အမုန်းမပွားစေဖို့ ငါတို့နှုတ်ကို စောင့်စည်းစို့ လှုပ်ရှားမှု မန္တလေးတွင် ပြုလုပ်

■ မျိုးသန့်

**မန္တလေး၊ ဧပြီ ၈**

လွတ်လပ်စွာပြောဆိုခွင့် (Free Speech) ကို အထိုက်အလျောက်ရရှိလာရာတွင် အမုန်းပွားစေသော ပြောဆိုမှုများ ရောနှောပါဝင်မလာစေရန် ပန်းစကား လှုပ်ရှားမှုတစ်ရပ်ကို မန္တလေးမြို့ ဒိုင်းမွန်းပလာဇာရှေ့တွင် ဧပြီလ ၈ ရက် နံနက် ၁၁ နာရီခန့်က ပြုလုပ်ခဲ့သည်။

"လူသားအချင်းချင်း အမုန်းမပွားစေဖို့ ငါတို့ နှုတ်ကို စောင့်စည်းစို့" ဆောင်ပုဒ်ဖြင့် ပြုလုပ်ခဲ့သည့် အဆိုပါလှုပ်ရှားမှု၌ နှုတ်ကို စောင့်စည်းခြင်းသင်္ကေတအဖြစ် ပိတောက်ပန်းကို ပါးစပ်တွင် ကိုက်၍ သရုပ်ဖော်ပြခဲ့သည်။

ယခုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ အမုန်းပွားစေသော ပြောဆိုမှုအဆင့်ကို ကျော်ကာ အန္တရာယ်ရှိသည့် ပြောဆိုမှုများ အဆင့်ထိရောက်ရှိလာလျှင် တိုင်းပြည်ရှေ့ဆက်သွားရမည့် လမ်းကြောင်းအတွက် ကြီးမားသော အနှောင့်အယှက်တစ်ခုဖြစ်လာနိုင်သဖြင့် အများပြည်သူသိရှိစေရန်နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်လာကြစေရန် လက်ကမ်းစာစောင်များ၊ စတစ်ကာများနှင့်အင်္ကျီများ ဝေငှပေးခြင်းဖြစ်သည်။

"ဒီမိုကရေစီအပြောင်းအလဲမှာ သံသယစိတ်တွေကြောင့်ဖြစ်လာတဲ့ အမုန်းတရားတွေကို နှုတ်စောင့်စည်း ပြောဆိုဖို့ အခုလို လှုပ်ရှားမှုတစ်ခုကို ပြုလုပ်တာဖြစ်ပါတယ်။ ပန်းစကားလှုပ်ရှားမှုဆိုတာက အခုကာလက တန်ခူးလဖြစ်တဲ့အတွက် ပိတောက်ပန်းကို အသုံးပြုတာဖြစ်ပါတယ်။ နောက်လတွေမှာလည်း လအလိုက် ပန်းအမျိုးအစားခွဲပြီး အများပြည်သူသိရှိအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ပန်းစကားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ ကိုညီညီကျော်က ပြောသည်။

လှုပ်ရှားမှုများကို လစဉ်လုပ်ဆောင်သွားမည်ဖြစ်ကာ မည်သူမဆိုပါဝင်နိုင်မည်ဖြစ်ပြီး ပါဝင်လိုသူများအတွက် ပန်းစကား လှုပ်ရှားဆောင်ရွက်မှုများကို ဖော်ပြမည့် www.facebook.com panzagar page တစ်ခုကို ဖွင့်လှစ်ထားရှိသည်။




ပန်းစကားလှုပ်ရှားမှုကို မန္တလေးမြို့ ဒိုင်းမွန်းပလာဇာရှေ့တွင် ပြုလုပ်နေစဉ်။ *(ဓာတ်ပုံ-မျိုးသန့်)*

မန္တလေးမြို့တွင် ဒိုင်းမွန်းပလာဇာ၊ မင်္ဂလာဈေး၊ ဈေးချိုတို့၌ ဧပြီလ ၈ရက်က ပြုလုပ်ခဲ့ပြီး ရက်ဆက်ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ပခုက္ကူ၊ လားရှိုး၊ မုံရွာစသည့်မြို့များတွင်လည်း ဧပြီလ ၈ ရက်က ပန်းစကားလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြသည်။

အာဆီယံဖိုရမ်တွေ့ဆုံပွဲတွင် လူငယ်များ ပေါင်းစည်းပြီး လူသားအချင်းချင်း အမုန်းမပွားစေရန် နှုတ်ကို စောင့်စည်းခြင်း ပန်းစကားအစီအစဉ် လုပ်ဆောင်ရန် စီစဉ်ခဲ့ရာမှ ပြည်သူတစ်ရပ်လုံး ပါဝင်လာစေရန် တိုက်တွန်းပြောဆိုခဲ့ကြပြီးနောက် ယခုကဲ့သို့ လှုပ်ရှားမှုတစ်ရပ်ဖော်ဆောင် လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

လှုပ်ရှားမှုကို အဖွဲ့အစည်းများဖြင့် လုပ်ဆောင်ခြင်းဖြင့် ပါဝင်သင့်၊ မသင့်ကိစ္စများ မဖြစ်ပေါ်စေရန် အဖွဲ့အစည်းသတ်မှတ်ချက်မထားဘဲ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ကိုညီညီကျော်က ပြောသည်။

"နိုင်ငံတွင်းမှာ ဖြစ်ပျက်နေတဲ့ လူမျိုးရေးပြဿနာတွေ။ လူမျိုးရေးပြဿနာလို့ ဆိုရာမှာလည်း ကုလားဗမာ ပြဿနာတင်မက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တိုက်ပွဲဖြစ်နေတာအဆုံး အားလုံးပါဝင်ပါတယ်။ ပြဿနာဖြစ်နေတဲ့ ကိစ္စတွေမှာ စိတ်ကိုလျှော့ဖို့၊ စကားပြောဆိုရာမှာလည်း နိုင်ငံတော်သမ္မတကစ အောက်ခြေလူတန်းစားအထိ နှုတ်စကား ပြောဆိုတာကို အဓိကထားဖို့ လုပ်ဆောင်တာဖြစ်ပါတယ်။

"ဒါ့အပြင် အခုလတ်တလော လှည်းကူးမှာ ဖြစ်ပွားခဲ့တဲ့ ပြဿနာဆိုရင် သာမန်ရန်ဖြစ်တာကနေ နှုတ်ကြောင့် ပြဿနာကြီးထွားလာတာပါ။ ဒါမျိုးက မြန်မာအချင်းချင်းလည်း ရန်ဖြစ်ကြတာ ဘယ်သူပဲဖြစ်ဖြစ် ပြဿနာတစ်ခုကြောင့် ရန်ဖြစ်ကြတာကို နှုတ်မစောင့်စည်းတာကြောင့် မလိုလား အပ်တဲ့ပြဿနာတွေ ဖြစ်လာတာပါ။ အဲဒါတွေကို ပြည်သူလူထု သိရှိစေဖို့အတွက် အခုလို ကမ်ပိန်းတစ်ခုကို လုပ်တဲ့အခါမှာ ပါဝင်တာဖြစ်ပါတယ်"ဟု လှုပ်ရှားမှုတွင် ပါဝင်သူတစ်ဦးဖြစ်သူ ဒေါ်အမာနီက ပြောသည်။

ယနေ့ ပန်းစကားလှုပ်ရှားမှုတွင် ကျောင်းသားလူငယ်များ၊ လူမှုရေးအဖွဲ့အစည်းအချို့နှင့် ပြည်သူများ ပါဝင်ခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စီတန်းလှည့်လည်မှုပြုလုပ်ရန် ဟုတ်မဟုတ် လာရောက်မေးမြန်းခဲ့သော်လည်း ပန်းစကားလှုပ်ရှားမှုဖြစ်သဖြင့် တားမြစ်ခြင်း မရှိပေ။ ■

# စမတ်ဖုန်းဆော့ဖ်ဝဲရေးသည့် ပြည်တွင်းပညာရှင်များ ပိုမိုလိုအပ်လာ

■ မျိုးသန့်

**မန္တလေး၊ ဧပြီ ၈**

မိုဘိုင်းစမတ်ဖုန်းများကို အသုံးပြုမှုများလာ၍ ၎င်းတွင်ထည့်သွင်းရသော ဆော့ဖ်ဝဲများ ရေးသားနိုင်သည့် ကျွမ်းကျင်ပညာရှင်များ ပိုမိုလိုအပ်လာကြောင်း အိုင်တီလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းမှာ လူတန်းစားမရွေး အသုံးပြုနိုင်သည့်အနေအထားသို့ ရောက်ရှိလာခြင်း၊ ကွန်ပျူတာတွင် သုံးနေသည့် ဆော့ဖ်ဝဲများထက် မိုဘိုင်းဖုန်းသုံးဆော့ဖ်ဝဲများ ပိုမိုလိုအပ်လာခြင်း၊ ပြည်တွင်း၌ ဆော့ဖ်ဝဲရေးနိုင်သည့် ကျွမ်းကျင်ပညာရှင်နည်းပါးနေခြင်းနှင့် သက်ဆိုင်ရာအိုင်တီကျောင်းများတွင် လက်တွေ့သင်ကြားပေးမှုနည်းနေသေးခြင်း စသည်တို့ကြောင့် ကျွမ်းကျင်သည့် ပြည်တွင်းပညာရှင်များ လိုအပ်လာခြင်းဖြစ်သည်။

"ဆင်မ်းကတ်တစ်ကတ်ကို ငွေကျပ်ထောင့်ငါးရာနဲ့ ရနေတော့ အသုံးပြုတဲ့သူ အရေအတွက်ကလည်း တိုးလာပါတယ်။ အဲဒီတော့ တွဲဖက်အသုံးပြုမယ့် ဖုန်းတွေမှာလည်း ဆော့ဖ်ဝဲအမျိုးအစားမျိုးစုံ ထည့်ပေးရတော့မယ်။ ဒီမှာက အဲဒါတွေကိုလုပ်နိုင်တဲ့ ကုမ္ပဏီလည်း နည်းသေးတယ်။ ကျွမ်းကျင်ပညာရှင်တွေလည်း နည်းနေသေးပါတယ်။ အဲဒါတွေကို ပြင်ဆင်ဖို့ လိုအပ်ပါတယ်"ဟု အိုင်တီပညာရှင်တစ်ဦးက ပြောသည်။

လက်ရှိ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် မိုဘိုင်းလ်ဖုန်းဆိုင်ရာနည်းပညာများကို လက်တွေ့သင်ကြား ပေးမှုနည်းနေသေးကြောင်း၊ ကျွမ်းကျင်ပညာရှင်များမှာလည်း ပြည်တွင်းတွင် အနည်းငယ်သာရှိကြောင်း၊ သို့ရာတွင် လက်ရှိ၌ မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းကျောင်းများကိုမူ ဖွင့်လှစ်သင်ကြားပေးနေကြပြီဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းမှာက မိုဘိုင်းဖုန်းထဲကိုထည့်သွင်းအသုံးပြုရတဲ့ ဆော့ဖ်ဝဲရေးဆွဲတဲ့ ပရိုဂရမ်မာ (programmer)က တော်တော်နည်းနေသေးတယ်။ IT ပညာရပ်တွေကို သင်ပေးတဲ့ ကွန်ပျူတာတက္ကသိုလ်နဲ့ တခြားသင်တန်းတွေမှာလည်း သင်ရိုးညွှန်းတမ်းတွေက ခေတ်ရှေ့ပြေးဖို့ လိုအပ်နေပါသေးတယ်။ အဲဒါတွေကို သင်ကြားပေးဖို့၊ လိုအပ်ချက်တွေကို ပြသပေးဖို့အတွက် ပညာရှင်တွေ အများကြီးလိုတယ်။ ပြည်ပမှာရှိတဲ့ မြန်မာနိုင်ငံသား ပညာရှင်တွေကို ဒီကိုပြန်လာပြီး လုပ်ငန်းလုပ်ဖို့ပြောချင်တယ်။ ပြည်တွင်းမှာ သင်တန်းတွေရှိပေမယ့် ပြည့်စုံလုံလောက်တဲ့အထိ မလုပ်နိုင်သေးပါဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် အင်တာနက်ပြဿနာများဖြစ်သည့် ကွန်နက်ရှင်ကျဆင်းမှု မကြာခဏ ကြုံတွေ့နေရခြင်းကြောင့် ကွန်နက်ရှင်ကျချိန်တွင် အသုံးပြုနိုင်သော ဆော့ဖ်ဝဲအမျိုးအစားများကို နိုင်ငံပေါ်မူတည်ကာ ဖန်တီးနိုင်ရန် လိုအပ်လျက်ရှိသည်ဟု မန္တလေးမြို့ မိုဘိုင်းဖုန်းပြုပြင်ရေးလုပ်ကိုင်နေသူများက ပြောသည်။

မန္တလေးမြို့တွင် မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်း ငါးခုခန့်ရှိပြီး သင်တန်းကြေးမှာ ကျပ်ခြောက်သိန်းမှ ဆယ်သိန်းဝန်းကျင်ရှိသည်။ ■

# ပြည်ပဘဏ်များ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခွင့် ရရှိမည်ဟု ဘဏ္ဍာရေးဝန်ကြီးဆို

■ ဝင်းကိုကိုလတ်
**နေပြည်တော်၊ ဧပြီ ၈**

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဘဏ်များကို မဝေးတော့သည့် အနာဂတ်တွင် ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်လာမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောသည်။

၎င်းက "ပြည်ပဘဏ်အချို့ကလည်း ဒီမှာလာရောက်ဖို့ ဆန္ဒရှိကြပါတယ်။ မဝေးတော့တဲ့ အနာဂတ်မှာဖြစ်လာပါမယ်"ဟု ယခုလ ၆ ရက်က နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ၌ ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

သို့သော်ယင်းကဲ့သို့ပြည်ပဘဏ်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ငွေကြေးအဖွဲ့အစည်းဆိုင်ရာဥပဒေများရေးဆွဲလျက်ရှိပြီး လွှတ်တော်သို့မကြာမီ တင်ပြနိုင်မည်ဟုလည်း ၎င်းက ပြောသည်။

ပြည်ပဘဏ်များ လာရောက်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ပြည်တွင်းဘဏ်အချို့က စိုးရိမ်မှုရှိသော်လည်း လုပ်ငန်းရှင်များကမူ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးယူခွင့်၊ ပိုမိုကောင်းမွန်သော ဘဏ်ဝန်ဆောင်မှုများ ရရှိရန် မျှော်လင့်နေကြသည်။

နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးက "ပြည်တွင်းဘဏ်တွေကြားမှာ အရေးတကြီးလိုအပ်နေတဲ့ကိစ္စက ယှဉ်ပြိုင် မှုပါ။ ဘဏ်တွေရဲ့ ဝန်ဆောင်မှုက တခြားကိုယ့်ထက်ပိုပြီး ဝန်ဆောင်မှုအပိုင်းမှာ ပိုကောင်းအားတဲ့ ပြည်ပဘဏ်တွေရှိလာရင် ဒီအပေါ်မှာ ကျွန်တော်တို့ အပြိုင်အဆိုင် အာရုံစိုက်လာမယ်။ အဲဒီအတွက်ကြောင့် ဝန်ဆောင်မှုတက်လာမယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးစိုးမင်းက ပြည်ပဘဏ်များ ဖွင့်ခွင့်ပြုရာတွင် အဆင့် လေးဆင့်ဖြစ်သည့် ကိုယ်စားလှယ်ရုံးများ၊ Joint Venture၊ sub-sidiatory နှင့် ဘဏ်ခွဲဖွင့်လှစ်ခွင့်ပြုခြင်းဟူ၍ စီစဉ်ထားသည်ဟု မတ်လ ၁၉ ရက်က လွှတ်တော်တွင် ပြောခဲ့သည်။

၎င်းက ပုဂ္ဂလိက ဘဏ်များအကန့်အသတ် ရှိနေသည့်အတွက် နိုင်ငံခြားဘဏ်များကိုသာ မြန်မာနိုင်ငံမှာဆောင်ရွက်ခွင့်ပေးပါက နိုင်ငံခြားဘဏ်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများသာမက မြန်မာနိုင်ငံသား လုပ်ငန်းရှင်များကိုပါ ချေးငွေပြီး ထောက်ပံ့သည့်အစီအစဉ်ဖြစ်လာနိုင်သည်ဟု ဆိုသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံ၌ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိရန် နိုင်ငံတကာဘဏ်ပေါင်း ၃၅ ခန့်က စောင့်စားနေပြီး ပြင်ဆင်ရေးဆွဲနေသည့် ငွေကြေးအဖွဲ့အစည်းဆိုင်ရာ ဥပဒေ အတည်ပြုပြီးပါက ပုဂ္ဂလိကငွေကြေးအားလုံး ဗဟိုဘဏ်က စီမံခန့်ခွဲသွားမည်ဟု ဆိုသည်။ ■



ဈေးနှုန်းကျဆင်းလျက်ရှိသော်လည်း အရောင်းအဝယ်နည်းပါးလျက်ရှိသည်။ သင်္ကြန်အပြီးကာလတွင် အရောင်းအဝယ်ကောင်းလာနိုင်သည် ဟုဆိုသည်။ **(ဓာတ်ပုံ–ဟိန်းထက်)**

# ၁၃၀၀ စီစီနှင့် ၁၅၀၀ စီစီကားဈေးနှုန်းများ ၁၅ သိန်းကျော်အထိ ဈေးကျဆင်း

■ သီဟကိုကို
**ရန်ကုန်၊ ဧပြီ ၈**

ဧပြီလ ၁ ရက်မှ စတင်ကာ ကညန မှတ် ပုံတင်အခွန်နှုန်းထားလျှော့ချသတ်မှတ်လိုက်ခြင်းကြောင့် အင်ဂျင်ပါဝါ ၁,၃၀၀၊ ၁၅၀၀ စီစီ ကားဈေးနှုန်းများ ကျပ် ၁၀ သိန်းမှ ၁၅ သိန်းခန့်အထိ ဈေးကျဆင်းနေသည်ဟု ကားလုပ်ငန်းရှင်များက မဇ္ဈိမကို ပြောသည်။

ကားအရောင်းပြခန်းများဖွင့်လှစ်ထားသည့် Htoo Family Internation Trading Co.,Ltd ၏ဒါရိုက်တာဦးဝင်းနိုင်က "ကညန အခွန်လျှော့လိုက်တဲ့အတွက် CIF (ဆိပ်ကမ်းရောက်) တန်ဖိုး မြင့်ရင်မြင့်သလောက် တင်သွင်းလာတဲ့ ကားဈေးနှုန်းတွေက ဈေးကျလာမှာပဲ။ ဒီကာလက သင်္ကြန်ကာလနဲ့နီးတဲ့အတွက် သင်္ကြန်အပြီးဆိုရင် ပိုပြီးအရောင်းအဝယ်ကောင်းလာဖို့ရှိတယ်"ဟု မဇ္ဈိမကိုပြော သည်။

ကညန (ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)က မော်တော်ယာဉ်မှတ်ပုံတင်အခွန်နှုန်းထားများ လျှော့ချသတ်မှတ်လိုက်ခြင်းကြောင့် ကားဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ပြီး ဈေးနှုန်းမြင့်သည့် ကားများထက် လူစီးများသည့် အင်ဂျင်ပါဝါနည်း ကားများသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ယင်းတို့က ဆိုသည်။

ကားလုပ်ငန်းရှင် ဦးမိုးကျော်က "ကားဈေးတွေက ဈေးအကျနဲ့ ရောင်းပေမဲ့လည်း အရောင်းအဝယ် အကောင်းကြီးတော့ မဟုတ်ဘူး။ အရင်က ၁၁၀ လောက်ဈေးရှိတဲ့ကားတွေက အခု ၉၅၊ ၉၀ သိန်းထိ ဈေး အထိကျသွားပြီလေ"ဟု ပြောသည်။

CIF နှုန်းထားမြင့်သည့် အင်ဂျင်ပါဝင်မြင့်ကားများ ဈေးနှုန်းများသည် သိန်း ၃၀မှ သိန်း ၄၀ ခန့်အထိ ဈေးနှုန်းများကျဆင်းနိုင်သော်လည်း အရောင်းအဝယ်နည်းပါးလျက်ရှိသည်ဟု Htoo Family Internation Trading Co.,Ltd ၏ ဒါရိုက်တာဦးဝင်းနိုင်က ပြောသည်။

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ဦးမင်းဦးက "သင်္ကြန်အပြီးလောက်မှာပဲ ကညနအခွန်အသစ်နဲ့ တင်သွင်းထားတဲ့ ကားတွေဝင်လာရင် ဈေးတွေကကျမှာပဲ" ဟု ပြောသည်။ ■

# ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေး ကော်မရှင် မေလတွင် ဖွဲ့စည်းမည်

■ သီဟကိုကို
**ရန်ကုန်၊ ဧပြီ ၈**

စတော့အိတ်ချိန်းဈေးကွက်အား ကြီးကြပ်ရမည့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission) အား လာမည့်မေလတွင် ဖွဲ့စည်းပြီးနိုင်မည် ဟု Myanmar Securities Exchange Centre မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းဦးက ဧပြီလ ၉ ရက်တွင် မဇ္ဈိမကို ပြောသည်။

ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင်ထုတ်ပေးရန် လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်းသို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် သတ်မှတ်ထားသည်။

ဦးသက်ထွန်းဦးက " ကော်မရှင်ဖွဲ့ဖို့ကို စလုပ်နေပါပြီ။ သင်္ကြန်ကာလအပြီး မေလလောက်ဆိုရင် ရွေးချယ်ဖွဲ့စည်းပြီးနိုင်တယ်။ ကော်မရှင်ဖွဲ့ဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ကော်မရှင်သည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက်၊ စတော့အိပ်ချိန်းတို့၏ လုပ်ငန်းဆိုင်ရာစာရင်းများကို သက်ဆိုင်ရာ မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ စာရင်းထိန်းသိမ်းစေရန် ကြီးကြပ်ရမည်ဖြစ်သည်။ ၎င်းအပြင် ကော်မရှင်က ထပ်မံလိုအပ်သောစာရင်းများ၊ စာရွက်စာတမ်းများ၊ ရှင်းတမ်းများ၊ အခြားအထောက်အထားများနှင့် သတင်းအချက်အလက်များကို တောင်းခံရယူနိုင်သည့် အခွင့်အာဏာရှိသည်။

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကော်မရှင်ဖွဲ့စည်းနိုင်ရန် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုရွေးချယ်မည်ဖြစ်ပြီး ၎င်းတို့ကို အစိုးရအဖွဲ့က အတည်ပြုရွေးချယ်ပြီးပါက ကော်မရှင်လည်ပတ်ရန်အတွက် ဌာနတစ်ခု ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်သည် ဟု ဦးသက်ထွန်းဦး က ပြောသည်။

ရန်ကုန်စတော့ဈေးကွက်အား ကြီးကြပ်မည့် ကော်မရှင်ဖွဲ့စည်းနိုင်ရန် အတွက် ဂျပန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူတစ်ဦးမှလာရောက်ကာ လိုအပ်မည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများအား ကြိုတင်ဆောင်ရွက်နိုင်ရန်အတွက် လာရောက်အကူအညီပေးလျက်ရှိသည်ဟု ယင်းက ဆိုသည်။

၂၀၁၅ အောက်တိုဘာတွင် စတော့အိတ်ချိန်းဈေးကွက်အား စတင်နိုင်ရန် အတွက် ဆောင်ရွက်လျက်ရှိကာ ပထမအဆင့်အနေဖြင့် အများပိုင်ကုမ္ပဏီ ငါးခုမှ ၁၀ ခုကြားဖြင့်စတင်လည်ပတ်ရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ အများပိုင် ကုမ္ပဏီ ၂၀၀ ကျော်ရှိသော်လည်း အမှန်တကယ် စတော့အိတ်ချိန်း ဈေးကွက်ဝင်နိုင်ရန်အတွက် စာရင်းဝင်(Listed) ဖြစ်နိုင်မည့်ကုမ္ပဏီအချို့သာရှိသည်ဟု စီးပွားရေးပညာရှင်များက ပြောသည်။ ■

# ထိုင်ဝမ် အကူအညီပေးရေး အေဂျင်စီရုံး မြန်မာနိုင်ငံတွင်ဖွင့်

■ ဖိုကတ် ထိုင်ဝမ်
**ထိုင်ပေ၊ ဧပြီ ၈**

တရုတ်တိုင်ပေနှင့် မြန်မာနိုင်ငံတို့ အကြား တရားဝင်သံတမန် အဆက်အသွယ်တည်ထောင်ထားခြင်း မရှိစေကာမူ ထိုင်ဝမ်တရုတ်အစိုးရ အထောက်အပံ့ခံ အပြည်ပြည်ဆိုင်ရာအကူအညီ ပေးရေးအေဂျင်စီသည် မြန်မာနိုင်ငံတွင် ရုံးတစ်ခုဖွင့်လှစ်လိုက်ပြီဖြစ်သည်ဟု ဖို့ကတ်ထိုင်ဝမ်သတင်းဌာနက ဧပြီလ ၈ ရက်တွင်ရေးသား ဖော်ပြသည်။

အပြည်ပြည်ဆိုရာ ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ (ICDF) သည် ၎င်း၏ ပထမဆုံးနိုင်ငံရပ်ခြားရုံးတစ်ခုကို ရန်ကုန်မြို့တွင် ဧပြီ ၅ ရက်တွင် ဖွင့်လှစ်လိုက်ပြီဟု ICDF ဒုတိယအတွင်းရေးမှူးချုပ် Chao Chia-Pao ကပြောသည်ဟု ဖို့ကတ်ထိုင်ဝမ်သတင်းဌာနက ရေးသားဖော်ပြသည်။

၂၀၁၃ အောက်တိုဘာ အတွင်းက နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ကြသော နားလည်မှုစာချွန်လွှာ (MoU) အရ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် အခြားသောလုပ်ငန်းနယ်ပယ်တွင် မြန်မာအစိုးရနှင့် ICDF တို့ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားကြမည်ဖြစ်သည်ဟု ဖို့ကတ်ထိုင်ဝမ်သတင်းဌာနက ဧပြီလ ၈ ရက်တွင်ရေးသား ဖော်ပြသည်။

မြန်မာနိုင်ငံအစိုးရဝန်ကြီးဌာနသည် ထိုင်ဝမ်နှင့် ပူးပေါင်းလုပ်ဆောင်ရန်စိတ်ဝင်စားလျက်ရှိရာ ထိုင်ဝမ်တွင် ရေအောက်အပင်များစိုက်ပျိုးရေးနည်းပညာ (Aquaculture) ကိုလေ့လာရန်အတွက် လေ့လာရေးအဖွဲ့တစ်ဖွဲ့ကို ထိုင်ဝမ်သို့ မတ်လ အတွင်းက စေလွှတ်ခဲ့သည်ဟု မစ္စတာ Chao က ပြောသည်။

လောလောဆယ်တွင်မူ မြန်မာအစိုးရ၏ အစီအစဉ်အတိုင်း ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ရေးကိုသာ အထူးအာရုံထား လုပ်ကိုင်နေသည်ဟုလည်း ICDF ဒုတိယအတွင်းရေးမှူးချုပ် Chao Chia-Pao က ပြောကြောင်း ဖို့ကတ်ထိုင်ဝမ်သတင်းဌာနက ရေးသားဖော်ပြသည်။ ■

mizzima Daily
ဧပြီ ၉ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)

# တိရစ္ဆာန်အစာများကို စံနှုန်းသတ်မှတ်ထုတ်လုပ်မည်

■ မိုမို့သန္တာ
**ရန်ကုန်၊ ဧပြီ ၈**



ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်ရှိ ငါးမွေးကန်တစ်ကန်အားတွေ့ရစဉ်။ **ဓာတ်ပုံ–ဟောင်ဆာ (ရာမညိ)**

ပြည်တွင်း တိရစ္ဆာန်အစာများကို စံနှုန်းများ သတ်မှတ်ချက်များဖြင့်ထုတ်လုပ်နိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ငါး၊ ပုစွန် အစာထုတ်လုပ်တင်ပို့သူများအသင်းတို့ ဆွေးနွေးဆောင်ရွက်မှုများပြုလုပ်လျက်ရှိသည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ဧပြီလ ၉ ရက်တွင် မဇ္ဈိမကိုပြောသည်။

တိရစ္ဆာန်အစာများကို စံနှုန်းများ သတ်မှတ်ချက်များဖြင့်ထုတ်လုပ်နိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ငါး၊ ပုစွန်အစာထုတ်လုပ်တင်ပို့သူများအသင်းတို့၏ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း သင်္ကြန်ပြီးကာလ တွင်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် အချက်အလက်များကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်သည်ဟု လည်း ဦးဟန်ထွန်းကဆိုသည်။

လက်ရှိတွင် တိရစ္ဆာန်များစားသုံးသည့် အစာများတွင် စံနှုန်းသတ်မှတ်ထားခြင်းမရှိခြင်းများကြောင့် အရည်အသွေး ကောင်းမွန်မှုမရှိခြင်း၊ ကြီးထွားမှုနှောင့်နှေးခြင်းများနှင့် အစာအချိုးကျတွက်ချက်ခြင်းများတွင် မှန်ကန်သည့်ရလဒ်မရှိခြင်းများကြောင့် ပြည်ပနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ အသားငါးများမှာ နိုင်ငံခြားဈေးကွက်တွင် အားနည်းချက်များရှိနိုင်သောကြောင့် အစာစံနှုန်းသတ်မှတ်သင့်ကြောင်း ဦးဟန်ထွန်း က ဆက်လက်ပြောကြားသည်။

ဦးဟန်ထွန်းက "တိရစ္ဆာန်အစာများကိုလဲစစ်ဆေးမှုတွေ ပြုလုပ်သင့်တယ်။ ဓာတုအဆိပ်အတောက်တွေကို စားထားတဲ့ တိရစ္ဆာန်ကိုလူတွေပြန်စားရင် အန္တရာယ်ရှိနိုင်တယ်၊ စားသုံးသူကာကွယ်ပေးရေး ဥပဒေကလဲ ထွက်ပြီဆိုတော့ တိရစ္ဆာန်တွေစားတဲ့အစာကိုလဲ စစ်ဆေးသင့်ပါတယ်" ဟုပြောသည်။

ပြည်တွင်းတွင် ငါးမွေးမြူမှုများပြုလုပ်ရာတွင်လည်း အသားငါးများ၏ လိုအပ်ချက်များအရ လုပ်ငန်းရှင်များက မွေးမြူမှုများပြုလုပ်သော်လည်း အစာစရိတ်စကကြီးမားခြင်းနှင့် ရေလုပ်သားရှားပါးခြင်းများကြောင့် အသားငါးများဖွံ့ဖြိုးမှုမှာ နှောင့်နှေးခြင်းများရှိကြောင်း ဟင်္သာတခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ခရိုင် ဥက္ကဋ္ဌ ဦးစံဝင်းက ပြောသည်။

ဦးစံဝင်းက"အစာတွေကို စစ်ဆေးပြီးမှ ငါးတွေကိုကျွေးမယ်ဆိုရင်ပိုပြီး အဆင်ပြေတယ်။ အစာဘယ်လောက်ကျွေးရင် ဘယ်လောက်ကြီးထွားနိုင်တယ်ဆိုတာကို တွက်ချက်ပြီးကျွေးမွေးနိုင်မယ်။ ငါးတွေကြီးထွားမှုရှိလာရင် ဈေးကွက်မှာဈေးကောင်း ရနိုင်တာပေါ့" ဟုပြောသည်။

အစာများကိုစစ်ဆေးမှုများပြုလုပ်ပြီး ဈေးနှုန်းများကို တစ်ပြေးညီသတ်မှတ်မှသာ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပြီး အစာစံနှုန်းသတ်မှတ်ခြင်းများကြောင့် အစာဈေးများမြင့်တက်လာမည်ဆိုပါက ရေထွက်လုပ်ငန်းရှင်များအတွက် အကျိုးရှိနိုင်မည်မဟုတ်ဟု ဦးစံဝင်း က ဆိုသည်။ ■

## သတင်းတိုများ

**ပြည်တွင်း ရွှေဈေးမြင့်တက်**

ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ဧပြီလ ၈ ရက်တွင် ပြည်တွင်းရွှေဈေး တစ်ကျပ်သားလျှင် ၆၇,၂၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာသည်ဟု တိတ်စိန် ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်က မဇ္ဈိမကိုပြောသည်။ပြီးခဲ့သည့် ရက်ပိုင်းတွင် ပြည်တွင်းရွှေဈေးမှာ ၆၆၆,၀၀၀ ကျပ်ဝန်းကျင်ဈေးရှိခဲ့သည်။ ■

**ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ် အားတိုးမြင့်**

အခွန်ရငွေကျပ်ငွေ ဘီလီယံ ခုနှစ်ရာကျော်တိုးတက်လာသည်နှင့်အမျှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပြည်သူ့ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် ကျပ်ငွေ ၂၇၂ ဘီလီယံကျော် တိုးမြင့်သုံးစွဲခွင့်ပြုခဲ့လိုက်သည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ထုတ်ဖော် ပြောကြားလိုက်သည်။ ■

Asian Wing **လေကြောင်းလိုင်း သင်္ကြန်တွင်းလက်မှတ်ဈေး လျှော့မည်**

ပြည်တွင်းလေကြောင်းလိုင်း ဖြစ်သော Asian Wing လေကြောင်းလိုင်းမှ ဧပြီ ၁၂ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့မှ ညောင်ဦး၊ မန္တလေးနှင့် ဟဲဟိုးမြို့များသို့ သွားရောက်ရာတွင် ယခင်ကျပ် ၅၅,၀၀၀ မှ ကျပ် ၃၅,၀၀၀ ထိ ဈေးလျှော့ထားကြောင်း Asian Wing လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက မဇ္ဈိမကိုပြောသည်။ ■

# ဘတ်ဂျက်လိုငွေပြမှု လာမည့် ၅ နှစ်အထိ ဆက်လက်ဖြစ်ပေါ်နိုင်

■ သီဟကိုကို
**ရန်ကုန်၊ ဧပြီ ၈**

မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍအလိုက် အသုံးစရိတ် များပြားနေမည်ဖြစ်သည့်အတွက် လာမည့် သုံးနှစ်မှ ငါးနှစ်ခန့်အထိ ဘတ်ဂျက်လိုငွေပြမှုများဆက်လက်ဖြစ်ပေါ်နိုင်သည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ အငြိမ်းစား ဒု-ညွှန်ချုပ်တစ်ဦးလည်းဖြစ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (AGD)၏ အမှုဆောင်ဒါရိုက်တာတစ်ဦးလည်းဖြစ်သူ ဦးစိုးသိန်းကပြောသည်။

ဧပြီလ ၆ ရက်တွင် မေခဆောင် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)က စီစဉ်သည့် နိုင်ငံတော်ဘတ်ဂျက်ကို တစေ့တစောင်း လေ့လာသုံးသပ်ခြင်း (A Glacnce At Public Sector Budget) ဖိုရမ်တွင် ဦးစိုးသိန်းက အထက်ပါအတိုင်း သုံးသပ်ပြောဆိုခြင်းဖြစ်သည်။ အဆိုပါဖိုရမ်ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ် (UNFCCI )တွင်ကျင်းပခဲ့ခြင်းဖြစသည်။

ဦးစိုးသိန်းက "နိုင်ငံတကာမှာ ဘတ်ဂျက်ကို သုံးနှစ်ကနေ ငါးနှစ်အထိ ရေးဆွဲကြတယ်။ ဒီမှာက တစ်နှစ်အတွက်ပဲ ရေးဆွဲတယ်။ နောက် ၃နှစ်ကနေ ၅ နှစ်အထိမှာ ဘတ်ဂျက်အခြေအနေဘယ်လိုဖြစ်မလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ သုံးနှစ်ကနေ ငါးနှစ်က ဘတ်ဂျက်အခြေအနေကို ကြည့်ခြင်းအားဖြင့် ဖြစ်ပေါ်နေတဲ့ဘတ်ဂျက်လိုငွေဟာ နောင် သုံးနှစ်ကနေ ငါးနှစ်အထိလည်း ဆက်ဖြစ်နေဦးမှာပဲ။ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်တွေမှာ ဘတ်ဂျက်လိုငွေ တွေက ကျပ် သုံးထောင်ဘီလီယံနီးပါး လောက်ရှိနေတယ်" ဟု ပြောသည်။

၂၀၁၃-၁၄ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လိုငွေ ကျပ် ၂,၉၀၀ ဘီလီယံနီးပါးလိုငွေပြခဲ့ပြီး ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လိုငွေ ကျပ်၂၇၀၀ ဘီလီယံကျော်ရှိနေခြင်းဖြစ်ကာ ဘတ်ဂျက်လိုငွေသည် နိုင်ငံ့ဂျီဒီပီ၏ ၄ ဒသမ ၂ ရာခိုင်နှုန်းရှိနေခြင်းဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ဆိုသည်။

ဘတ်ဂျက်လိုငွေမှာ နိုင်ငံ၏ ဂျီဒီပီ ၄ ဒသမ ၂ ရာခိုင်နှုန်း ပြနေခြင်းသည် နိုင်ငံတကာစံနှုန်းဖြင့်နှိုင်းယှဉ်ပါက မြင့်မားသည်ဟု မဆိုနိုင်သော်လည်း ရေရှည်အတွက် ကြွေးမြီများတင်ခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့ကို မြင့်တက်စေသည်ဟု စီးပွားရေးပညာရှင်များက ထောက်ပြကြသည်။

မြန်မာနိုင်ငံအနေဖြင့် အခွန်ကောက်ခံမှုမှ ၄ ဒသမ ၄ ရာခိုင်နှုန်းသာ ရရှိသည့်အတွက် ဒေသတွင်းအာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် များစွာနည်းပါးလျက်ရှိနေသေးသည်ဟု ဘတ်ဂျက်နှင့် ပက်သက်၍ စာတမ်းပြုစုခဲ့သည် Action Aid Myanmar မှ တာဝန်ရှိသူတစ်ဦးက မတ်လအတွင်း သုံးသပ်ပြောဆိုထားသည်။ ဘတ်ဂျက်လို ငွေပြတိုင်းငွေစက္ကူရိုက်နှိပ်ထုတ်ဝေခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်းကိုသာ မြင့်တက်စေသည်ဟုလည်း အဆိုပါတာဝန် ရှိသူတစ်ဦးက ဆက်လက်ပြောသည်။

နိုင်ငံ၏ဝင်ငွေကို အခွန်ကဏ္ဍမှရရှိနိုင်သော်လည်း မြန်မာနိုင်ငံ၏ အခွန်စနစ်နှင့် အခွန်ဝန်းထမ်းများ၏ အရည်အသွေးပိုင်းတွင် အားနည်းချက်များစွာရှိနေသေးသည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဦးဟန်ထွန်းက သုံးသပ်သည်။ သဘာဝသယံဇာတကဏ္ဍများမှဝင်ငွေများ ပိုမိုရရှိရန်အတွက် စီမံခန့်ခွဲသင့်သည်ဟု ဧပြီ ၆ ရက်ဖိုရမ်တွင် ဆွေးနွေးသည့် စီးပွားရေးဆိုင်ရာပညာရှင်များက ထောက်ပြပြောဆိုသည်။

Action Aid Myanmar မှ တာဝန်ရှိသူတစ်ဦးကလည်း သဘာဝသယံဇာတကဏ္ဍကို ထိရောက်စွာစီမံခန့်ခွဲနိုင်ပါက ဝင်ငွေရရှိမှုတိုးမြင့်လာနိုင်ပြီး နိုင်ငံဘတ်ဂျက်၏ ငါးဆခန့်ထိ မြင့်တက်နိုင်သည်ဟု သုံးသပ်ပြောဆိုထားသည်။ ■

### ဧပြီ ၈ ရက် စားသောက်ကုန် ဈေးနှုန်းများ

| ဆန် (တစ်အိတ်နှုန်း) | |
|---|---|
| ပေါ်ဆန်းမွှေး (မြောင်းမြ) | ၂၈,၀၀၀ |
| ပေါ်ဆန်းမွှေး(ဖျာပုံ) | ၂၅,၅၀၀/၂၆,၀၀၀ |
| ဧယာ | ၁၆,၅၀၀/၁၇,၀၀၀ |
| တောင်ပျံ | ၂၆,၀၀၀/၂၆,၅၀၀ |
| ရွှေရောဆန်ပွဲရုံမှ ကူညီသည်။ | |

ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးနှုန်း

| ဆီ (တစ်ပိဿာနှုန်း) | |
|---|---|
| မြေပဲဆီ | ၃,၆၀၀ |
| နှမ်းဆီ | ၄,၆၀၀ |
| စားအုန်းဆီ | ၁,၅၆၀ |
| **ပဲမျိုးစုံ (တစ်ပိဿာနှုန်း)** | |
| ကုလားပဲလုံး | ၇၈၀/၇၉၀ |
| စားတော်ပဲလုံး | ၁,၅၆၅/၁,၆၀၀ |
| မတ်ပဲ RAW | ၁,၀၆၀ |
| ကုလားပဲခြမ်း | ၉၈၀ |
| **ကြက်သွန်နီ (တစ်ပိဿာနှုန်း)** | |
| ဆိပ်ဖြူရှယ် | ၄၃၅ |
| ဆိပ်ဖြူလတ်ကြီး | ၄၀၅ |
| ဆိပ်ဖြူလတ်သန့် | ၃၈၅ |
| ဆိတ်ဖြူလတ်ချော | ၂၈၅ |
| **ကြက်သွန်ဖြူ (တစ်ပိဿာ)** | |
| အောင်ပန်း ထူး -၁ | ၇၅၀ |
| အောင်ပန်း ထူး -၂ | ၉၅၀ |
| အောင်ပန်း ထူး -၃ | ၁,၁၅၀ |
| အောင်ပန်း ထူး -၄ | ၁,၃၅၀ |
| **ထန်းလျက် (တစ်ပိဿာနှုန်း)** | |
| တောင်သာထန်းလျက် | ၁,၀၀၀ |
| ညောင်ဦးဆေးရှယ် | ၁,၂၀၀ |
| **မန်ကျည်း (တစ်ပိဿာနှုန်း)** | |
| ရမည်သင်းပွင့်ကပ် | ၇၀၀ |
| ကျောက်ပန်းတောင်း (အသား) | ၁,၀၅၀ |
| **သကြား (တစ်ပိဿာနှုန်း)** | |
| သကြား (ရှယ်) | ၉၂၀ |
| သကြား (ရိုးရိုး) | ၈၈၀ |
| **အာလူး (တစ်ပိဿာနှုန်း)** | |
| ဆင်ဖြူကျွန်း A1 | ၄၀၀ |
| ဆင်ဖြူကျွန်း OK | ၅၁၀ |
| ဆင်ဖြူကျွန်း S1 | ၅၆၀ |
| **ပုစွန်ခြောက် (တစ်ပိဿာနှုန်း)** | |
| ဖျာပုံရွှေပုစွန်ရှယ် | ၂၃,၀၀၀/၂၄,၀၀၀ |
| မြိတ် ပုစွန်လတ် | ၁၅,၀၀၀/၁၆,၀၀၀ |
| ရခိုင်ရွှေပုစွန် ရှယ် | ၁၄,၀၀၀/၁၅,၀၀၀ |
| **ငါးခြောက် (တစ်ပိဿာနှုန်း)** | |
| ငါးကျည်းကျပ်တိုက်ကြီး | ၂၀,၀၀၀/၂၂,၀၀၀ |
| ငါးရံ့ခြောက်ကြီး | ၁၈,၀၀၀/၁၉,၀၀၀ |
| ငါးကွမ်းရှပ် | ၉,၅၀၀/၁၀,၀၀၀ |

မှတ်ချက်
ဈေးနှုန်းအတက်အကျရှိနိုင်သည်။

### ဧပြီ ၈ ရက် ငွေလဲနှုန်း

| ငွေကြေး | ဝယ် | ရောင်း |
|---|---|---|
| အမေရိကန် | ၉၆၁ | ၉၆၅ |
| ယူရို | ၁,၃၁၂ | ၁,၃၂၇ |
| စင်ကာပူ | ၇၅၈ | ၇၆၅ |
| ဂျပန် | ၈. ၉၆ | ၉. ၄၆ |
| ထိုင်း | ၂၈. ၆၅ | ၃၀. ၁၅ |

ဘုရင့်နောင် ကုန်စည်ဒိုင်မှ ရရှိသော ဈေးနှုန်းများဖြစ်ပါသည်။

### ဧပြီ ၈ ရက် ရွှေဈေး

၁၅ ပဲ - ၆၂၉,၅၀၀ ကျပ်
၁၆ ပဲ - ၆၆၉,၅၀၀ ကျပ်

**ကမ္ဘာ့ရွှေဈေး**

၁,၃၀၉ ဒေါ်လာ (အမေရိကန်)
တိတ်စိန်ရတနာရွှေဆိုင်မှ ရရှိသော ဈေးနှုန်း ဖြစ်ပါသည်။

# KFC စားသောက်ဆိုင်သက်တမ်း နှစ် ၃၀ ပြည့် အခမ်းအနားကို ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်

■ ဘန်ကောက်ပို့စ်
**ဘန်ကောက်၊ ဧပြီ ၈**




*KFC စားသောက်ဆိုင်သစ် ၅၀ ထက်မနည်းကို ယခုနှစ်အတွင်း ဖွင့်လှစ်သွားမှာဖြစ်သည်။*

Yam Restaurants International (Thailand) သည် ၎င်းတို့၏ ထုတ်ကုန်များကို ပြန်လည် ဆန်းသစ်ခြင်းနှင့် ဆိုင်များ တိုးချဲ့ခြင်းဖြင့် ထိုင်းနိုင်ငံတွင် ၎င်းတို့၏ KFC စားသောက်ဆိုင်များကို အလုံးစုံ ပြုပြင်မွမ်းမံလျက်ရှိပြီး KFC စားသောက်ဆိုင်များ၏သက်တမ်း အနှစ် ၃၀ပြည့် အခမ်းအနားကို ကျင်းပလျက်ရှိသည်ဟု သည်နေးရှင်းသတင်းစာက ဧပြီလ ၈ ရက်တွင်ရေး သားဖော်ပြသည်။

KFC စားသောက်ဆိုင်များသည် ထိုင်းနိုင်ငံအတွင်း နှစ်သုံးဆယ်ကြာလည်ပတ် လုပ်ဆောင်လျက်ရှိပြီး ယခုအခါစားသောက်ဆိုင် ၃၀၀ ခန့်ကို ကုမ္ပဏီပိုင်အဖြစ် လည်ပတ် လုပ်ဆောင်လျက်ရှိပြီး အခြားဆိုင် ၂၀၀ ကို ပြည်တွင်း ဗဟိုစားသောက်ဆိုင်အဖွဲ့က လည်ပတ်လုပ်ဆောင်လျက်ရှိသည်ဟု KFC ရောင်းဝယ်ဖောက်ကားမှု ဒါရိုက်တာ ဘန်ရာချိုတီအီပက်ချာဗစ် က ပြောကြားသည်။

ကုမ္ပဏီပိုင် KFC စားသောက်ဆိုင်အရေအတွက်အရ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံပြီးနောက် ကမ္ဘာပေါ်တွင် KFC ၏ ဒုတိယ အကြီးဆုံးဈေးကွက်ဖြစ်ပြီး Yum Restaurant သည် ၂၀၂၀ မတိုင်မီ ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ငန်း အရေအတွက်ကို တိုးမြှင့်ရန် လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် Yum Restaurants ပိုင်လည်ပတ်လုပ်ကိုင်နေသော ဆိုင် ၅,၀၀၀ ခန့်ရှိသည်။ Yam Restaurants သည် အမေရိကတွင် စားသောက်ဆိုင် ၅၀၀ ခန့်ရှိသည်။ အခြား နိုင်ငံပေါင်း ၁၂၀ တွင်လည်းစားသောက်ဆိုင်ပေါင်း ၂၀,၀၀၀ ခန့်ကို ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။

ကျွန်တော်တို့အနေနဲ့အခုနှစ်မှာ ထိုင်းနိုင်ငံအတွင်းရှိ KFC စားသောက်ဆိုင်များတွင် ဘတ်ငွေ ၂ ဒသမ ၂ ဘီလီယံခန့်ရင်းနှီးမြှုပ်နှံသွားမှာ ဖြစ်ပါတယ်။ ၎င်းတို့အနက် ဘတ် ၇၀၀ ကိုရောင်းဝယ် ဖောက်ကားမှုလုပ်ငန်းတွေမှာ အသုံးပြုသွားမှာဖြစ်ပြီး ဘတ် ၁ ဒသမ ၅ ဘီလီယံကို စတိုးဆိုင်များ ထပ်မံချဲ့ထွင်ခြင်းနှင့် လက်ရှိရှိနေသော စားသောက်ဆိုင်များ ပြင်ဆင်မွမ်းမံခြင်းတို့တွင် အသုံးပြုသွားမှာဖြစ်ပါတယ်ဟု သန်ရာချိုတီက ပြောကြားသည်။

KFC စားသောက်ဆိုင်သစ် ၅၀ ထက်မနည်းကို ယခုနှစ်အတွင်း ဖွင့်လှစ်သွားမှာဖြစ်ပြီး ၎င်းတို့အနက် တစ်ဝက်ခန့်ကို နိုင်ငံအထက်ပိုင်းဒေသတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါတယ်ဟု ၎င်းကပြောကြားသည်။ KFC စားသောက်ဆိုင်တွေရဲ့ ၈၀ ရာခိုင်နှုန်းကို ရှော့ပင်းမောလ်တွေနဲ့ ဟိုက် ပါမားကတ်တွေမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိ ရှိနေသော စားသောက်ဆိုင် ၃၀ ခန့်ကို ယခုနှစ်အတွင်း ပြင်ဆင်မွမ်းမံသွားမှာဖြစ်ပါတယ်ဟု၎င်းက ထပ်လောင်းပြောကြားသည်။

မိမိတို့အနေဖြင့် KFC အမှတ်တံဆိပ်ကို ခေတ်မီအောင် လုပ်ဆောင်ရန် ဆန္ဒရှိပြီး e-commerce ကဲ့သို့သော နည်းပညာ၊ ဒစ်ဂျစ်တယ်နည်းပညာများနှင့် ချိတ်ဆက်ရန်လည်း ဆန္ဒရှိပါတယ်ဟု သန်ရာချိုတီက ပြောကြားသည်။ ကုမ္ပဏီ၏ မဟာဗျူဟာနှင့်အညီ ဆယ်ကျော်သက်အရွယ်အပါအဝင် မိမိတို့၏ လက်ရှိစားသုံးသူများကို ထိန်းသိမ်းရန်နှင့် ဖောက်သည်သစ်များကိုဆွဲဆောင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သန်ရာချိုတီက ပြောကြားခဲ့သည်။

KFC စားသောက်ဆိုင်သည် ၂၀၁၃ ခုနှစ်က နှစ်စဉ်ရောင်းရငွေ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၎င်းတို့၏ အိမ်အရောက် ပေးပို့သည့်ဝန်ဆောင်မှုသည်လည်း ၁၀ ရာခိုင်နှုန်း အထိတိုးတက်ခဲ့သည်။

Yum Restaurants သည် ၎င်းတို့၏ အောင်မြင်မှုအတွက် စားသုံးသူများကို ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် KFC Thailand နှစ် ၃၀ ပြည့်အထိမ်းအမှတ်ပွဲ စတင်ကျင်းပလျက်ရှိသည်။ အထိမ်းအမှတ်ပွဲသည် ကွယ်လွန်သွားပြီ ဖြစ်သော 'ယူတည်ထောင်သူ ဗိုလ်မှူးကြီး ဟာလ်ဆန်၏ ဇာတိမြေ ကန်တက်ကီရှိသို့ ၇ ရက်ကြာ အလည်အပတ်ခရီးသွားရောက်နိုင်သည့်အစီအစဉ်ကိုလည်း ထည့်သွင်းထားသည်။ ခရီးစဉ်သည် ဘတ် ၁ ဒသမ ၃ သန်း တန်ဖိုးရှိသည်။ အထိမ်းအမှတ်ပွဲကို ဧပြီ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ■

# စားသုံးသူဈေးကွက်ကျယ်ပြန့်လာသည့် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ဆောင်ရန် စင်ကာပူတိုက်တွန်း

■ ဘလွန်းဘတ်
**စင်ကာပူ၊ ဧပြီ ၈**




*စင်ကာပူနိုင်ငံအနေဖြင့် ရေကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှု ပမာဏမှာ တိုးမြှင့်လာနိုင်ဖွယ်ရှိသည်။*

တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် မှီခိုနေရမှုကို လျှော့ချရန် ကြိုးပမ်းနေစဉ် စင်ကာပူနိုင်ငံသည် ကမ္ဘာ၏ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင်မြင့်တက်လာသော စားသုံးသူဈေးကွက်ကို ရယူရန်အတွက် ယင်းနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် ၎င်းနိုင်ငံရှိကုမ္ပဏီများကို တိုက်တွန်းလျက်ရှိသည်ဟု ဘလွန်းဘတ် သတင်းဌာနက ဧပြီလ ၆ ရက်တွင် ရေးသားဖော်ပြသည်။

စင်ကာပူနိုင်ငံအနေဖြင့် ရေကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှု ပမာဏမှာ တိုးမြှင့်လာနိုင်ဖွယ်ရှိသည်ဟု IE Singapore ဟု လူသိများသော ကုန်သွယ်မှုတိုးမြှင့်ရေးအေဂျင်စီ အကြီးအကဲ ဆက်ရှုမ်မင်က ပြောကြားသည်။

စွမ်းအင်ထောက်ပံ့မှုနှင့် ကုန်သွယ်မှု ကုမ္ပဏီ၏ အကြီးအကဲလည်းဖြစ်သူ ဆက်ရှုံသည် ၎င်း၏ပထမဆုံး ပြည်ပခရီးစဉ်တွင် အေဂျင်စီ၏ အကြီးအကဲအဖြစ် ယခုသီတင်းပတ်အတွင်း တရုတ်နိုင်ငံ ရှန်တုန်သို့ သွားရောက်မည်ဖြစ်သည်။ ထိုသို့သွားရောက်ရာတွင် စင်ကာပူနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွားမည်ဖြစ်သည်။

ဈေးကွက် အခွင့်အလမ်း (သို့မဟုတ်) စီးပွားရေးအခွင့်အလမ်းများအပေါ် မိမိတို့ ရရှိနိုင်သည့် အခွင့်အလမ်းများကို လုပ်ဆောင်သွားရန် ဆန္ဒရှိပါတယ်"ဟု ဧပြီ ၂ ရက်က ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် ၎င်းကပြောကြားသည်။ ■

# ထိုင်းစီးပွားရေး ခန့်မှန်းချက်ကို ကမ္ဘာ့ဘဏ် ပြောင်းလဲ

■ ကိတ်ဘရင်တွန်ပို့စ်
**ဘန်ကောက်၊ ဧပြီ ၈**

ကမ္ဘာ့ဘဏ်က ထိုင်းနိုင်ငံတွင်နိုင်ငံရေး ပဋိပက္ခများဆက်ဖြစ်နေဆဲကြောင့် ပြည်တွင်းဝယ်လိုအားအပေါ် သက်ရောက်မှုရှိနေဆဲဖြစ်၍ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို သိသိသာသာ လျှော့ချခန့်မှန်းထားကြောင်း ကိတ်ဘရင်တွန်ပို့စ် သတင်းတွင် ဧပြီ ၇ ရက်က ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုမှာ ၄ ဒသမ ၅ ရာခိုင်နှုန်းထိရှိနိုင်သည်ဟု ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် ခန့်မှန်းထားသည်ဟုလည်း အထက်ပါ သတင်းတွင် ရေးသားဖော်ပြသည်။

သို့ရာတွင် ကမ္ဘာ့ဘဏ်က ထိုင်းနိုင်ငံတွင်ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် ၂၀၁၄ ခုနှစ်တွင် ထိုင်းစီးပွားရေးဖွံ့ဖြိုးမှုမှာ ၃ ရာခိုင်နှုန်းသာရှိတော့မည်ဖြစ်သည်ဟု ပြောင်းလဲထုတ်ပြန်ခဲ့သည်။

၂၀၁၅ ခုနှစ်အတွက်လည်း ထိုင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးမှုကို ၅ ရာခိုင်နှုန်းခန့် မှန်းထားရာမှ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိမည်ဟု ကမ္ဘာ့ဘဏ်က လျှော့ချခန့်မှန်းသည်။

ထိုင်းနိုင်ငံသည် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ငါးလကျော်ကြာဖြစ်ပွားနေခဲ့သည်။ သို့အတွက် ခရီးသွားဧည့်သည် ရောက်ရှိမှုများကျဆင်းလျက် ရှိသည်ဟုလည်း အထက်ပါသတင်းတွင် ရေးသားဖော်ပြသည်။

၎င်းအပြင် ထိုင်းပြည်သူများ ၏ စီးပွားရေးလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ ထိုင်းနိုင်ငံအပေါ် စိတ်ချယုံကြည်မှုမှာလည်း လျော့နည်းကျဆင်းခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ဆိုသည်။

နိုင်ငံရေး အဓိကရုဏ်းများရဲ့ မရေရာမသေချာမှု အခြေအနေကြောင့် ပြည်သူများက ယခုနှစ်အချိန်မှာ အသုံးစရိတ်အပေါ် ပိုမိုသတိထားသုံးစွဲလာဖွယ်ရာရှိနေသည်ဟု ကမ္ဘာ့ဘဏ် အစီအရင်ခံစာတွင် ဖော်ပြထားသည်။ ■

mizzima Daily
ဧပြီ ၉ ရက်၊ ၂၀၁၄ (ဗုဒ္ဓဟူးနေ့)

# နှလုံးလှ ဆရာဝန်များသို့

■ နန်းစံနွံ (ခေတ္တ-နယူးယောက်မြို့)



မြန်မာပြည်နဲ့ ဆယ်နှစ်တာ ဝေးကွာနေချိန်မှာ မြန်မာဆရာဝန်များကို "အသပြောဆရာဝန်များ" အဖြစ်နဲ့သာ အွန်လိုင်းသတင်းတွေ ဂျာနယ်တွေကတစ်ဆင့် ကျွန်မ ထိတွေ့ခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရဲ့ ဆေးရုံတွေမှာ "လူနာသာလျှင်အဓိက" ဆိုတဲ့စနစ်ကို လေ့လာကျင့်သုံးနေရသည့်အတွက် မြန်မာဆရာဝန်များ၏ မှားယွင်းကုသမှုတွေ၊ ဆေးရုံဝန်ထမ်းများ မောက်မာမှုတွေစတဲ့ သတင်းဆိုးတွေကို ဖတ်ရတိုင်း ကျွန်မ စိတ်မကောင်း ဖြစ်မိသည်။

မြန်မာပြည်မှာ စေတနာဆရာဝန်တွေ တကယ်ပဲ မရှိတော့ဘူးလား။ ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ လေ့လာခွင့်ရဖို့အကြောင်း ဖန်လာသည်။ "အမေ့ကို Pacemaker (ခေါ်) နှလုံးနှိုးဆွစက်တပ်ဆင်ဖို့ မန္တလေး ဆေးရုံမှာ ခွဲစိတ်ကုသရမယ်" ဆိုတဲ့ သတင်းကြောင့်ပဲ ဖြစ်သည်။

နယူးယောက်မှာတော့ ဒီလိုခွဲစိတ်မှုမျိုးကို အသေးစားခွဲစိတ်မှု တစ်ခုအနေနဲ့ သတ်မှတ်သော်လည်း (ကျွန်မ ထွက်လာခဲ့တဲ့ ၂၀၀၃ ခုနှစ်ဝန်းကျင်က) မြန်မာပြည်မှာ ဒီလိုခွဲစိတ်မှုမျိုးလုပ်နိုင်တာ မကြားဖူးခဲ့တော့ စိတ်ပူသည်။ "မန္တလေး ပြည်သူ့ဆေးရုံမှာ ခွဲစိတ်မယ့်စက်တွေက ပုဂ္ဂလိက ဆေးရုံတွေလောက် ကောင်းပါ့မလား၊ ဆရာဝန်တွေက ကျွမ်းကျင်မှုရှိပါ့မလား . . . စသည်ဖြင့် ကျွန်မ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ခဲ့ရသည်။

အွန်လိုင်းပေါ် တက်ဖတ်ပြန်တော့ . . . မြန်မာဆရာဝန်တွေကောင်းကြောင်း ရေးထားတဲ့အကြောင်း တစ်ပုဒ်မှမတွေ့။ အမေရိကန်ရောက် မြန်မာနှလုံးရောဂါကု ဆရာဝန်တစ်ဦးရေးထားသည့် ဆောင်းပါးတစ်ခုတွင် "မြန်မာနိုင်ငံသည် နိုင်ငံတကာ အဆင့်မီအဆင့်မြင့် နှလုံးအရေးပေါ် ကုသခန်းနှင့် MRI များကို တည်ထောင်ထားသော်လည်း ထိုကိရိယာများကို ကိုင်တွယ်နိုင်သည့် ကျွမ်းကျင်သူများ မရှိပါ" ဟု ရေးထားသဖြင့် ပိုပြီး စိတ်ပူရ၏။ (The Voice၊ ၂၀၁၃၊ ဇူလိုင်လထုတ်)

ဒီလိုနှင့် မန္တလေးဆေးရုံကြီး၏ နှလုံးရောဂါအထူးကုဌာနကို ကျွန်မ မျက်စိသူငယ်၊ နားသူငယ်နှင့် ရောက်သွားခဲ့သည်။ ဆေးရုံမှာ အသုံးပြုနေသော နှလုံးနှိုးဆွစက်အမျိုးအစားများကို လေ့လာကြည့်တော့ Medtronic လို နာမည်ကြီး ကုမ္ပဏီက ထုတ်ထားသည့်စက်များ (နှလုံးအခန်းတစ်ခု အတွက်၊ အခန်းနှစ်ခုအတွက်၊ MRI အရိုက်ခံနိုင်သည့် စက် စသဖြင့်) အမေရိကန်နိုင်ငံထုတ်နှင့် အိန္ဒိယနိုင်ငံထုတ်စက်များ အသုံးပြုနေသည်ကိုတွေ့ရသည်။ Medtronic စက်တွေ နိုင်ငံတကာအဆင့်မီဆိုတော့ မဆိုးလှ။ ခွဲစိတ်မည့်ဆရာဝန်များက ပါမောက္ခ ဒေါက်တာဒေါ် သန်းသန်းကြိုင်နှင့် မကြာသေးမီက UK မှ ပြန်လာသည့် ဒေါက်တာကျော်စိုးဝင်း ဟု သိရသည်။ နှစ်ယောက်စလုံး နှလုံးအထူးကုများဖြစ်ကြပြီး၊ ကျွမ်းကျင်မှုရှိလှသဖြင့် တချို့လူနာများက အိမ်နီးချင်းနိုင်ငံများတွင် ခွဲစိတ်ဖို့ တတ်နိုင်သော်လည်း သူတို့အပေါ် ပိုမို ယုံကြည်အားထားသဖြင့် မန္တလေးမှာပင် ခွဲကြသတဲ့။ ဝမ်းသာစရာပေါ့။

ဆရာဝန်တွေနဲ့တွေ့ဖို့ ထိုင်စောင့်နေတုန်း နံဘေးမှ အမျိုးသမီးတစ်ဦးက "ကြီးကြီးလည်း သမီးအမေလိုပဲ စက်ထည့်ထားတာလေ။ အဲဒါ ခွဲနေတုန်းမီးပျက်သွားလို့ ကြောက်လိုက်ရတာ" တဲ့။ အားပေး၏။ သူ့ကိုခွဲတာ လွန်ခဲ့တဲ့နှစ်ကဆိုတော့ အခုရော မီးပျက်လေ့ရှိသေးလား။ ဆေးရုံဝန်ထမ်းတွေကို မေးမေးရသေး၏။ မရှိ၊ ပျက်လျှင် မီးစက်ရှိသည်ဆိုတော့မှ သက်ပြင်းချမိသည်။

ဒေါက်တာ ဒေါ်သန်းသန်းကြိုင်နှင့် တွေ့သည့်အခါ အဆိုပါဌာနတွင် နှလုံးနှိုးဆွစက်တပ်ဆင်ခြင်းသာမက နှလုံးသွေးကြောချဲ့ခြင်း၊ နှလုံးအဆို့ရှင်ချဲ့ခြင်း၊ မွေးရာပါ နှလုံးအပေါက်များပိတ်ခြင်းစသည့် နှလုံးရောဂါနှင့်ဆိုင်သည့် ခွဲစိတ်ကုသမှုအမျိုးမျိုးကို အောင်အောင်မြင်မြင် လုပ်ပေးနေကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုရှိ ဆေးရုံအချို့တွင် မရှိသေးသည့် အရေးပေါ် နှလုံးသွေးကြောချဲ့ခြင်း Primary PCI (Stent Placement) ကဲ့သို့ ခွဲစိတ်မှုမျိုးကိုပင် နိုင်ငံခြားသားဆရာဝန်များမပါဘဲ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလမှစပြီး ဆောင်ရွက်နေကြောင်းသိရသဖြင့် ကျွန်မ ချီးကျူးမိ၏။ အမေရိကန်ပြည်ထောင်စုက ခွဲစိတ်ကုန်ကျစရိတ်ထက် မြန်မာပြည်က ခွဲစိတ်ကုသမှု ကုန်ကျစရိတ်က ၁၀ ဆနီးပါး သက်သာပါသည်။ အလားတူ ခွဲစိတ်မှုအတွက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံတွင် သိန်း ၈၀ မှ ၂၀၀ ခန့် ထိုင်းနိုင်ငံ ဘန်ကောက်တွင် သိန်း ၅၅ မှ ၁၀၀ ထိ ကုန်ကျသဖြင့် ကျွန်မတို့ဆီမှာ သက်သာနေသေးသည်ကို တွေ့ရသည်။

အမေ့ကို ခွဲစိတ်သည့်နေ့မှာ နှလုံးခွဲစိတ်မှု အရေးတကြီး လိုအပ်နေပြီး ငွေကြေးမတတ်နိုင်သည့် လူနာနှစ်ယောက်ကို ဌာနမှ အခမဲ့ ခွဲစိတ်ကုသပေးသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။ ငွေကြေး မတတ်နိုင်သူများအတွက် နှလုံးနှိုးဆွစက်ကို အမေရိကန်ပြည်ထောင်စုမှ မြန်မာဆရာဝန်ကြီး တစ်ဦးက တစ်နိုင်ပေးပို့ လှူဒါန်းနေသည် ဟု သိရသည်။

အမေက်ကောင်းသည်ဟု ဆိုရမည် ထင်သည်။ နှလုံးရောဂါ ကြပ်မတ်ကုသဆောင်က ဆောက်လုပ်ပြီးခါစမို့ သစ်လွင်သည်။ ကြမ်းပိုးတွေ ဘာတွေ မရှိသေး။ မန္တလေးမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အသစ်ဆောက် လှူဒါန်းပေးသတဲ့။

စေတနာရှင်တွေ ဝိုင်းဝန်းလှူဒါန်းနေကြသည့်ကြားက ပြည်သူ့ဆေးရုံသည် လိုအပ်မှုတွေ များပြားလှ၏။ ဆေးဝါးများက အစ ပလာစတာကအဆုံး လူနာများကိုယ်တိုင်ဝယ်နေရဆဲပင် ဖြစ်သည်။ နှလုံးခွဲစိတ်ကုသမှုအပြီး ၇ ရက်တာထိုးရသည့် antibiotics က တစ်လုံးကို ခြောက်ထောင်ကျော်၏။ နယ်ကနေဆေးလာကုဖို့ ခရီးစရိတ်တောင် ငွေချေးလာရသည့်အတွက် ဆေးဝါးများဝယ်ရမည့် စာရွက်လေးကို ကြည့်ပြီး ညှိုးနွမ်းနေသည့် သီလရှင်ဆရာလေး တစ်ပါး၏ မျက်လုံးမှိုင်းမှိုင်းတွေကို ကျွန်မ မြင်ယောင်နေဆဲ။

လက်လှမ်းမီသလောက်၊ လှူနိုင်သလောက်ကို ကျွန်မ စိတ်လိုလက်ရ လှူဖြစ်ခဲ့သည်။ အဲ . . . အလိုမတူဘဲ လှူခဲ့ရသည် ကသွေး။ တခြားလူနာကိုတော့ မဟုတ် မန္တလာခြင်များကို ဖြစ်သည်။ အမေ့ကို မခွဲမီတစ်ညနှင့် ခွဲစိတ်ပြီးတစ်ညတွင် သီးသန့်ခန်းမရသဖြင့် ကျွန်မ အိပ်စရာနေရာမရ။ အမှီမပါသည့်ပလတ်စတစ်ခုံလေးပေါ်မှာ ထိုင်ရင်း၊ ယပ်တောင်တစ်ချောင်းဖြင့် ခြင်တွေကို ယပ်ခပ်ရသည်။ အရှောင်အတိမ်းတော်သော ရွှေမန္တလာခြင်များက လစ်ရင်လစ်သလို ဆစ်ခနဲ၊ ဆစ်ခနဲ သွေးစုပ်သွားသည်။ ညနေစောင်းမှာပင် ကျွန်မ ခြေသလုံးတွေ၊ လက်မောင်းတွေမှာ အဖုတွေ အပိန့်တွေနှင့်။ ခြင်ဆေးခွေက အနံ့ပြင်းသဖြင့် ထွန်းခွင့်မပြု။ "ခြင်ကိုက်ခံရတာများ အဆန်းလုပ်လို့" ဆိုပြီး ပြောချင်သူတွေ ပြောကြလိမ့်မည်။ အမေရိကမှာနေသည့် ၁၀ နှစ်တာအတွင်း ခြင်ကိုက်ခံရသည့် အရသာကို ကျွန်မမေ့နေခဲ့တာ အမှန်။

အမေဆေးရုံတက်သည့် ၁၀ ရက်တာ ကာလအတွင်း မန္တလေး ပြည်သူ့ဆေးရုံကြီး အတွင်းရှိ နှလုံးကုသဌာနမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများကို ကျွန်မ သိကျွမ်းခွင့်ရခဲ့သည်။ ကျွန်မအမြင်ကို ဘက်မလိုက်စတမ်း ရေးပါမည်။

စေတနာ့ဝန်ထမ်းများ ဒေါက်တာ ဒေါ်သန်းသန်းကြိုင်၊ ဒေါက်တာကျော်စိုးဝင်းတို့ ဦးဆောင်သည့် နှလုံးရောဂါကုဌာနမှ ဝန်ထမ်းများသည်စေတနာ့ ဝန်ထမ်းများ ဖြစ်ကြသည်။ လုပ်သင့်သည်ထက် ပိုအလုပ်လုပ်ကြသည်ဟု မြင်သည်။ အမေရိကန်ပြည်ထောင်စုမှာ ခွဲစိတ်ဆရာဝန်တစ်ဦးက တစ်ရက်လျှင် ခွဲစိတ်မှုနှစ်ခုမှ လေးခုအထိသာ လုပ်ကြသည်။ နှလုံးကဲ့သို့ အကြီးစားခွဲစိတ်မှု ရှိပါက၊ တစ်နေ့တစ်ခုပဲ ခွဲနိုင်သည်။ အချိန်ပိုသွားလျှင် အချိန်ပိုကြေး ရကြသည်။ အမေ့ကိုခွဲသောနေ့က ခွဲစိတ်လူနာ ရှစ်ဦးရှိသည်။ သူတို့တွေ ခွဲစိတ်ခန်းထဲမှာ မတ်တပ်ရပ်ပြီး၊ လူနာတစ်ယောက်ပြီး တစ်ယောက်ကို တစ်နေကုန်ခွဲကြသည်။ အချိန်ပိုကြေးမရ၊ ခွဲစိတ်ကြေးသီးသန့် ထပ်မရကြ။ အစိုးရပေးသောလစာကိုသာ ရကြသည်။ တချို့ရက်မှာ ခွဲစိတ်လူနာ ၁၂ ဦးထိ ရှိသည်ဟု သိရသည်။

စနေ၊တနင်္ဂနွေမှာလည်း ဆရာဝန်ကြီးတွေက အလုပ်ဆင်းသည်။ ခွဲထားသည့် လူနာများအခြေအနေကို စိတ်ချရအောင် Round လှည့်ကြပြီးမှ ကိုယ်ပိုင်ဆေးခန်းတွေဆီ သွားကြသည်။ အမေ ဆေးရုံ ဆင်းခါနီးချိန်တွင် ဆရာဝန်တစ်ဦးချင်း၊ သူနာပြုဆရာမကြီးများ တစ်ဦးချင်းဆီ အလှူငွေသွားပေးတော့ လက်မခံကြ။ ဆေးရုံမှာ တက်နေသည့် နွမ်းပါးသူများအတွက် စရိတ်မျှပေးသည့် ရန်ပုံငွေထဲကိုပြန်ထည့်ကာ ကျွန်မကို ဖြတ်ပိုင်းရေးပေးကြသည်။ စာသင်ခန်းမှာလိုနေသည့် စားပွဲဝိုင်းကြီးအတွက်ဆိုပြီး သူတို့ကိုပေးသောငွေကို ပြန်လှူကြသည်။ ပြင်ပဆေးခန်းများတွင် အခကြေးငွေဖြင့် ကုသသော်လည်း ဒေါက်တာသန်းသန်းကြိုင်က "ဒီဆေးရုံကြီးမှာလာပြီး ကုသမှုခံယူတဲ့ လူနာတွေဆီကနေ အလှူငွေမယူဖို့ အမိဋ္ဌာန်ထားတယ်။ လိုအပ်တဲ့ လူနာတွေကိုဖြစ်ဖြစ် ဒါမှမဟုတ် ဌာနအတွက်ဖြစ်ဖြစ်ပဲလှူသွားပါ" ဟု ဆိုသည်။ တခြားလူနာများကို မေးမြန်းကြည့်တော့ သူတို့ထံမှလည်း မယူကြောင်း သိရသည်။

UK မှာ ဘွဲ့လွန်ပညာသင်ပြီး၊ အလုပ်လုပ်ခွင့်ရသော်လည်း မြန်မာပြည်ကို ပြန်ဖို့ ဆုံးဖြတ်ခဲ့သည့် ဒေါက်တာကျော်စိုးဝင်းက "နိုင်ငံခြားမှာက အထူးကုဆရာဝန်ကြီးတွေ ပေါများ ပိုလျှံနေပြီ။ ကျွန်တော်တို့ဆီမှာက မလုံလောက်သေးဘူးလေ။ နိုင်ငံခြားမှာ လောက် လစာမရပေမယ့်၊ ဒီမှာက လူနာတွေရဲ့ အားကိုးယုံကြည်မှု၊ လေးစားမှုတွေ ကပိုတယ်။ ဒါကြောင့် ပြန်လာခဲ့တာပါ" ဟု ဆိုသည်။

ဒီလိုဆရာဝန်မျိုး၊ ဝန်ထမ်းမျိုးတွေ အကြောင်း အွန်လိုင်းသတင်းတွေမှာ မဖတ်မိခဲ့သော်လည်း အပြင်မှာ တကယ်ကြုံတွေ့ခဲ့ရသည်။

**ဝန်ထမ်းများ ထပ်မံခန့်အပ်ရန်လိုအပ်**

စေတနာ့ဝန်ထမ်းများ ဖြစ်သော်လည်း ဝန်ထမ်းအရေအတွက် မလုံလောက်သဖြင့် သူတို့တွေ စိတ်ထဲရှိသလောက် မလုပ်နိုင်ကြ။ အမေ့ကိုသွင်းထားသည့် ပုလင်းကြီးမှ ဆေးကုန်သဖြင့် သွားခေါ်သော်လည်း ဆရာမများ အချိန်မီမလာနိုင်သည့်အတွက် ကျွန်မ ဆွဲဖြုတ်လိုက်ရသည့်အခါတွေ ရှိခဲ့သည်။ ထမိအနီဝတ် သူနာပြုဆရာမလေးတစ်ဦး၏ ပြောပြချက်အရ . . . ညစောင့်ဆရာမ တစ်ဦးလျှင် အထပ်နှစ်ထပ် တာဝန်ယူရကြောင်း သိရသည်။ တစ်ထပ်လျှင် လူနာ ၁၀ ဦးမှ ၁၂ ဦး ရှိသည်။ နှစ်ထပ်ဆိုတော့ နှစ်ဆယ်ပဲထားဦး။

(နယူးယောက်မှ ဆေးရုံများတွင် သူနာပြုဆရာမတစ်ဦးက တစ်ရက်လျှင် လူနာခြောက်ယောက်မှ ခုနစ်ယောက်သာ ကြည့်ဖို့ ကန့်သတ်ထားသည်) သာမာန်ဆေးတိုက်၊ သွေးပေါင်ချိန်ပေးရလျှင် မထောင်းသာလှသော်လည်း အရေးပေါ် တစ်ခုခုဖြစ်လာလျှင် သူတို့ခမျာ ဒုက္ခရောက်ရသည်။ အပေါ်ထပ်မှာရှိနေစဉ်၊ အောက်ထပ်က ပုလင်းကြီး ဆေးကုန်လည်း လာမဖြုတ်နိုင် ဖြစ်ရသည်။ ဆရာမနှင့်လူနာ အင်အားမမျှသဖြင့် သူတို့မှာ မနိုင်ဝန်ထမ်းနေကြရသည်။ နှလုံးဌာနမှာ အလုပ်လျှောက်လိုသည့် သူနာပြုများစွာ လျှောက်လွှာတင်ထားသော်လည်း ခန့်ဖို့ အထက်က အမိန့်မကျဟုသိရသည်။

ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည့် ကျန်းမာရေးကဏ္ဍမြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက "ကျွန်တော်တို့နိုင်ငံမှာ ဆရာဝန်ဦးရေ သုံးသောင်းဝန်းကျင်ရှိပေမယ့် သုံးပုံတစ်ပုံပဲ အစိုးရဝန်ထမ်းအနေနဲ့ တာဝန်ထမ်းဆောင်နေတယ်" ဟု ပြောသွားသည်။ ဘွဲ့ရပြီး ဆရာဝန်များ ပိုလျှံနေသော်လည်း ကျွန်မတို့ရှမ်းပြည်ကရွာ တော်တော်များများမှာ ဆရာဝန်မရှိသေး။ ရန်ကုန်က သူငယ်ချင်းဆရာဝန်တွေနဲ့ တွေ့တော့ . . . အစိုးရဆေးရုံတွေမှာ ဝင်ဖို့အတွက် ပို့စတင်ကျဖို့ နှစ်ရှည်စောင့်ရင်း လင်ယူသားမွေးဖြစ်၊ NGO တွေမှာ . . ဆေးကုမ္ပဏီတွေမှာ ဝင်လုပ်သူတွေက လုပ်နေသည်ကို တွေ့ခဲ့သည်။ ဒီပညာရှင်တွေသည် နှစ်ပေါင်းများစွာရင်းပြီး ဆေးပညာဘွဲ့ကို ယူခဲ့ကြသည်။ အလုပ်မရသေးတာ သူတို့အတွက် နိုင်ငံတော်အတွက် ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးနေသည်ဟု မြင်သည်။ ဒီပညာရှင်တွေ ပြည်ပထွက်သွားမှ ပြန်လာဖို့ လိုက်ခေါ်တာနဲ့စာလျှင် ခု ကတည်းက ဦးနှောက်ယိုစီးမှုမဖြစ်အောင် တားဆီးသင့်သည်။ အမေရိကကိုပြန်ရောက်လာတော့ မိတ်ဆွေများက သူတို့ဖတ်ထားရသည့် သတင်းတွေထဲက အသပြောဆရာဝန်တွေအကြောင်း၊ မှားယွင်းကုသမှုတွေ အကြောင်း ပြောပြသည့်အခါ ကျွန်မကလည်း ကျွန်မ တွေ့ခဲ့သည့် စေတနာဆရာဝန်များနှင့် ဝန်ထမ်းများအကြောင်း ပြန်ပြောပြလိုက်သည်။ တချို့ကလည်းမယုံကြ။ ဘာပဲပြောပြော လွန်ခဲ့သောသုံးလခန့်က တစ်မိနစ်ကို အကြိမ် ၃၀ သာခုန်ပြီး၊ အလုပ်ကောင်းကောင်း မလုပ် သဖြင့် စိုးရိမ်စရာဖြစ်ခဲ့သည့် အမေ့နှလုံးသည် အခုတော့ တစ်မိနစ်ကို အကြိမ် ၆၀ ခုန်ပြီး အလုပ်ကောင်းကောင်း လုပ်နေပြီ ဖြစ်သည်။ ■



# ရေဝေရေလဲဒေသ

■ ချစ်ရန်တိုး(မြစ်ချောင်း)

ကုန်းမြေအပိုင်းအခြားနှင့် ရေနယ်နိမိတ်တို့သည် ရေဝပ်ဒေသ၊(သို့မဟုတ်)ရေစီးဆင်းမှုမြစ်ဝှမ်း၊(သို့မဟုတ်)ရေဝေရေလဲဒေသဟုခေါ်သော သဘာဝစနစ်ကြီးထဲတွင် ဂေဟစနစ်အရ ချိတ်ဆက်ထားပါသည်။ အသေးမွှားဆုံး ရေစက်ရေပေါက်ကလေးမှအစ၊ အင်မတန်ကြီးမားသော မြစ်ကြီးများအဆုံး ရေသည် ကျွန်တော်တို့ မြေထုကို ပုံသွင်းနေပါသည်။ ရေလမ်းကြောင်းလမ်းမှတဆင့် နုန်းအနည်အနှစ်များ၊ ပျော်ဝင်ပစ္စည်းများကို သယ်ဆောင်လာခြင်း ဖြစ်ပါသည်။ နောက်ဆုံးတွင် ပင်လယ်သမုဒ္ဒရာကြီးအတွင်းသို့ စီးဝင်သွားပါသည်။ တဖန် မြစ်ဆိုသည်မှာလည်း ၎င်းတည်ရှိရာမြေထုကြီး၏ ထုတ်ကုန်ပစ္စည်းတစ်ခု ဖြစ်နေပြန်ပါသည်။ ကျောက်အမျိုးအစား၊ မြေအမျိုးအစား၊ ကုန်းမြေမျက်နှာပြင်အသွင်သဏ္ဍာန်၊ မိုးရေချိန်ပမာဏ၊ သစ်တောလွှမ်းခြုံမှု အစရှိသော အကြောင်းအချက်များသည် မြစ်တစ်စင်း၏ ပုံစံ၊ အရွယ်အစားနှင့် ရေစီးဆင်းမှုတို့ကို အဆုံးအဖြတ် ပြုကြပါသည်။

ရေဝေရေလဲဒေသတစ်ခု (တစ်နည်းအား ဖြင့် ရွာသွန်းသောမိုးရေအားလုံးကို ခံယူပြီး မြစ်ချောင်း၊ အင်းအိုင်များသို့ စီးဆင်းစေသော မြေနေရာဝန်းကျင်တစ်ခု) သည် ကျွန်တော်တို့အားလုံးကို လွှမ်းခြုံပိုင်ဆိုင်ထားပါသည်။ ရေဝေရေလဲ ဒေသတစ်ခုတွင် ယင်းကိုမှီခိုနေကြသော လူသားများအားလုံး၊ သစ်ပင်ပန်းမန်များနှင့် သားရဲတိရစ္ဆာန်များအပြင်ကျွန်တော်တို့တည်ဆောက်ဖန်တီးထားကြသော အဆောက်အအုံများ၊ လမ်းတံတားများလည်း ပါဝင်လျက် ရှိပါသည်။ ကျွန်တော်တို့လုပ်ဆောင်သမျှ အရာအားလုံးသည် ကျွန်တော်တို့ ရေဝေရေလဲဒေသကို အကျိုးသက်ရောက်မှုရှိပါသည်။ အဝတ်လျှော်ခြင်း၊ သစ်ပင်စိုက်ခြင်းမှ သတ္တုတူးဖော်ခြင်းအထိ၊ စီးပွားဖြစ် လယ်ယာစိုက်ပျိုးရေး၊ လမ်းတံတား၊ ဆည်ကြီးများဆောက်လုပ်ခြင်းတို့အပါအဝင်ဖြစ်ပါသည်။ တဖန် ရေဝေရေလဲဒေသကလည်း ကျွန်တော်လုပ်ဆောင်ချက်များအပေါ်တွင် ပြန်လည် အကျိုးသက်ရောက်မှု ရှိနေပြန်ပါသည်။ မည်သည့်အပင်သာစိုက်ရန်၊ မည်သည့်သတ္တဝါများနှင့် အကောင်ရေ ဘယ်လောက်သာရှိရန်၊ ယင်းဒေသအတွင်း လူဦးရေမည်မျှသာ နေထိုင်စားသောက်ရန် စသည်ဖြင့် ကန့်သတ်ထားနိုင်ပါသည်။

ရေဝေရေလဲဒေသနှင့် ပတ်သက်၍ အရေးကြီးဆုံးအမှန်တရားတစ်ခုမှာ ကျွန်တော်တို့အားလုံး မြစ်အောက်ပိုင်းတွင် နေထိုင်နေကြသကဲ့သို့ မြစ်အထက်ပိုင်းတွင်လည်း အသက်ရှင် နေထိုင်ကြပါသည်။ ရေဝေရေလဲဒေသအတွင်းရှိ မြေကြီးပေါ်သို့ အမှိုက်တစ်စ ချလိုက်မည်ဆိုပါက ယင်းအမှိုက်သည် နောက်ဆုံးတွင် မြစ်ချောင်းများ၊ ရေကန်များ (သို့မဟုတ်)ရေဝပ်ဒေသများအတွင်းသို့ရောက်ရှိသွားနိုင်သည်။ ထို့အတူ လေထုအတွင်းသို့ လွှတ်ထုတ်နေကြသော မည်သည့်ပစ္စည်းမဆို နောက်တစ်ချိန် အောက်သို့ ကျဆင်းလာမည် ဖြစ်ပါသည်။ မိုင်ပေါင်းထောင်ချီဝေးသောနေရာမှ လွှတ်ထုတ်ပါစေ။ ထို မိုင်ပေါင်းထောင်ချီဝေးသောနေရာမှ အပြုအမူများသည် ရေဝေရေလဲဒေသတစ်ခု၏ ရေအရည်အသွေးကို သောက်သုံး၍ မရနိုင်လောက်အောင် ပျက်စီးစေနိုင်ပါသည်။ မြစ်ချောင်းတစ်ခု၏ ရေအရည်အသွေးကို နားလည်သိရှိစေရန် ကျွန်တော်တို့သည် ယင်းစီးဆင်းနေသော နေရာအဝန်းအဝိုင်း တစ်ခုလုံးကို လေ့လာကြည့်ရှုရမည် ဖြစ်ပါသည်။

ရေဝေရေလဲဒေသများသည် ကျွန်တော်တို့ သက်ရှိများအချင်းချင်းကို ဆက်သွယ်ပေါင်းကူးပေးထားသောအရာများ ဖြစ်ပါသည်။ ရေဝေရေလဲဒေသသည် နိုင်ငံရေးအရ သတ်မှတ်ခွဲခြား၍ မရစကောင်းပါ။ အမှန်တကယ်တွင် ယဉ်ကျေးမှုအသွယ်သွယ်၊ အမျိုးသားရေး၊ စီးပွားရေးအဝန်းအဝိုင်းကြီး တစ်ခုလုံးကို ရေဝေရေလဲဒေသ တစ်ခုထဲတွင် လွှမ်းခြုံထားခြင်း ဖြစ်ပါသည်။ ရေဝေရေလဲဒေသ အစိတ်အပိုင်းတစ်ခုဖြစ်သော တိုင်းပြည်တစ်ပြည်တွင် တစ်စုံတစ်ရာ ဖြစ်ပွားခဲ့ပါလျှင် ယင်းရေဝေရေလဲဒေသကို မှီခိုနေကြသော မြစ်အောက်ပိုင်းတိုင်းပြည်များတွင် ရေအရည်အသွေးစိတ်မချရမှု၊ ရေအလုံအလောက်မရရှိမှုစသည့်ပြဿနာပေါင်းထောင်သောင်း ကြုံတွေ့နိုင်ပါသည်။

ရေဝေရေလဲဒေသတစ်ခုသည် သက်ရှိကွန်ရက်တစ်ခုလည်း ဖြစ်ပါသည်။ ယင်းရေဝေရေလဲဒေသက အထောက်အပံ့ပြုထားသော သက်ရှိအားလုံးသည် အချင်းချင်းဆက်သွယ် ပတ်သက်နေရသည်သာ ဖြစ်ပါသည်။ ဆိုလိုသည်မှာ သက်ရှိတိုင်းသည် မိမိတို့ရှင်သန်ခိုင်မြဲရေးအတွက် သက်ရှိတိုင်းကို မှီခိုနေရခြင်း ဖြစ်ပါသည်။ ရေဝေရေလဲဒေသတစ်ခုလုံးကို ကျွန်တော်တို့ခန္ဓာကိုယ်အဖြစ် တင်စားခေါ်ဆိုပါက မြစ်ချောင်းများသည် ကျွန်တော်တို့၏အသက်သွေးကြောများပင်ဖြစ်ပါသည်။ အသက်သွေးကြောများသည် အသက်ရှင်တည်တံ့ရေးအတွက် အရေးပါဆုံးသောအရာ ပင်မဟုတ်ပါလော။

ရေသည် တောင်ထိပ်တောင်ဖျားများမှ မြစ်ဖျားခံစတင်စီးဆင်းလာသဖြင့် ရေဝေရေလဲဒေသတစ်ခုသည် တောင်ထိပ်၊ တောင်ကုန်း (သို့မဟုတ်)ကုန်းထိပ်များတွင် အခြေတည်လေ့ ရှိပါသည်။ ရေဝေရေလဲဒေသအများစုတွင် မြစ်ကြားချိုင့်ဝှမ်းများနှင့် တောင်စောင်းများ ပါဝင်တတ်ပါသည်။ မြစ်ချောင်းများသည် နောက်ဆုံးတွင် ပင်မမြစ်ကြီးအဖြစ်ပေါင်းစည်းသွားပြီးနောက် အခြား ရေဝေရေလဲဒေသများနှင့် ပေါင်းစည်း ဆုံမိတတ်သကဲ့သို့ပင်လယ်သမုဒ္ဒရာအတွင်းသို့လည်း စီးဝင်သွားတတ်ပါသည်။ မြေအောက်ရေအဖြစ်လည်း အချိန်အနည်းငယ်ယူပြီး စီးဆင်း သွားတတ်ပါသေးသည်။

ရေဝေရေလဲဒေသတစ်ခု၏ ပုံသဏ္ဍာန်သည် မြေမျက်နှာသွင်ပြင် လျှောစောက်ပေါ်တွင် များစွာမူတည်ပါသည်။ အင်မတန် မတ်စောက်သော လျှောစောက် အနေအထားတွင် စီးကျလာသောရေများသည် မြေကြီးအတွင်းသို့စိမ့်ဝင်ရန် အချိန်သိပ်မရတော့ပေ။ ထို့ကြောင့် မြေပြင်ပေါ်တွင်သာ စီးဆင်းသွားပြီး မျက်နှာပြင်တိုက်စားမှုကို အားပေးစေပါသည်။ ထိုမြေမျက်နှာအသွင်အပြင်မျိုးတွင် သစ်ပင်များ ရှင်သန်ကြီးထွားရန်လည်း ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် မြေပေါ်ရေ၏စိမ့်ဝင်မှု လျော့နည်းသွားခြင်းကြောင့် ဖြစ်ပါသည်။

ရေဝေရေလဲဒေသတစ်ခု၏ ရေလွှမ်းလွင်ပြင်သည် မြစ်တစ်စင်း၏အဆုံးသတ်အစတွင်ရှိသော မြေပြန့်လွင်ပြင် ဖြစ်တတ်ပြီး ပတ်ဝန်းကျင်အနီးအနားရှိ ကုန်းမြင့်များအထိတိုင် ရှိတတ်ပါသည်။ ရေလွှမ်းလွင်ပြင်များသည် ဇီဝမျိုးစုံမျိုးကွဲနှင့် စိုက်ပျိုးရေးမြေဩဇာ အင်မတန်ကြွယ်ဝသော အထူးဒေသတစ်ခုပင် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် ရေလွှမ်းလွင်ပြင်များ၌ နှစ်စဉ်ရေလွှမ်းခြင်းကို လိုလားကြပါသည်။ အဘယ်ကြောင့်ဆိုသော် လယ်ယာစိုက်ပျိုးရေးအတွက် မြေကြီး၏မြေဩဇာဓာတ်ကို ပြန်လည်ဖြည့်တင်းပေးသောကြောင့် ဖြစ်ပါသည်။ မြစ်ပေါ်တွင် ဆည်ဆောက်လိုက်ခြင်းသည် အထူးသဖြင့် ရေလွှမ်းလွင်ပြင်များအတွက် စိုးရိမ်စရာ ကောင်းလှပါသည်။

ရေဝေရေလဲဒေသတစ်ခုသည် နေရောင်ခြည်ကြောင့် အပူချိန်ပြောင်းလဲခြင်း၊ အငွေ့ပျံခြင်း၊ အရွက်မှတစ်ဆင့် အငွေ့ပျံခြင်းတို့ကိုခံစားရပြီး တဖန် လူသားတို့ ယင်းရေဝေရေလဲဒေသကို မည်ကဲ့သို့အသုံးချရန်နှင့် ယင်းဒေသတွင် မည်သည့်အပင်မျိုး စိုက်ပျိုး အောင်မြင်နိုင်သည်အပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိပါသည်။ မြေကြီးတွင် ရေငွေ့ပါဝင်မှုသည် နေရောင်ခြည်ကို တိုက်ရိုက်ရရှိသော မတ်စောက်ကုန်းမြေများပေါ်တွင် အငွေ့ပျံခြင်းနှင့် အရွက်မှတစ်ဆင့် အငွေ့ပျံခြင်းတို့ကြောင့် လွယ်ကူစွာ ဆုံးရှုံးရပါသည်။ နေရောင်ခြည်ကို ပိုမိုရရှိသော မြေပြင်သည် နေရောင်ခြည်ရရှိမှု နည်းပါးသော မြေမျက်နှာပြင်ထက် အပင်အမျိုးအစားများစွာကို အထောက်အပံ့ပေးနိုင်ပါသည်။ ထို့အတူပင် ရေဝေရေလဲဒေသတွင် လေတိုက်ရာဦးတည်ဘက်သည်လည်း သစ်ပင်များ ရှင်သန်ကြီးထွားရေးတွင် အကျိုးသက်ရောက်မှု ရှိပါသည်။

> ရေဝေရေလဲ ဒေသများသည် ကျွန်တော်တို့ သက်ရှိများအချင်းချင်းကို ဆက်သွယ် ပေါင်းကူးပေးထားသော အရာများ ဖြစ်ပါသည်။ ရေဝေရေလဲဒေသသည် နိုင်ငံရေးအရ သတ်မှတ်ခွဲခြား မရစကောင်းပါ ...

ရေဝေရေလဲဒေသသည် အရွယ်အစားမျိုးစုံရှိပြီး ကြီးမားသော ရေဝေရေလဲဒေသတွင် အရွယ်အစားအငယ်ပေါင်းများစွာ ရှိပါသည်။ ပုံမှန် ရေဝေရေလဲဒေသဆိုသည်မှာ သေးငယ်သော မြစ်ချောင်းများနှင့် မြစ်လက်တက်များဟုခေါ်သော ချောင်းများ အချင်းချင်းချိတ်ဆက်ပြီး ကြီးမားသော မြစ်ကြီးတစ်ခုအဖြစ် စုပေါင်းသွားခြင်းပင် ဖြစ်ပါသည်။ မြစ်ချောင်းများကို အမျိုးအစား သုံးမျိုး ခွဲခြားထားပါသည်။

### ရေလျှံမြစ်

ယင်းမြစ်ချောင်းများသည် မိုးရာသီ မုန်တိုင်းအတွင်း (သို့မဟုတ်)ရေကြီးပြီးနောက် ဖြစ်ပေါ်လာသော ယာယီရေလမ်းကြောင်းအသေးလေးများ ဖြစ်ပါသည်။ မုန်တိုင်းတစ်ခု ပြောင်းလဲသွားသည်နှင့် ရေလမ်းကြောင်းမှာလည်း ပြောင်းလဲသွားပါသည်။

### ပြတ်တောင်းမြစ်

ပုံမှန်အားဖြင့် မိုးရာသီတွင် စီးဆင်းနေသောမြစ်များ ဖြစ်ပါသည်။ အမြဲတမ်းမြစ်၊ တစ်နှစ်ပတ်လုံးစီးဆင်းနေသော မြစ်ချောင်းများဖြစ်ပြီး ရေလမ်းကြောင်း သတ်သတ်မှတ်မှတ်ရှိပါသည်။ ယင်းမြစ်ချောင်းများနှင့် ဆက်သွယ်ထားသော မြစ်လက်တက်များစွာ ရှိပါသည်။ ထိုမြစ်ချောင်းများစွာသည် ရေဝေရေလဲဒေသတွင် နေထိုင်လျက်ရှိကြသော လူအပါအဝင် သက်ရှိသတ္တဝါများအတွက် မှီခိုအားထားရာ ရေအရင်းအမြစ်များပင် ဖြစ်ပါသည်။ မြစ်တစ်စင်း၏ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒအစုအပေါင်း ဂုဏ်သတ္တိများသည် ရေဝေရေလဲဒေသရှိ အနီး ပတ်ဝန်းကျင်နှင့် ပတ်သက် ဆက်နွှယ်နေပါသည်။ ထို့ကြောင့် ထိုအရည်အချင်းများကို လေ့လာဆန်းစစ်ခြင်းသည် မြစ်ချောင်းနှင့် ရေဝေရေလဲဒေသဆက်စပ်မှုကို နားလည်သဘောပေါက်ရာတွင် အထောက်အကူ ပြုပါသည်။ ထို့အပြင် လူသားများ၏ပယောဂကြောင့် မြစ်ချောင်းများ ခံစားနေရသော အနေအထားကိုလည်း သိရှိနိုင်ပါသည်။

မြေကြီးသည် ရေဝေရေလဲဒေသ၏အခြေခံပစ္စည်းတစ်မျိုးဖြစ်ပြီး ပြန်လည်ဖြည့်ဖြိုးရန် အချိန်ကာလ အတော်ကြာကြာ ယူရသဖြင့် ပြန်လည်မပြည့်ဖြိုးသည့်အရာဟု ခေါ်ဆိုနိုင်ပါသည်။ မြေကြီးအထူ တစ်စင်တီမီတာရရှိရန် ရာစုနှစ်တစ်ခုကျော်ကျော် အချိန်ယူရပြီး မြေဆီဩဇာကောင်းမွန်ပြီး အရည်အသွေးမြင့်သစ်တောများ၊ မြက်ခင်းများနှင့် စိုက်ပျိုးပင်များရရှိနိုင်သော မြေကြီးများ ရရှိရန်မှာမူ နှစ်ထောင်ပေါင်းများစွာ အချိန်ကြာပါသည်။ ထို့ကြောင့် မြေကြီး၏ အရည်အသွေးနှင့် လုပ်ငန်းဆောင်တာများ ကြာရှည်ခံရန် ကောင်းမွန်သော အစီအမံများနှင့် စီမံခန့်ခွဲမှုများ လိုအပ်လှပါသည်။ မြေကြီးသည် ဩဇာဓာတ်နှင့်ရေကို သိုလှောင်ထားသဖြင့် ရေဝေရေလဲ ဒေသတစ်ခု၏ ကျန်းမာရေးအတွက် အင်မတန် အခြေခံကျသော အရာတစ်ခု ဖြစ်ပါသည်။

ကျွန်တော်တို့လူသားများ၏ လုပ်ရပ်များသည် ရေဝေရေလဲဒေသများကို အနည်းနှင့်အများ အကျိုးသက်ရောက်မှု ရှိပါသည်။ လူသားများသာလျှင်မဟုတ် အခြားသော သက်ရှိသတ္တဝါများကပါ လုပ်ဆောင်တတ်ကြပါသည်။ လူသားများ၏အချို့သော လုပ်ရပ်များသည် ရေဝေရေလဲဒေသကို ကောင်းကျိုးဖြစ်ထွန်းစေပြီး အချို့လုပ်ရပ်များသည် ဆိုးကျိုးများကို ဖြစ်ပွားစေပါသည်။ ထိုအခါ မြစ်ကြီးများက ကျွန်တော်တို့ကို ပံ့ပိုးပေးထားသောအရာများကို ရရှိ ပိုင်ဆိုင်နိုင်တော့မည် မဟုတ်ပေ။ ■

# ကိုးရက်တာ သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေ

■ နန်းလွင်နှင်းပွင့်



ယနေ့ဆိုရင်ဖြင့် နှစ် ၃၀ ကျော်ကြာမှ ပြန်လည်စတင်ခဲ့သည့် သန်းခေါင်စာရင်း ကောက်ယူနေမှု ရက်ပေါင်းမှာ ၉ ရက်တာ ရှိပြီ ဖြစ်သည်။ ပြည်လုံးကျွတ် ကောက်ယူနေသဖြင့် တိုင်းရင်းသား၊ ပြည်နယ်၊ တိုင်း၊ ဒေသ၊ မြို့ရွာအသီးသီးတို့ မတူညီသဖြင့် စာရင်းဖြည့်သွင်းရာတွင် ပြေလည်စွာ လုပ်ငန်းပြီးမြောက်သွားသည့်ဒေသ ရှိသကဲ့သို့ မပြေလည်သည့် ဒေသများလည်းရှိသည်။

သန်းခေါင်စာရင်းကို မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိ သက်ရှိအားလုံးတို့ကို လိုက်လံကောက်ယူရန် သတ်မှတ်ထားသဖြင့် တိုင်းရင်းသားလက်နက်ကိုင် ဒေသများအတွင်း ကောက်ယူရန်လည်း ဒေသခံများအား သင်တန်းပေးပြီး ဆောင်ရွက်နေသည်။

အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေစဉ် ကာလဖြစ်သဖြင့် တိုင်းရင်းသားဒေသများမှ လည်း ပြည်နယ်အတွင်း၊ ထိန်းချုပ်နယ်မြေများအတွင်း ဝင်ရောက်ကောက်ခံရန် သဘောတူညီမှုရရှိထားကာ လိုက်လံကောက်ယူမှုများလည်း အဆင်ပြေသည်ဟု လဝက အရာရှိများက ဆိုကြသည်။ သို့ရာတွင် လူဦးရေ လေးသိန်းဝန်းကျင်ရှိ ကချင်ပြည်နယ် အခြေစိုက်၊ ကချင်လွတ်မြောက်ရေး တပ်မတော် KIA ထိန်းချုပ်နယ်မြေတွင်း ကောက်ခံရန် ပြေလည်မှု မရှိခဲ့ပေ။ သို့သော် သန်းခေါင်စာရင်းကောက်ယူမှု မှတ်တမ်းသမိုင်းတွင် လုံးလုံးမပါရှိခဲ့သည့် “ဝ” လူမျိုးတို့ပင် လျှင် စာရင်းကောက်ခံရန် လက်ခံထားကြပြီး ဖြစ်သည်။ လဝက၏ ညှိနှိုင်းမှုများဖြင့် တိုင်းရင်းသားဒေသများတွင်း သန်းခေါင်စာရင်းကောက်ယူရန် ပြေလည်မှုရရှိသော်လည်း အစိုးရကချမှတ်ထားသည့် ကုတ်နံပါတ်များမှာ တိုင်းရင်းသားတို့အတွက် အငြင်းပွားဖွယ်ရာ ဖြစ်နေပြန်သည်။ စာရင်းကောက်ယူသည့် ကုတ်များတွင် မျိုးနွယ်စုငယ်များနှင့် လူမျိုးစုကုတ်မှာ တစ်တန်းတည်း ဖြစ်နေသကဲ့သို့ဖြစ်နေသဖြင့် တိုင်းရင်းသားများအနေဖြင့် ကုတ်နံပါတ်များတွင်း ဖြည့်သွင်းရန် အငြင်းပွားဖွယ်ရာ ဖြစ်နေသည်မှာ မကောက်ယူမီမှစ၍ ယခုထိပင် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုဖြစ်သည့် ကချင်အား ကုဒ်နံပါတ်အားဖြင့် ၁၀၁ပေးထားပြီး မျိုးနွယ်စုများအား ၁၀၂၊ ၁၀၃ စသည်ဖြင့် အစဉ်လိုက်ကုတ်များ ပေးထားသဖြင့် မျိုးနွယ်စုတွင် ထည့်ရမည်လား ကချင်ဟူသည့် လူမျိုးကုတ်တွင် ထည့်ရမည်လား၊ ဝေဝါးနေကြသည်။ ထိုမှ မျိုးနွယ်စုတွင် စာရင်းသွင်းမည့်သူ၊ လူမျိုးတွင် စာရင်းပေးမည့်သူ၊ စာရင်းမပေးသည့်သူဟူ၍ တိုင်းရင်းသား ဒေသများတွင် ကွဲပြားနေသည်ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ မခွန်ဂျာက ပြောသည်။

ကရင်ပြည်နယ်တွင်းဖြစ်ပွားသည့် လူမျိုးနှင့်မျိုးနွယ်စု ကုတ်အငြင်းပွားဖွယ်ရာများနှင့်ပတ်သက်၍ ကရင်ရေးရာကော်မတီမှ လဝကနှင့်ညှိနှိုင်းရာ ကောက်ယူပြီးမှသာလျှင် မှားနေသည်များကို ပြန်လည် ပြင်ဆင်ပေးမည်ဟု ပြောဆိုထားကြောင်း ကရင့် ရေးရာကော်မတီမှ ဦးစောကျော်စွာက ပြောသည်။

လူမျိုးစု၊ မျိုးနွယ်စုကုတ်များနှင့် ပတ်သက်၍ အချို့မျိုးနွယ်စုများမှာရှိသင့်သည့် လူမျိုးအောက်တွင်မရှိဘဲ မှားယွင်းနေသည်တို့မှာလည်း တိုင်းရင်းသားတို့ကြား အငြင်းပွားနေဆဲပင် ဖြစ်သည်။

တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူရန် ကောက်ကွက် တစ်သိန်းခန့် ခွဲခြားသတ်မှတ်ကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဌာနခွဲများမှ အရာရှိများ၊ ဝန်ထမ်းများ၊ ဌာနမှ သင်တန်းပေးထားသည့်ကူညီပေးရေး ကျောင်းဆရာမများ စုစုပေါင်း ၁၄၀,၀၀၀ ဦးရေက ကောက်ယူနေသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ မခင်ဝင်းရီက “ကျွန်မတို့က အလုပ်သွားနေတာဆိုတော့ လာကောက်တဲ့ရက်မှာ မရှိပေမယ့်အိမ်ကို မနက်ဖြန်လာကောက်မယ် ဆိုတာကို သူတို့နာမည်နဲ့ဖုန်းနံပါတ် ပေးသွားတယ်။ နောက်ရက် လာကောက်တယ်၊ အဆင်ပြေပါတယ်” ဟု ပြောသည်။

မွေးသက္ကရာဇ်နှင့် မွေးဖွားရာဇာတိ အချက်အလက်များ အမှန် ပြောဆိုနိုင်မှု အားနည်းသည်ဟု ဧရာဝတီတိုင်းအတွင်း စာရင်းကောက်ယူလျက်ရှိသည့် အဖွဲ့က ပြောသည်။

ထိုကဲ့သို့ပင် လူမျိုးစုနှစ်စုကြား မပြေမလည်ဖြစ်နေဆဲ အခြေအနေဟုပင်ဆိုရမည့် ရခိုင်ပြည်နယ်တွင်းရှိ ဘင်္ဂါလီ အနွယ်ဖွားများအား ရိုဟင်ဂျာဟု ပြောဆိုနေမှုများကို လက်မခံဘဲ စာရင်းကောက်ယူမှုမပြုရန် သမ္မတကိုယ်တိုင်က ပြောဆိုထားပြီး ဖြစ်သော်လည်း ထိုသူတို့မှာ “ရိုဟင်ဂျာကို လက်ခံမှစာရင်းအကောက်ခံမည်”ဟု ဆိုင်းဘုတ်များကပ်ထားကာ ရိုဟင်ဂျာဟုသာ ပြောဆိုနေကြဆဲပင် ဖြစ်သည်။

သန်းခေါင်စာရင်း ကောက်ယူနေစဉ် မေးမြန်းသည့် မေးခွန်းများနှင့်ပတ်သက်၍ မှန်ကန်စွာ ဖြေကြားပေးရန်လိုကြောင်း ဖြေကြားလိုက်သည့် အချက်အလက်များမှာ လဝကမှ ထိန်းသိမ်းထားမည်ဖြစ်ပြီး မည်သည့် အကြောင်းတစ်စုံတစ်ရာနှင့်မှ ဆက်စပ်မှုမရှိကြောင်း ပြည်ထောင်ဝန်ကြီး ဦးခင်ရီက လဝကဆိုင်ရာ ဝန်ထမ်းများအား စာရင်းမကောက်မီ လေးလအလိုခန့်ကတည်းကပင် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ဒေသ ကျေးရွာအလိုက် လိုက်လံဟောပြော ရှင်းလင်းပြောဆိုမှုများ ပြုလုပ်ထားသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်ကြာတွင် ပြန်လည် အကောင်အထည်ဖော်မည့် သန်းခေါင်စာရင်းကောက်ခံမှု အထောက်အပံ့ ဖြစ်နိုင်ရေးအတွက် ရည်ရွယ်ကာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) က အမေရိကန်ဒေါ်လာ ငါးသန်း ထောက်ပံ့ပေးခဲ့ပြီး ဖင်လန်၊ ဂျာမဏီ၊ နော်ဝေ၊ ဗြိတိန်၊ ဆွီဒင်၊ ဩစတေးလျနှင့် ဆွစ်ဇာလန်တို့မှ အမေရိကန် ဒေါ်လာ ၄၁ သန်း မျှ ဝေကူညီပေးရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသို့ ပြောဆိုထားသည်။ ■

**ဗိုလ်မှူးစောလွင် (တွဲဘက်အတွင်းရေးမှူး-၁)**
**ကယန်းပြည်သစ်ပါတီ၊ လွိုင်ကော်မြို့**

ကယားပြည်နယ်အတွင်းနဲ့ ကျွန်တော်တို့နယ်မြေထဲမှာ သန်းခေါင်စာရင်းကောက်တာက အဆင်ပြေနေပါတယ်။ ဒါပေမဲ့ သန်းခေါင်စာရင်းကောက်ယူမှုကို ကယန်းတိုင်းရင်းသားတွေကတော့ ဘဝင်မကျ ဖြစ်နေတယ်။ ကယန်းလူမျိုးဆိုတာက ကယားလူမျိုးလိုပဲ လူမျိုးစုအကြီးပါ။ ဒါကို အစိုးရက ကုတ်နံပါတ်တွေ သတ်မှတ်လိုက်တော့ ကယားလူမျိုးရဲ့အောက်မှာပဲ ထည့်လိုက်တယ်။ ကယန်းလူမျိုး(၄ခု)ကို ကုတ်နံပါတ်လေးခု ပေးထားပေ မယ့် အများစုက ကယန်း-ပဒေါင်ဆိုတဲ့ကုတ်နံပါတ် ၂၀၃ တစ်ခုတည်းကိုပဲ ယူပြီး ဖြည့်ကြပါတယ်။ ကျန်သုံးခုကို မသုံးကြပါဘူး။ ကုတ်နံပါတ် သက်မှတ်ချက်တွေကို ကျွန်တော်တို့တွေအားလုံးက မကြိုက်ပေမယ့် နယ်မြေတွေထဲမှာ တားမြစ်တာမျိုး မလုပ်ပါဘူး။ သမ္မတအပါအဝင် လွှတ်တော်တို့ အစိုးရအဖွဲ့တွေဆီကိုမကြိုက်ကြောင်း စာတင်ခဲ့ကြပါတယ်။ သန်းခေါင်စာရင်းကောက်ယူခြင်းက တိုင်းရင်းသားတွေကို ပိုပြီး တော့ သွေးစည်းညီညွတ်မှု မဖြစ်စေဘဲ မျိုးနွယ်စုအချင်းချင်းသာ ပြဿနာတွေဖြစ်နေရလို့ စည်းလုံးရေးကို ပျက်ပြားအောင်လုပ်တယ်လို့ ကျွန်တော်ကတော့ ပြောချင်ပါတယ်။

---

**အိုက်တင်း (ခူမီးလူငယ်အဖွဲ့ဥက္ကဋ္ဌ)**
**ချင်းပြည်နယ်၊ ပလက်ဝမြို့**

ကျွန်တော်တို့ပလက်ဝက ခူမီးလူမျိုးတွေ အားလုံးကတော့ ချင်းလူမျိုးရဲ့အောက်က ခမီး(၄၀၅)ဆိုတဲ့ ကုတ်မှာ ဖြည့်ကြပါတယ်။ တကယ်တော့ အစိုးရသတ်မှတ်ပေးထားတဲ့ ၄၀၅ ခမီးဆိုတာက စာလုံးပေါင်းနေတယ် ခူမီးမှ အမှန်ဖြစ်မှာပါ။ ကျွန်တော်တို့က မှားနေတဲ့အကြောင်းကိုပြောတော့ မြို့နယ်အုပ်ချုပ်ရေးပိုင်းကရော သန်းခေါင်စာရင်း ကောက်ယူရေးဘက်က တာဝန်ရှိသူတွေကရောက ဒီကုတ်အတိုင်းပဲထည့်လိုက်ပါ ခမီးဆိုတာက လည်း ခူမီးကို ရည်ညွှန်းပါတယ်လို့ အာမခံပြောကြလို့ ကျွန်တော်တို့ လူမျိုးခေါင်းဆောင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေနဲ့ တိုင်ပင်ဆုံးဖြတ်ပြီးတော့ ဒီကုတ်မှာပဲထည့်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

ပလက်ဝမြို့နယ်ထဲကပဲ ရခိုင်ရွာ ၁၅ ရွာထဲမှာနေကြတဲ့ ခူမီးလူမျိုးတွေကိုတော့ ခူမီးဆိုတဲ့ကုတ်ကမရှိဘူး။ ၄၀၅ က ခမီးသာဖြစ်တယ်ဆိုပြီးတော့ ပြောတာတွေရှိနေတယ်။ ကချင်ပြည်နယ်နဲ့ရန်ကုန်မှာနေတဲ့ ကျွန်တော်တို့ လူမျိုးတွေထဲက တချို့ကတော့ ပိုသေချာအောင် ချင်းလူမျိုး ကုတ်(၄၀၁) ဘေးမှာ ကွင်းစကွင်းပိတ်နဲ့ ခူမီးဆိုပြီးတော့ ဖြည့်ရေးကြတာတွေ ရှိပါတယ်။

---

**ဥက္ကဋ္ဌဦးအဒူတာဟေး (လျှောက်ထားဆဲ)**
**ဘူးသီးတောင်မြို့၊ ပြည်ထောင်စုအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ကျွန်တော့်ကို သန်းခေါင်စာရင်းလာကောက်တဲ့အချိန်မှာ ရိုဟင်ဂျာလို့ ထည့်လိုက် တယ်။ သန်းခေါင်စာရင်းကောက်တဲ့ ဝန်ထမ်းတွေအနေနဲ့ ကောက်ခံသူရဲ့ ရွေးချယ်ခွင့် ကို မကန့်ကွက်ရဘူး။ ထည့်ပေးရမယ်ဆိုတာ သန်းခေါင်စာရင်းဥပဒေမှာ ပါပြီးသားပဲ။ တစ်စုံတစ်ယောက်ရဲ့ ညွှန်ကြားချက်အရ ဘာလူမျိုးမထည့်ရ၊ ဘာလူမျိုးထည့်ရဆိုတာမျိုး မရှိဘူး။ သန်းခေါင်စာရင်းကောက်ပြီး နောက်ပိုင်း တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ တိုင်းရင်းသားထဲမှာ ပါခြင်း၊ မပါခြင်းကတော့ နောက်တစ်ပိုင်းပေါ့” ဟု ပြောသည်။

**မခင်မာနွယ်**
**(Beauty Salon အလုပ်လုပ်သူ) တာမွေမြို့နယ်**

၃၁ ရက်က လာကောက်သွားတယ်။ ၄၁ ချက်လုံးမမေးပါဘူး။ ပိုင်ဆိုင်မှုကို မမေး ဘူး။ ကျန်းမာရေးကောင်းမကောင်း၊ အတန်းပညာ အရည်အချင်း ဒါတွေပဲမေးတယ်။ လူမျိုးကတော့ ဗမာလို့ပဲ ဖြေလိုက်ပါတယ်။ ဘာအခက်အခဲမှတော့ မရှိပါဘူး။

---

**ဦးခွထီးယို (ချင်းတိုင်းရင်းသား)**
**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်**

ကျွန်တော်က ခရီးသွားနေတော့ ခုချိန်ထိ မထည့်ရသေးပါဘူး။ ကျွန်တော်တို့ချင်းတွေက ၅၃ မျိုးတောင် ကုတ်နံပါတ်တွေ သတ်မှတ်ပေးထားတာ။ ကျွန်တော်က Gwete (ကုတ်နံပါတ် ၄၁၃) မှာထည့်ရမှာ။ ကိုယ်လူ့မျိုးကုတ်က ဘာဆိုတာကို လူတိုင်းက အလွတ်ရတာမဟုတ်တော့ သန်းခေါင်စာရင်း ကောက်ယူသူတွေကကော အလွတ်ရမှာလား။ ကုတ်တွေထဲမှာမပါတဲ့ မှားနေတဲ့ မျိုးနွယ်စုတွေ ရှိနေတယ်။

ချင်းပြည်နယ်မှာထက် စစ်ကိုင်းတိုင်းနဲ့ ချင်းပြည်နယ်အစပ် ကလေး၊ တမူးမှာက ချင်းလူမျိုးပေါင်း ၄၀ ကျော် လောက်နေကြတာဆိုတော့ သန်းခေါင်စာရင်းကောက်ရင် ကုတ်နံပါတ်တွေ ရှုပ်ထွေးနေ မှာပါ။ ကိုယ့်လူမျိုးကုတ်ကို သေချာမပြောနိုင်ရင် တခြား မျိုးနွယ်စုတွေထဲကို မှားရောက်သွားနိုင်တဲ့ အခြေအနေက ပိုများနေပါတယ်။

## သင်္ကြန် သူတို့ ဘယ်မှာရှိကြမလဲ

■ မေနှင်းကြည် စုစည်းရေးသားသည်။
**ရန်ကုန်၊ ဧပြီ ၈**

**ဇော်ဝင်းထွဋ်**
ဒီနှစ်သင်္ကြန် ရိုးရာမပျက်တည်ဆောက်ထားတဲ့ ရှစ်မိုင်က မြိုင်ဟေဝန်ပန်းခြံမှာ သီချင်းဆိုမယ်။

**စည်သူလွင်**
ဒီနှစ် ရန်ကုန် မြိုင်ဟေဝန်ပန်းခြံမှာရှိမယ်။ သင်္ကြန်သီချင်းများနဲ့ဖျော်ဖြေမယ်။ မနှစ်က ရန်ကုန်မှာပါပဲ။

**ဟန်ထွန်း**
ကျွန်တော် နှစ်တိုင်း မန္တလေးသင်္ကြန်မှာ ရှိနေကြပါ။ ဒီနှစ်လည်း မန္တလေး Alpine မဏ္ဍပ်မှာရှိမယ်။

**ဂျီလတ်**
ဒီနှစ် ရန်ကုန် Grand Royal မဏ္ဍပ်မှာ ပရိသတ်နဲ့ ပျော်ပျော်ပါးပါးသီချင်းဆိုဖြစ်မယ်။ မနှစ်ကတော့ နယ်မှာ သင်္ကြန်ကျတယ်။

**အားတီ**
သင်္ကြန်ကို ၁၉ လမ်းမှာရှိတဲ့ Sky Net မဏ္ဍပ်မှာ သီချင်းဆိုမယ်။ သင်္ကြန်မှာ ပရိသတ်အားလုံး ငြိမ်းချမ်းကြပါစေ။

**မာရီနာ**
ဒီနှစ်ကိုတော့ မြစ်ကြီးနားမှာ သီချင်းဆိုမယ်။ မနှစ်က လားရှိုးမှာ သင်္ကြန်ကျတယ်။ ■

# သင်္ကြန်တွင်ရရှိလာသည့် အနုပညာကြေးများကို အမေများအဖွဲ့ အချိုးကျခွဲဝေသုံးစွဲ


(ဓာတ်ပုံ-ငြိမ်းသစ်ညီ)
ဧပြီ ၈ ရက်က အမှတ်(၁၆၈)၊ ခမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်ရှိ ဖိတ်ခေါ်ထားသည့် နေအိမ်တွင် အမေများအဖွဲ့ ကပြနေစဉ်။

**အနုပညာကြေးများမှ အမေအိမ်ရာတွင် လိုအပ်မည့် အသုံးစရိတ်များကို အသုံးပြုသွားမည်ဖြစ်ပြီး ဆေးကုသမှု . . .**

■ နိုင်ရာ
**ရန်ကုန်၊ ဧပြီ ၈**

သင်္ကြန်ရောက်ရှိသည့်အချိန်တိုင်းတွင် အမေများအဖွဲ့အနေဖြင့် ကပြဖျော်ဖြေခြင်းသည် နှစ်စဉ်နှစ်တိုင်းဖြစ်ရာ ယင်းကပြဖျော်ဖြေခဲ့ရာမှ ရရှိလာသည့်အနုပညာကြေးများမှ အမေများအဖွဲ့နေထိုင်ရာအိမ်ရာရှိ ရေ၊ မီး၊ စားသုံးစရိတ်များနှင့် ဆေးကုသမှုစရိတ်များကို ပြန်လည်အသုံးချသည်ဟု ဦးစီးဦးဆောင်ပြုသူဖြစ်သည့် ဒေါ်နွဲ့နွဲ့စန်းက မဇ္ဈိမသို့ပြောသည်။

"အမေတို့အနေနဲ့ အခုလို ကပြဖျော်ဖြေကြရင်း ရရှိလာတဲ့အနုပညာကြေးတွေကို အမေများအဖွဲ့ရဲ့ လိုအပ်တဲ့နေရာတွေမှာ အသုံးပြုသွားမှာပါ"ဟု ၎င်းကပြောသည်။

၂၀၁၄ ခုနှစ် ဧပြီလတွင် ကျရောက်မည့် သင်္ကြန်ဖျော်ဖြေရေးတွင် အမေများအဖွဲ့အနေဖြင့် ရရှိလာသည့်အနုပညာကြေးများမှ အမေအိမ်ရာတွင် လိုအပ်မည့်အသုံးစရိတ်များကို အသုံးပြုသွားမည်ဖြစ်ပြီး ဆေးကုသမှုစရိတ်များ၊ အမေတစ်ဦးလျှင် ဆန်ရှစ်ပြည်၊ ဆီနှစ်ပိဿာနှင့် လှူဒါန်းမည့် ငွေကြေးများကို အချိုးကျ ခွဲဝေအသုံးပြုသွားမည်ဖြစ်သည်။

အမေများအဖွဲ့သည် နှစ်စဉ် သင်္ကြန်ရောက်တိုင်း ရန်ကုန်နှင့် မန္တလေးမြို့များရှိ မဏ္ဍပ်များတွင် သွားရောက်ဖျော်ဖြေကြသလို ဖိတ်ကြားကြသည့်နေအိမ်များတွင်လည်း သွားရောက်ဖျော်ဖြေကြသည်။ အမေများအဖွဲ့၏ ဖျော်ဖြေခြင်းသည် ၂၀၁၄ ခုနှစ်ရောက်ရှိချိန်အထိ ၂၂ ကြိမ်ရှိပြီဖြစ်သည်။

၂၀၁၄ ခုနှစ်သင်္ကြန်တွင် အမေများအဖွဲ့သည် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်နှင့် Sky Net မဏ္ဍပ်တို့တွင် ကပြဖျော်ဖြေမည်ဖြစ်ခြင်းကြောင့် သရုပ်ဆောင်လှမျိုးသဉ္ဇာနွယ် ဖွင့်လှစ်သည့် ပိုးဇကရီပိုးထည်တိုက်၊ ဗိုလ်ချုပ်ဈေး Fifty Wear အင်္ကျီဆိုင်နှင့် ယုဇနပလာဇာရှိ မေခလာသိန်းအထည်ဆိုင်တို့မှ ပါဝင်ကူညီပံ့ပိုးပေးကြသည်။ ယင်းအပြင် တေးရေးဦးဇော်မင်းရေးစပ်ပေးသည့် 'ခေတ်သစ်အမေနှင့် နယူးမားသား' သင်္ကြန်သီချင်းများကို အမေ ၁၈ ဦးကိုယ်တိုင် သီဆိုကပြဖျော်ဖြေမည်ဖြစ်သည်။

အမေများအဖွဲ့ကို ၁၉၉၂ ခုနှစ်တွင် ၂၆ ယောက်ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်သည့်အမေများသည် ၂၀ ဦးကျော်ရှိပြီဖြစ်သည်။ လက်ရှိတွင် အမေများအဖွဲ့သည် အမေများအိမ်ရာ သန်လျင်မြို့၊ အောင်ချမ်းသာ(၁) ရပ်ကွက်တွင် ဒေါ်နွဲ့နွဲ့စန်း ဦးဆောင်ကာ ဒေါ်ခင်လေးဆွေ၊ ဒေါ်ခင်မေသက်၊ ဒေါ်အေးကြည်၊ ဒေါ်ဝေဝေသင်း၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်နန်းခမ်းဝါ၊ ဒေါ်စန်းမြိုင်၊ ဒေါ်သဲနုခိုင်၊ ဒေါ်ထိပ်တင်ထား၊ ဒေါ်ကြူကြူ၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်သိမ့်သိမ့်တုန်နှင့် ဒေါ်စံပယ်တို့ နေထိုင်လျက်ရှိသည်။ ■

# စိုင်းစိုင်းခမ်းလှိုင် မွေးနေ့ရှိုးပွဲလက်မှတ် ဒုတိယအကြိမ် ထပ်မံရောင်းချနေရ

■ ကြည်စုသာ
**ရန်ကုန်၊ ဧပြီ ၈**

ပရိသတ်များ၏ တောင်းဆိုချက်အရ ဒုတိယအကြိမ်အဖြစ် အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ရှိုးပွဲလက်မှတ်များကို ထပ်မံထုတ်လုပ်ရောင်းချနေရသည်ဟု Heart & Soul ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ မသစ်က မဇ္ဈိမသို့ပြောသည်။

"ပထမအကြိမ်လက်မှတ်နဲ့ ဒုတိယအကြိမ်လက်မှတ်တွေက စင်ကာပူမှာပဲ ထုတ်လုပ်တာပါ"ဟု ၎င်းကပြောသည်။

ယင်းဖျော်ဖြေပွဲသည် အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏မွေးနေ့ဖြစ်သည့် ဧပြီ ၁၀ ရက်တွင် ပြုလုပ်ခြင်းဖြစ်သည်။ ပထမအကြိမ်လက်မှတ် အစောဆုံးရောင်းချခြင်းကို ဧပြီလဆန်း၌ ပြုလုပ်ခဲ့ပြီး ဦးဆုံးဝယ်ယူသည့် လက်မှတ် ၁,၀၀၀ ကို မေတ္တာလက်ဆောင်အဖြစ် ဦးထုပ် ၁,၀၀၀ အား ပရိသတ်ကို ပေးခဲ့ခြင်းဖြစ်ကာ ယင်းလက်မှတ် ၁,၀၀၀ သည် ရောင်းချသည့်နေ့၌ပင် ကုန်ခဲ့ခြင်းကြောင့် ယခုလို ထပ်မံရောင်းချရခြင်းဖြစ်သည်။ ယင်းလက်မှတ်များကို စင်ကာပူနိုင်ငံတွင် ပြုလုပ်ခြင်းဖြစ်ပြီး လက်မှတ်အတုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်သည်။

လက်မှတ်ဈေးနှုန်းသည် ကျပ် ၆,၅၀၀ သတ်မှတ်ထားသော်လည်း ပြောင်းလဲမှုမရှိဘဲ ယခင်သတ်မှတ်တဲ့အတိုင်း ရောင်းချမည်ဖြစ်သည်။

ယင်းဖျော်ဖြေပွဲကို နှစ်စဉ် ကန်တော်ကြီး၊ မျှော်စင်ကွင်း၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ရှိုးပွဲသည် ယခင်နှစ်ထက် ပရိသတ် ပိုမိုကြည့်ရှုကြမည်ဟု မျှော်စင်ကွင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောဆိုသည်။ ၂၀၁၃ ခုနှစ်တွင် လာရောက်ကြည့်ရှုသည့်ပရိသတ် ၁၀,၀၀၀ ကျော်ရှိခဲ့သည်။

အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်သည် မော်ဒယ်အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည့်အပြင် နောက်ထပ်အနုပညာတစ်ခုဖြစ်သည့် စာရေးခြင်းကိုလည်း လုပ်ဆောင်နေသူဖြစ်ကာ 'စက္ကူငှက်' ဝတ္ထုသည် ပရိသတ်များ စိတ်ဝင်စားခဲ့သည်။ ■



# ရွှေကြက်ဖပန်းတစ်ရာရုပ်ရှင်ပွဲတော်တွင် ပြသမည့် ရုပ်ရှင်ဇာတ်ကားများ ထွက်ရှိမလာသေး



ရွှေကြက်ဖပန်းတစ်ရာရုပ်ရှင်ပွဲတော်တွင် ပြသခွင့်မရရှိခဲ့သည့် 'ကယန်းအလှ' ရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင်များကို တွေ့ရစဉ်။

■ ကြည်စုသာ
**ရန်ကုန်၊ ဧပြီ ၈**

တရုတ်နိုင်ငံ၌ စက်တင်ဘာလတွင် ကျင်းပပြုလုပ်မည့် (၂၃)ကြိမ်မြောက် ရွှေကြက်ဖပန်းတစ်ရာရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဇာတ်ကားများ သွားရောက်ပြသရန် ယခုအချိန်ထိ တိကျသည့်ဇာတ်ကားစာရင်း ထွက်ရှိမလာသေးဟု မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်က မဇ္ဈိမသို့ ပြောသည်။

"မြန်မာဇာတ်ကားတွေပြသနိုင်ဖို့ဇာတ်ကားထုတ်လုပ်သူတွေကို အကြောင်းကြားထားပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနသည် ရွှေကြက်ဖရုပ်ရှင်ပွဲတော်တွင် သွားရောက်ပြသနိုင်ရန်အတွက် ပြည်တွင်းမှဇာတ်ကားထုတ်လုပ်သူများကို မတ်လကတည်းက အကြောင်းကြားခဲ့သော်လည်း ယခုအချိန်ထိ တင်ပြလာသည့်ရုပ်ရှင်ဇာတ်ကားများ မရှိသေးကြောင်း ၎င်းကပြောသည်။ ယင်းကဲ့သို့ ရုပ်ရှင်ဇာတ်ကားများ တင်ပြလာခြင်းမရှိခြင်းသည် ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဇာတ်ကားကောင်းများ ထွက်ရှိမလာခြင်းဖြစ်သည်ဟု ရုပ်ရှင်လောကတွင် ပြောဆိုသုံးသပ်လာကြသည်။

မြန်မာရုပ်ရှင်ဇာတ်ကားများ သွားရောက်ပြသသည့်အခါတွင် နိုင်ငံတကာက နားလည်လက်ခံသည့် အင်္ဂလိပ်စာတန်းထိုးဇာတ်ကားသာ ပါဝင်ပြသနိုင်သည့် စည်းကမ်းချက်သည် ရွှေကြက်ဖရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတို့က ချမှတ်ထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ရွှေကြက်ဖရုပ်ရှင်ပွဲတော်ကို သွားရောက်ပြသရာတွင် မြန်မာရုပ်ရှင်ဇာတ်ကားများသည် တစ်နှစ်လျှင် တစ်ကား (သို့)နှစ်ကားသာရှိပြီး ယင်းဇာတ်ကားများမှ ကောင်းမွန်သည့်ဇာတ်ကားတစ်ကားသာ ပြသခွင့်ရခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ပွဲတော်ကို တရုတ်နိုင်ငံ ရုပ်ရှင်ပညာရှင်များအဖွဲ့နှင့် Film Bureau တို့ ပူးပေါင်းဆောင်ရွက်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၀ ကြိမ်ဝန်းကျင်ခန့်က ပါဝင်လာခြင်းဖြစ်သည်။ အဆိုပါရုပ်ရှင်ဇာတ်ကားများကို ပြသနိုင်ရန်အတွက် ရွှေကြက်ဖပန်းတစ်ရာရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီက ဖိတ်ခေါ်ခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ပွဲတော်ကို သွားရောက်ပြသနိုင်ရန်အတွက် ပြသမည့်ရုပ်ရှင်ဇာတ်ကားများသည် နှစ်တစ်နှစ်၏ ဧပြီလကုန် မေလဆန်းနောက်ဆုံးထားကာ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနကို ပေးပို့ရခြင်းဖြစ်ပြီး ယင်းမှတစ်ဆင့် ရွှေကြက်ဖပန်းတစ်ရာရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီသို့ ပြန်လည်ပေးပို့ခြင်းဖြစ်သည်။ တင်ပြလာသည့်ရုပ်ရှင်များကို ရွှေကြက်ဖပန်းတစ်ရာရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီက ရွေးပြီးပြသနိုင်သည့်ဇာတ်ကားစာရင်းကို သြဂုတ်လ၌ ကြေညာပေးသည်။

၂၀၁၃ ခုနှစ် (၂၂) ကြိမ်မြောက် ရွှေကြက်ဖပန်းတစ်ရာရုပ်ရှင်ပွဲတော်တွင် 'အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်' ဇာတ်ကားနှင့် 'ကယန်းအလှ' ဇာတ်ကားများကို သွားရောက်ပြခဲ့ရာ ဒါရိုက်တာဝိုင်း ရိုက်ကူးခဲ့သည့် 'အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်' ဇာတ်ကားသာလျှင် ပြသခွင့်ရရှိခဲ့သည်။ (၂၁)ကြိမ်မြောက်ကျင်းပသည့် ယင်းရုပ်ရှင်ပွဲတော်တွင် 'ပင်လယ်ထက်က နေဝန်းနီ' ဇာတ်ကားသာ ပြသခွင့်ရရှိခဲ့သည်။ ■

# မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ နယူးယောက် အနုပညာပြတိုက်တွင် ပြသမည်



မြန်မာပြည်မှပြသမည့် ရှေးဟောင်းကျောက်ဆစ်ရုပ်တစ်ခုအား ကြည့်ရှုနေသည့် သတင်းထောက်များကို တွေ့ရစဉ်။ ***(ဓာတ်ပုံ–အေအက်ဖ်ပီ/ Don Emmert)***

■ မဇ္ဈိမ
**ရန်ကုန်၊ ဧပြီ ၈**

မြန်မာနိုင်ငံမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို နယူးယောက်မြို့၏ မြို့တော်အနုပညာပြတိုက် (The Metropolitan Museum of Art)တွင် ဧပြီ ၁၄ ရက်၌ ပြသသွားမည်ဖြစ်သည်။ ယင်းအနုပညာပြတိုက်တွင် အရှေ့တောင်အာရှ ဘုရင့်နိုင်ငံတော်များလက်ထက်မှ ရုပ်တုများလည်း ပါဝင်ပြသမည်ဖြစ်သည်ဟု ဧပြီ ၈ရက်က အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

"ယခုလို အနုပညာလက်ရာမြောက်တဲ့ လက်ရာအများစုကို နိုင်ငံပြင်ပမှာ မြင်ရဖို့ဆိုတာ ကြုံတောင့်ကြုံခဲဖြစ်ရပ်တစ်ခုဖြစ်ပါတယ်"ဟု ပြတိုက်ညွှန်ကြားရေးမှူး သောမတ်စ်ကမ်ဘဲလ်က ဆိုသည်။

ယင်းပြပွဲတွင် ခင်းကျင်းပြသနိုင်မည့် မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မြန်မာအစိုးရအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ငှားရမ်းရန် သဘောတူလက်မှတ်ရေးထိုးခြင်းကို ဂုဏ်ယူမိသည်ဟု ၎င်းကပြောသည်။

နယူးယောက်မြို့၏ မြို့တော်အနုပညာပြတိုက်(The Metropolitan Museum of Art) ၌ ဟိန္ဒူ-ဗုဒ္ဓ ကြေးရုပ်တုနှင့် မြေစေးကြေးရုပ်ပေါင်း ၁၆၀ ကိုပြသနိုင်ရန်အတွက် ငါးနှစ်ကြာပြင်ဆင်ခဲ့ရခြင်းဖြစ်သည်။ ယင်းရုပ်တုပေါင်း ၁၆၀ အနက် ၂၂ မျိုးသည် မြန်မာနိုင်ငံမှ ငှားရမ်းထားသည့် ရှေးဟောင်းပစ္စည်းများဖြစ်ပြီး တခြားရုပ်တုများသည် ကမ္ဘောဒီးယား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့မှဖြစ်သည်။

"ငါးရာစုမှ ရှစ်ရာစုကြားကာလအတွင်းမှ အရှေ့တောင်အာရှ ရှေးဟောင်း ဟိန္ဒူ-ဗုဒ္ဓရုပ်တုများ" ဟူသည့်အမည်ဖြင့် လှပသေသပ်စွာ ခင်းကျင်းပြသထားသည့် ယင်းပြပွဲကို ဇူလိုင် ၂၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

"အရှေ့တောင်အာရှဒေသဟာ အိန္ဒိယအလွန် တရုတ်မတိုင်မီမှာ ရှိနေတာမို့ ရှေးဟောင်းပထဝီပညာရှင်များမှ ဒီဒေသကို ဖယ်ကြဉ်သတ်မှတ်ထားသော်လည်း အံ့သြဖွယ်ကောင်းတဲ့ ဟိန္ဒူ-ဗုဒ္ဓ ရုပ်တုများ ထွက်ရှိရာဒေသဖြစ်ပါတယ်"ဟု ပြတိုက်မှူး ဂွန်ဂိုင်းက ဆိုသည်။ မြန်မာနိုင်ငံမှ ငှားရမ်းလိုက်သည့်ရုပ်တုများသည် ၁၉၂၄ ခုနှစ်မှ ၁၉၂၆ ခုနှစ်အတွင်း မူလနေရာ ရှေးဟောင်းသရေခေတ္တရာမှ ပြည်မြို့ပြတိုက်သို့ နွားလှည်းဖြင့် ရွှေ့ပြောင်းခဲ့ခြင်းမှလွဲ၍ အခြားနေရာတစ်ခုသို့တစ်ကြိမ်တစ်ခါမျှ ရွှေ့ပြောင်းခဲ့ခြင်းမျိုး မရှိခဲ့ပေ။ ■




### MRTV-4

| | |
|---|---|
| ၀၆း၀၀ | MRTV-4 သတင်း |
| ၀၆း၁၀ | Health Fix |
| ၀၆း၂၀ | ရုပ်သံဇာတ်လမ်းတွဲ |



| | |
|---|---|
| | **"အချစ်ရူး"** |
| | (အပိုင်း-၅၄) |
| ၀၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ |
| | **"ထာဝရမန္တလေး"** |
| | (ဇာတ်သိမ်းပိုင်း) |
| ၀၈း၀၀ | MRTV-4 သတင်း |
| ၀၈း၁၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၀၈း၃၀ | ရုပ်သံဇာတ်လမ်းတွဲ |
| | **"သားတို့အိမ်ကလေး"** |
| | (အပိုင်း-၁၃) |
| ၀၉း၃၀ | ရုပ်သံဇာတ်လမ်းတွဲ |
| | **"ကျွန်တော့်ရဲ့ ဗီးနပ်စ်"** |
| | (အပိုင်း-၃၇) |
| ၁၀း၁၅ | Let's Talk |
| ၁၁း၀၀ | Minute to Win It |

### CHANNEL-7

| | |
|---|---|
| ၀၆း၀၀ | ငါးတန်းနှင့်ပြိုင် ဘယ်သူနိုင် |
| ၀၇း၀၀ | Fashion Focus |
| ၀၇း၃၀ | The Guys View |
| ၀၈း၀၀ | ရုပ်သံဇာတ်လမ်းတွဲ |
| | **"ပန်းပျိုးတဲ့လက်ကလေး"** |
| | (အပိုင်း-၄၉) |
| ၀၉း၀၀ | အိပ်မက်ဆုံရာ |
| ၁၀း၀၀ | ရုပ်သံဇာတ်လမ်းတွဲ |



| | |
|---|---|
| | **"မျှော်လင့်သောမိသားစုလေး"** |
| | (အပိုင်း-၂၅) |
| ၁၁း၀၀ | ရုပ်သံဇာတ်လမ်းတွဲ |
| | **"ချစ်သူရဲ့အောင်သွယ်တော်"** |
| | (အပိုင်း-၁၃) |
| ၁၁း၄၅ | VJ's Music |
| ၁၂း၁၀ | Happy Birthday to You |

### MWD

| | |
|---|---|
| ၀၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၀၆း၀၆ | အမျိုးသားရေးတေးကဗျာ |
| ၀၆း၂၅ | ကာတွန်းအစီအစဉ် |
| | **"ထူးခြားချစ်စရာဒန်ဗာ"** |
| ၀၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၀၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| | မိုးလေဝသသတင်း |
| | ရယ်စရာပျော်စရာဟာသကမ္ဘာ |
| | မြဝတီ၏တေးလက်ဆောင် |
| | မြဝတီရုပ်မြင်သံကြားသတင်း |
| | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| | တရားတော် |

TV Gide **နှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ကူးယူဖော်ပြသည်။**

# ရုပ်သံအစီအစဉ်တင်ဆက်သူ ပီးချက်ဂျဲလ်ဒေ့ါဖ် ရုတ်တရက်သေဆုံး

**လန်ဒန်၊ ဧပြီ ၈**

ဗြိတိန်သတင်းစာဆရာတစ်ဦးဖြစ်သလို ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးလည်းဖြစ်သည့် ပီးချက်ဂျဲလ်ဒေ့ါဖ်သည် ဧပြီ ၇ ရက်က ၎င်းနေအိမ်တွင် ရုတ်တရက်သေဆုံးသွားခဲ့ကြောင်း ဘီဘီစီသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျဲလ်ဒေ့ါဖ်၏အသက်မှာ ၂၅ နှစ်သာရှိသေးကြောင်း၊ ၎င်းတွင် သားနှစ်ဦးရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

“ကျွန်တော်တို့ အခု သူ့အတွက် အရမ်းကိုနာကျင်နေရတယ်။ ဂျဲလ်ဒေ့ါဖ်က စိတ်လှုပ်ရှားလွယ်တယ်၊ ပျော်ပျော်ပါးပါးနေတတ်တယ်၊ လိမ္မာရေးခြားလည်းရှိပြီး ဉာဏ်လည်းကောင်းပါတယ်။ ကျွန်တော်တို့အားလုံးထဲမှာတော့ သူဟာ ခံစားလွယ်ပြီး အရှုံးသွပ်ဆုံးလို့ပြောရမှာပါပဲ”ဟု ၎င်း၏သေဆုံးမှုကို ဖခင်က အတည်ပြုပြောကြားခဲ့သည်။

ဧပြီ ၇ ရက် နေ့လယ်စာစားချိန်လောက်တွင် Kent စီရင်စုရှိ လိပ်စာတစ်ခုမှ ဖုန်းခေါ်ဆိုခြင်းကို ရဲတပ်ဖွဲ့က လက်ခံရရှိခဲ့ခြင်းကြောင့် ယင်းခေါ်ဆိုမှုသည် ဂျဲလ်ဒေ့ါဖ်သေဆုံးခြင်းကို အကြောင်းကြားခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့အနေဖြင့် လတ်တလော စုံစမ်းစစ်ဆေးချက်များအရ သူမသည် မည်သည့်အတွက်ကြောင့် သေဆုံးသည်ကို မရှင်းပြနိုင်သေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဂျဲလ်ဒေ့ါဖ်သည် ဂီတသမားတစ်ဦးဖြစ်သည့် ဘော့ဂျဲလ်ဒေ့ါဖ်နှင့် သေဆုံးသွားပြီဖြစ်သည့် ပေါလာရိစ်တို့၏ ဒုတိယမြောက်



*အသက် ၂၅ နှစ်သာရှိသေးသည့် ပီးချက်ဂျဲလ်ဒေ့ါဖ်ကို တွေ့ရစဉ်။*

သမီးဖြစ်ပြီး အသက် ၁၁ နှစ်အရွယ်တွင် မိခင်ဖြစ်သူ သေဆုံးခဲ့ခြင်းဖြစ်သည်။

ရုပ်သံအစီအစဉ်တင်ဆက်သူ ရိစ်သည် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် မူးယစ်ဆေးဝါးများ အလွန်အကျွံသုံးစွဲမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ထုတ်ပြန်ထားသည်။

ပီးချက်ဂျဲလ်ဒေ့ါဖ် သေဆုံးပြီးနောက် ခင်ပွန်းဖြစ်သူ SCUM အဖွဲ့၏ခေါင်းဆောင် အဆိုတော်သောမတ်ကိုဟင်က ကျန်ခဲ့သည့် သားနှစ်ဦးကို ရာသက်ပန် ဆက်လက်စောင့်ရှောက်သွားမည်ဟု ပြောကြားထားသည်။ ■

**မဇ္ဈိမ နိုင်ငံဖူး**
**စုစည်းရေးသားသည်။**

# 2NE1 အဖွဲ့ဝင် CL ‘Glaceau Vitamin Water’ အချိုရည်ကြော်ငြာမော်ဒယ်အဖြစ် ရွေးချယ်ခံရ

**ဆိုးလ်၊ ဧပြီ ၈**

2NE1 အဖွဲ့ဝင် CLသည် ကိုကာကိုလာကုမ္ပဏီက ထုတ်လုပ်သည့် ‘Glaceau Vitamin Water’ အချိုရည်၏ မျက်နှာသစ်ကြော်ငြာမော်ဒယ်အဖြစ် ရွေးချယ်ခံထားရပြီး ၎င်း၏ကြော်ငြာဓာတ်ပုံများထဲမှ အချို့ကို ကုမ္ပဏီက ထုတ်ဖော်ပြသထားသည်။

CL သည် ယင်းကြော်ငြာဓာတ်ပုံထဲတွင် ညို့အားပြင်းသည့် အဖြူရောင်ရေကူးဝတ်စုံကို ဝတ်ဆင်ထားပြီး ၎င်း၏ခါးနေရာကို အသားပေးဖော်ပြထားသည့် အနီရောင်လယ်သာဂျာကင်ကို အပေါ်မှထပ်၍ဝတ်ဆင်ထားသည်။ ထို့ပြင် အဖြူရောင်ရှော့ပင်အတိုကို တွဲဖက်ဝတ်ဆင်ထားသည်မှာ ၎င်း၏ကောက်ကြောင်းအလှကို ပိုမိုသိသာပေါ်လွင်စေသည်။ လည်တိုင်တွင် ရွှေနှင့်လက်ဝတ်ရတနာများကို ပြွတ်သိပ်နေအောင် အလှဆင်ထားသည့် 2NE1 အဖွဲ့ခေါင်းဆောင် CL သည် နဂါးမောက်သီးအနံ့အရသာမျိုးရှိသည့် ပါဝါစီ ‘Glaceau Vitamin Water’ အချိုရည်ကြော်ငြာတွင် ဆွဲဆောင်မှုအပြည့်ပါသည့်သွင်ပြင်ကို ပေါ်လွင်အောင်ပြသထားသည်။

‘Glaceau Vitamin Water’ အချိုရည်အတွက် CL ၏ ရုပ်သံလိုင်းမှ ကြော်ငြာထုတ်လွှင့်မှုအစီအစဉ်ကို ဧပြီလလယ်ပိုင်းတွင် စတင်ထုတ်လွှင့်ပြသသွားရန် မျှော်မှန်းထားကြောင်း ကိုကာကိုလာကုမ္ပဏီက ပြောကြားထားသည်။ ■



*ညို့အားပြင်းဝတ်စုံ ဝတ်ဆင်ထားသည့် CL ကို တွေ့ရစဉ်။*

# "Joseon’s Gunman" ဇာတ်ကား၌ လီဂျုံဂီ ပါဝင်မည်

**ဆိုးလ်၊ ဧပြီ ၈**

တောင်ကိုရီးယားသရုပ်ဆောင် မင်းသားချော လီဂျုံဂီသည် KBS2 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ‘Joseon’s Gunman’ ဒရာမာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဟု ၎င်းကိုယ်တိုင်က အတည်ပြုပြောကြားထားသည်။

‘Joseon’s Gunman’ ဇာတ်ကားသည် ၁၉ ရာစုအကုန်က Joseon မင်းဆက်၏ နောက်ခံသမိုင်းကြောင်းကို ဖော်ပြထားသည့် ဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကား၌ လီဂျုံဂီသည် ၎င်း၏ဖခင်နှင့် ညီမငယ် သေဆုံးပြီးနောက် ဓားသမားတစ်ဦးအဖြစ်မှ သေနတ်သမားဘဝသို့ ပြောင်းလဲသွားပြီး အနောက်နိုင်ငံများမှ ယဉ်ကျေးမှုအမွေအနှစ်များအားလုံးကို ပြန်လည်တိုက်ယူကာ ပြုပြင်မွမ်းမံရန် ကြိုးပမ်းသွားမည့် ဇာတ်ကောင်စရိုက်မျိုးတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ဇွန်လတွင် KBS2 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်သည်။ ■




*အောက်စဖို့ဒ်လမ်းမကြီးတွင် တွေ့ရသည့် အင်ဒီကာရိုးနှင့် ဘေလ်လိုင်းမက်ခ်လို။*

# လူသိရှင်ကြားတွဲလျက်ရှိသည့် တိုက်စစ်မှူး ကာရိုးနှင့် TOWIE ကြယ်ပွင့် ဘေလ်လိုင်း

**လန်ဒန်၊ ဧပြီ ၈**

ဝက်စ်ဟင်းအသင်း၏ ကစားသမား အင်ဒီကာရိုးနှင့် ယခင် TOWIE ရုပ်သံအစီအစဉ်တင်ဆက်သူ ဘေလ်လိုင်းမက်ခ်လိုတို့သည် ၎င်းတို့၏အချစ်ဇာတ်လမ်းနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြသလိုက်ပြီဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ယခင်က ၎င်းတို့၏ဆက်ဆံရေးနှင့်ပတ်သက်၍ သိုသိုသိပ်သိပ်ရှိခဲ့ကြသည်။ ပြီးခဲ့သည့်သီတင်းပတ်က ၎င်းတို့နှစ်ဦးသည် လန်ဒန်ရှိ အောက်စဖို့ဒ်လမ်းမကြီးတစ်လျှောက် လက်ချင်းချိတ်၍ ဟိုဟိုဒီဒီသွားလာခဲ့ကြပြီး ၎င်းတို့၏ရင်းနှီးမှုကို ပေါ်ပေါ်ထင်ထင်ပင် ပြသခဲ့ကြသည်။

ရုပ်သံအစီအစဉ်တင်ဆက်သူ ဘေလ်လိုင်းမက်ခ်လိုသည် နွေဦးရာသီတွင် ၎င်းဝတ်ဆင်နေကျ ဒီဇိုင်းပုံစံအတိုင်းပင် လက်ကိုင်အိတ်နှင့် လိုက်ဖက်ညီသည့် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ၎င်းသည် မျက်နှာတွင် နေကာမျက်မှန်ကိုလည်း တပ်ဆင်ထားပြီး လန်ဒန်မြို့လယ်ခေါင်တွင် ကာရိုး၏လက်ကိုတွဲကာ ဈေးဝယ်ထွက်ခဲ့ကြသည်ဟု မေးလ်အွန်လိုင်းတွင် ဖော်ပြထားသည်။

> လန်ဒန်မြို့လယ်ခေါင်တွင် ကာရိုး၏လက်ကိုတွဲကာ ဈေးဝယ်ထွက်ခဲ့ . . .

ဝက်စ်ဟမ်အသင်း၏ ဒုတိယဥက္ကဋ္ဌ ကာရန်ဘရတ်ဒီသည် ယခုနှစ် နွေရာသီတွင် ဘရာဇီး၌ပြုလုပ်မည့် ကမ္ဘာ့ဖလားပွဲအတွင်း စိတ်လှုပ်ရှားဖွယ်အချို့ကို ဘေလ်လိုင်းက ထပ်မံဖြည့်ဆည်းပေးလိမ့်မည်ဟု ပြောကြားခဲ့ခြင်းကြောင့် ၎င်းတို့နှစ်ဦးသည် ယင်းကိစ္စအတွက် အဝတ်အထည်ဒီဇိုင်းသစ်များကို ရှာဖွေနေဟန်ရှိလေသည်။

တိုက်စစ်မှူး ကာရိုးသည် နည်းပြရှိုင်းဟော့ဆန်၏ အင်္ဂလန်အသင်းအင်အားတိုးမြှင့်ရေးအတွက် ခေါ်ယူမည့်ဟန်ရှိကြောင်း မေးလ်အွန်လိုင်းတွင် ဖော်ပြထားသည်။ ■

# THINGYAN PROMOTION

| Size | Rate card Price | Promotion price |
|---|---|---|
| Full Page (35cm x 5col) | $2340 | $1400 |
| Vertical ( 32 cm x 3 col ) | $1152 | $690 |
| Half Page ( 17.5 cm x 5col ) | $1000 | $600 |
| Fire Place (19cm x 6col) | $1368 | $820 |
| 20 by 4 ( 20 cm x 4 col ) | $720 | $ 430 |
| 12 by 5 ( 12 cm x 5 col ) | $540 | $ 320 |
| 10 by 5 ( 10 cm x 5 col ) | $450 | $ 270 |
| 13 by 3 ( 13 cm x 3 col ) | $332 | $ 199 |
| 10 by 3 ( 10 cm x 3 col ) | $255 | $ 150 |
| 5 by 2 ( 5 cm x 2 col ) | $89 | $ 50 |

သင်္ကြန်

အထူးလျှော့ဈေး

% SALE

၅ ကြိမ် နှင့်အထက်ကြော်ငြာထည့်ဝင်သောကြော်ငြာရှင်တိုင်းအတွက် - - -

THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Full Page 1 ကြိမ်

THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Half Page 1 ကြိမ်

THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Qtr Page 1 ကြိမ်

**Business Weekly** မဂ္ဂဇင်းတွင်အခမဲ့ကြော်ငြာနိုင်ပါမည်။

Booking တင်ရမည့်ကာလ : ဖေဖော်ဝါရီ(၁)ရက်နေ့မှ ဧပြီ(၃၀)ရက်ထိ

ကြော်ငြာအသုံးပြုရမည့်ကာလ : ဖေဖော်ဝါရီ(၁)ရက်နေ့မှ မေလ(၃၀)ရက်ထိ

ဆက်သွယ်ပါ......

**မဇ္ဈိမမီဒီယာကုမ္ပဏီလီမိတက်၊ အမှတ် ၄၀၇၊ တိုက်(စီ)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

ရန်ကုန် (ဖုန်း) ၀၉ ၅၀၂၆၄၈၅၊ ၀၉ ၄၂၀၀၀၃၄၆၁၊ ၀၉ ၇၃၀၈၆၈၆၄၊ ၀၉ ၃၁၀၅၁၆၇၃။

မန္တလေး(ဖုန်း) ၀၂၃၆၈၃၅၊ ၀၉ ၄၀၂၅၅၀၅၄၀။

THINGYAN PROMOTION

THINGYAN PROMOTION

THINGYAN PROMOTION

# Motorola က Android ဖုန်း ထပ်ထုတ်မည်ဟု သတင်းထွက်

■ Engadget
**ဝါရှင်တန်၊ ဧပြီ ၈**

Motorola က Moto X ထုတ်လုပ်ခဲ့ပြီး နောက်ပိုင်း စီးရီးအသစ်အဖြစ် Moto X +1 (သို့) Moto X2 အမည်ရနိုင်သည့် Android အသုံးပြုဖုန်းတစ်လုံးကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

ဧပြီ ၅ ရက်တွင် Twitter ၌ ထွက်ပေါ်ခဲ့သော သတင်းများတွင် Motorola က နောက်ထပ်ထွက်နိုင်မည့် ဖုန်းနာမည်ကို ဖော်ပြခဲ့ပြီး Motorola က ယခင်ထုတ်လုပ်ခဲ့သော Moto X မှာ ဩဂုတ်လတွင်ထွက်ရှိခဲ့ကြောင်းလည်း ထည့်သွင်းရေးသားခဲ့သည်။ သတင်းဌာနများက နောက်နှစ်လအတွင်း Motorola ဖုန်းအသစ် ထွက်လာနိုင်ကြောင်း ခန့်မှန်းထားကြသည်။

ထို့နောက် Moto X +1မှာ Moto 360 စမတ်နာရီ ထုတ်လုပ်ပြီးနောက်ပိုင်း ပထမဆုံးထုတ်လုပ်မည့် Motorola Android ဖုန်းတစ်လုံးလည်းဖြစ်သည်။ Motorola မှ ထုတ်လုပ်မည့် Moto 360 နာရီကို ယခုနှစ်နွေရာသီအတွင်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီက ကြေညာထားသည်။

နည်းပညာရှင်များက Motorola အနေဖြင့် ၎င်း၏ စမတ်ဖုန်းသစ်အား စမတ်နာရီနှင့်လည်း ပူးတွဲထုတ်လုပ်သွားနိုင်ကြောင်း ခန့်မှန်းထားကြပြီး ၎င်းမှာ Samsung က Galaxy စမတ်ဖုန်းများနှင့် ၎င်း၏ စမတ်နာရီများ တွဲဖက်ထုတ်လုပ်ခဲ့ခြင်းအား လိုက်လံတုပလို၍ဖြစ်ကြောင်း ခန့်မှန်းပြောဆိုထားကြသည်။

Moto X က သာမန်အလယ်လတ်တန်း ဖုန်းတစ်လုံးပင် ဖြစ်သော်လည်း ကင်မရာကောင်းမွန်မှု၊ ဘက်ထရီကောင်းမွန်မှုနှင့် ဒီဇိုင်းကောင်းမွန်မှုတို့ကြောင့် လူအများ လက်ခံခဲ့သော စမတ်ဖုန်းတစ်လုံးဖြစ်ခဲ့သည်။ ■



# ပြိုင်ဆိုင်မှုပြင်းထန်သည့် မိုဘိုင်းဈေးကွက်ထဲဝင်မည့် မြန်မာ့ဆက်သွယ်ရေး ဂျပန်ကုမ္ပဏီနှင့် ပူးပေါင်းရန် နီးစပ်

■ စ, ချိုကို
**ရန်ကုန်၊ ဧပြီ ၈**



ဓာတ်ပုံ-ဟောင်ဆာ(ရာမည)

*ကလေးမြို့ မြန်မာ့ဆက်သွယ်ရေးရုံးရှေ့တွင် ဖုန်းအသုံးပြုနေသူတစ်ဦးကို တွေ့ရစဉ်။ မြန်မာ့ဆက်သွယ်ရေးသည် ဂျပန်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းလုပ်ကိုင်ဖွယ် ရှိနေသည်။*

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဂျပန်နိုင်ငံရှိ KDDI မိုဘိုင်းဖုန်းအော်ပရေတာနှင့် ပူးပေါင်းလုပ်ကိုင်ရန်အတွက် ဆွေးနွေးမှုများ အဆင့်ဆင့်ပြုလုပ်ထားခဲ့ပြီး လက်မှတ်ထိုးသည့်အဆင့်သာ ကျန်ရှိတော့သည်ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရှိ ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က မဇ္ဈိမကို ပြောသည်။

ဦးသန်းထွန်းအောင်က “မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို KDDI နဲ့ ပူးပေါင်းဖို့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီးပါပြီ။ နောက်ဆုံးအဆင့်အနေနဲ့ ပူးပေါင်းဖို့အတွက် လက်မှတ်ထိုးဖို့သာ လိုပါတော့တယ်။ အားလုံးသဘောတူပြီဆိုရင်လည်း ကျွန်တော်တို့ ညွှန်ကြားမှုဦးစီးဌာနက ထပ်မံစိစစ်စရာလေးတွေ စိစစ်ပြီး ခွင့်ပြုပေး သွားမှာပါ” ဟု ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လုပ်ကိုင်လျက်ရှိသော ဝန်ဆောင်မှုများကို ပူးပေါင်းလုပ်ကိုင်နိုင်မည့် ပြည်ပမိုဘိုင်းဖုန်းအော်ပရေတာများကို ရွေးချယ်ရာတွင် ဂျပန်နိုင်ငံရှိ KDDI၊ ပြင်သစ်နိုင်ငံ Orange နှင့် စင်ကာပူရှိ Singtel အော်ပရေတာ သုံးခုကို အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟုလည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးမြတ်ဟိန်းက ပြောသည်။

ဦးမြတ်ဟိန်းက“မြန်မာ့ဆက်သွယ်ရေးနဲ့ ပူပေါင်းဖို့ကို ဆက်သွယ်ရေးတင်ဒါခေါ်ဆိုစဉ်က မအောင်မြင်တဲ့ ကုမ္ပဏီသုံးခုထဲက အဆင်ပြေမယ့် အော်ပရေတာတစ်ခုကို ပြန်ရွေးတာပေါ့။ ရွေးတဲ့အခါမှာ ကျွန်တော်တို့က အတွေ့အကြုံလည်း မရှိတော့ အကြံပေးကုမ္ပဏီကို ငှားရမ်းပြီး လိုအပ်ချက်အားလုံးနဲ့ ကိုက်ညီတဲ့ အော်ပရေတာကို ရွေးချယ်တာဖြစ်ပါတယ်”ဟု ဧပြီ ၇ ရက်က တယ်လီနော Data Center တွင် မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

KDDI နှင့်ပူးပေါင်းရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လုပ်ကိုင်လျက်ရှိသော မိုဘိုင်းဖုန်းဝန်ဆောင်မှုများနှင့် အင်တာနက်ဝန်ဆောင်မှုများအားလုံး ပါဝင်လာမည်ဖြစ်သည်ဟု ဆိုသည်။

၎င်းက“မြန်မာ့ဆက်သွယ်ရေးက လက်ရှိလုပ်ကိုင်နေတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအားလုံးကို ပူးပေါင်းလုပ်ကိုင်သွားမှာပါ။ စာတိုက်ဝန်ဆောင်မှုတော့ မပါဘူး။ စာတိုက်ကိုလည်း တခြား နိုင်ငံတကာအကူအညီနဲ့ ပူးပေါင်းလုပ်ကိုင်သွားဖို့ ရှိပါတယ်”ဟု မဇ္ဈိမ၏ မေးမြန်းမှုကို ဖြေကြားသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ သကြၤန်ကာလအတွင်း ဖုန်းဘီလ်များ အပိုထပ်ဆောင်း ထည့်သွင်းပေးမည့် ပရိုမိုးရှင်းအစီအစဉ်မှာလည်း KDDI နှင့်ပူးပေါင်းကာ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဖုန်းငွေဖြည့်ကတ် ထုတ်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူတချို့က ပြောကြားသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုများ လုပ်ကိုင်ရန်အတွက် ပြည်တွင်းပြည်ပရှိ အော်ပရေတာ လေးခုဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့ အများပိုင်ကုမ္ပဏီ၊ တယ်လီနောနှင့် အူရီးဒူးတို့ကို ရွေးချယ်ထားသည်။

အလားတူ ပြည်တွင်းအော်ပရေတာတစ်ခုဖြစ်သော ရတနာပုံတယ်လီပို့ကလည်း ပူးပေါင်းလုပ်ကိုင်မည့် ပြည်ပမိုဘိုင်းဖုန်းအော်ပရေတာများကို စိစစ်ရွေးချယ်နေကြောင်း ရတနာပုံတယ်လီပို့၏ ဒါရိုက်တာအဖွဲ့ဝင် ဦးရှိန်းသူအောင်က ပြောကြားထားသည်။ ■

# ကွန်ပျူတာသုံးမြန်မာစာစနစ် ပိုမိုတွင်ကျယ်စွာအသုံးပြုနိုင်စေရန် ယူနီကုတ်စနစ်ကို အထောက်အပံ့ပြုရန် လိုအပ်ဟု ဂူဂဲလ်မန်နေဂျာဆို

■ မောင်မန်း
**ရန်ကုန်၊ ဧပြီ ၈**

အချက်အလက်များကို မြန်မာဘာသာဖြင့် ရှာဖွေနိုင်သော Google.com.mm တွင် Myanmar Unicode စနစ်ကို အသုံးပြုထားသောကြောင့် ယင်းစနစ် ပိုမိုကောင်းမွန်စေအတွက် အထောက်အပံ့ပေးရန် လိုအပ်သည်ဟု Google ၏ Senior Product Manager ဖြစ်သူ Mr. Andrew Mc Glinchey က ပြောသည်။

၎င်းက ဧပြီ ၇ ရက်တွင် ရန်ကုန်မြို့၊ စိမ်းလန်းစိုပြေဥယျာဉ်တွင် ကျင်းပပြုလုပ်သည့် Net Monday Seminerတွင် ပြောခဲ့ခြင်းဖြစ်သည်။

Mr.AndrewMcGlinchey က “ မြန်မာနိုင်ငံက Google မှာ ရှာဖွေတဲ့နေရာမှာ မြန်မာဘာသာကို အသုံးပြုနိုင်ဖို့ google.com.mm ကို လုပ်ထားပါတယ်။ Google မှာ Unicode ကိုသုံးမယ်။ Unicode က မြန်မာနိုင်ငံအတွက် အရေးပါပါတယ်။ Unicode ကို ဘယ်လိုဆက်ပြီးလုပ်ဆောင်သွားမယ်ဆိုတာကို မေးခွန်းထုတ်ချင်ပါတယ်”ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် လက်ရှိမြန်မာစာစနစ်ကို အချင်းချင်းဆက်သွယ်ရန်အတွက်သာ အသုံးပြုနေပြီး အခြားနေရာများတွင် အသုံးပြုမှု နည်းပါးသဖြင့် မြန်မာယူနီကုတ်အား အသုံးပြုမှုနည်းပါးခြင်းသာဖြစ်ပြီး မြန်မာယူနီကုတ်အနေဖြင့် စံသတ်မှတ်ချက်တစ်ခုတွင်ရောက်ရှိပြီးဖြစ်သည်ဟု Trust Link ကုမ္ပဏီ၏ Web Application ဌာနက Department Manager ကိုအိမောင်က မဇ္ဈိမကို ပြောသည်။

ကိုအိမောင်က“Unicode အပေါ်အခြေခံပြီး Font တွေအများကြီးလည်းရှိနေပါပြီ။ Input System ကလည်း လက်ကွက်တွေ အများကြီးရှိပါတယ်”ဟု ဆိုသည်။

ကွန်ပျူတာသုံးမြန်မာစာစနစ် တိုးတက်လာစေရန်အတွက် ပြည်တွင်းနည်းပညာလုပ်ငန်းများအားလုံးမှ ဝိုင်းဝန်း လုပ်ဆောင်ရန်လိုအပ်ပြီး အင်တာနက်မှ ရှာဖွေခြင်းအစရှိသည့် လုပ်ဆောင်ရမည့်စနစ်များတွင် မြန်မာစာစနစ်ပိုမိုတိုးတက်လာရန်အတွက် လုပ်ဆောင်မည့် သီးသန့်အဖွဲ့အစည်းတစ်ရပ်ရှိလာလျှင် အဆင်ပြေနိုင်မည်ဟုလည်း ကိုအိမောင်က သုံးသပ်သည်။

ကိုအိမောင်က“ဆက်သွယ်မှုတစ်ခုကြောင့်အပြင် လေးနက်တဲ့နေရာတွေမှာ သုံးမယ်ဆိုရင် ကွန်ပျူတာသုံးမြန်မာစာစနစ် ပြောင်းလဲသွားနိုင်ပါတယ်”ဟု ဆိုသည်။

ပြည်တွင်းတွင် မြန်မာစနစ်ကို ဇော်ဂျီနှင့် ယူနီကုတ်နှစ်မျိုးကို အဓိက အသုံးပြုကြပြီး သာမန်ဆက်သွယ်ရေးအတွက် အသုံးပြုသူများအနေဖြင့် ဇော်ဂျီစနစ်ကိုသာ အသုံးပိုများသည်။ ပိုမိုကောင်းမွန်သည့် မြန်မာစာစနစ်တစ်ခုဖြစ်လာစေရန် အတွက် လက်ရှိအသုံးပြုနေသည်များနှင့်မတူသည့် အသစ်တစ်ခုဖန်တီးရန် လိုအပ်သည်ဟု Zawgyi စနစ်ကို ရေးဆွဲသည့် Alpha ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးရဲမြတ်သူက မဇ္ဈိမကို ပြောသည်။

ဦးရဲမြတ်သူက “လက်ရှိမှာ Google မှ မဟုတ်ပါဘူး Facebook ကိုလည်း မြန်မာစာစနစ်နဲ့ အသုံးပြုလို့ရပါတယ်။ ဒါပေမယ့် လိုအပ်ချက်တွေရှိနေတဲ့အတွက် အင်္ဂလိပ်ဘာသာနဲ့ပဲ သုံးနေကြတာပါ။ပိုပြီး ကောင်းမွန်တဲ့စနစ်တစ်ခုဖြစ်လာ ဖို့ဆိုရင် လက်ရှိသုံးနေတာတွေမဟုတ်တဲ့ အသစ်တစ်ခုလိုပါတယ်။ နှစ်ခုလုံးကတော့ လိုအပ်ချက်တွေရှိနေပါတယ်”ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုမှု အများစုသည် မိုဘိုင်းဖုန်းမှ အသုံးပြုနေခြင်းဖြစ်ပြီး ပြည်တွင်းရှိ မိုဘိုင်းဟန်းဆက်များတွင် ဇော်ဂျီမြန်မာစာ စနစ်ကိုသာ အသုံးပြုနိုင်သေးသည်ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုမှုများပြားလာသည်နှင့် အမျှ Google မှတဆင့် အချက်အလက်များ ရှာဖွေခြင်း ပိုမိုများပြားလာနိုင်ပြီး မြန်မာစာအသုံးပြုထားသည့် အချက်အလက်များ ပိုမိုများပြားလာစေရန်ဆောင်ရွက်ရန်လိုအပ်သည်ဟု Google မှ Senior Product Manager ဖြစ်သူ Mr. Andrew Mc Glinchey က သုံးသပ်ခဲ့သည်။ ■

# ကိုရင်ကြီးတစ်ပါး ရထားကြိတ်မိ၍ ပြန်လွန်တော်မူ

■ ဇော်ဇော်ထွေး
**ရန်ကုန်၊ ဧပြီ ၈**

မြောက်ဉက္ကလာပမှ ဘူတာရုံတစ်ခုတွင် ရထားလမ်းဖြတ်ကူးသည့် ကိုရင်ကြီးတစ်ပါး ရထားကြိတ်မိ၍ ပြန်လွန်တော်မူခဲ့သည်ဟု တိုင်းရဲတပ်ဖွဲ့က ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကိုရင်တစ်ပါး ရထားကြိတ်မိ၍သေဆုံးကြောင်း ဧပြီ ၈ ရက်ကနံနက် ၇ နာရီ ၁၀ မိနစ်အချိန် သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့က သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရထားတိုက်မှုမှာ နံနက် ၆ နာရီကျော်က မိုင်တိုင်အမှတ် (၂၃/၂၄)အကြားတွင် ရထားလမ်းဖြတ်ကူးသည့် ကိုရင်အိန္ဒက (ခ) အောင်မင်းထိုက် (၂၉)နှစ် ဧပြီ ၄ ရက်က ကိုရင်ဝတ်သူ)ကို မင်္ဂလာဒုံမှ ရန်ကုန်ဘူတာကြီးသို့ မောင်းနှင်သည့် DF -1243 ဆန္ဒန်(၁)မြို့ပတ်ရထားက တိုက်မိခဲ့သည်ဟု ရဲတပ်ဖွဲ့က ကနဦးသိရှိထားသည်။

ပြန်လွန်တော်မူသူ ကိုရင်မှာ ရထားဖြင့် တိုက်မိပြီးနောက် ရထားဘီးကြိတ်၍ ခေါင်းပြတ်သေဆုံးနေသည်ကို ရဲကတွေ့ရှိခဲ့သည်။

ယင်းသေဆုံးမှုကို ဓမ္မတာတိုင်း သေဆုံးခဲ့ခြင်း ဟုတ်မဟုတ် စစ်ဆေးပေးရန် ဒု-ရဲအုပ်တင်ထွန်းက တရားလိုပြုလုပ် တိုင်တန်းထားပြီး မြို့နယ်စခန်းမှူး ဒု-ရဲမှူးဇော်ဝင်းက သေမှုသေခင်းအမှတ်စဉ် (၈/၂၀၁၄) ဖြင့် အမှုဖွင့်ပြီး စစ်ဆေးနေသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ယခုလအထိ ရထားတိုက်မှုကြောင့် ရန်ကုန်တိုင်းအတွင်း သေဆုံးသူ ကိုးဦးအထိရှိနေပြီး ၂၀၁၃ ခုနှစ်အတွင်း ရထားတိုက်မှုကြောင့် သေဆုံးသူ ၂၀ ကျော်အထိ ရှိခဲ့သည်ဟု ရထားပို့ဆောင်ရေးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ရထားတိုက်မိ၍ သေဆုံးရသူ ၉၉ ရာခိုင်နှုန်းမှာလည်း အသုံးပြုသူများ၏ ပေါ့ဆမှုများကြောင့် ဖြစ်သည်ဟုလည်း ရထားပို့ဆောင်ရေး ပြည်တောင်စုဝန်ကြီး ဦးသန်းငွေးက ပြောကြားထားသည်။ ■

# နေအိမ်ထဲထိဝင်ပြီး ဆွဲကြိုးဖြတ်

■ ဇော်ဇော်ထွေး
**ရန်ကုန်၊ ဧပြီ ၈**

အမျိုးသားတစ်ဦးက နေအိမ်ထဲထိ ဝင်ရောက်လာပြီး ရွှေဆွဲကြိုးအား လုယက်ခဲ့သည်ဆိုသည့် တိုင်တန်းမှုတစ်ခုကို သာကေတမြို့နယ်ရဲစခန်းက ဧပြီ ၆ ရက်တွင် တိုင်တန်းထားသူကို ဖမ်းဆီးစစ်ဆေးနေသည်။

အမှုမှာ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်ရှိ နေအိမ်တစ်ခုတွင် နံနက် ၅ နာရီခန့်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အိမ်ရှင်ဖြစ်သူ မမြသက်ဆွေသည် အိပ်ရာမှထပြီး နေအိမ်အောက်ထပ်တွင် ဈေးစာရင်းများ ပြုလုပ်နေစဉ် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး ပါးစပ်ပိတ်ကာ လည်ပင်းရှိ ငါးသိန်းတန် ရွှေဆွဲကြိုးအား ဖြတ်ယူထွက်ပြေးသဖြင့် အော်ဟစ်အကူအညီတောင်းခဲ့ရသည်ဟု ကာယကံရှင်က ရဲထံတွင် ထွက်ဆိုထားသည်။

ယင်းကြောင့် နေအိမ်အောက်ထပ်တွင် အိပ်ပျော်နေသည့် မောင်ဖြစ်သူမှ လိုက်လံဖမ်းဆီးရာ အနော်မာ (၁၇)လမ်းအတွင်းတွင် အထက်ပါ အမျိုးသားကို ဖမ်းဆီးရမိခဲ့သည်ဟု ရဲမှတ်တမ်းတွင်လည်း ဖော်ပြထားသည်။

ရဲတပ်ဖွဲ့က စစ်ဆေးရာတွင် ပြစ်မှုကျူးလွန်သူဟု ယူဆထားသူသည် တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ရှိန်းကိုကို (ခ) မောင်လေး (၂၃)နှစ် ဆိုသူဖြစ်ကြောင်းနှင့် လုယူသွားသည့် ရွှေဆွဲကြိုးကို ထွက်ပြေးစဉ် လမ်းတစ်နေရာတွင် လွှင့်ပစ်ခဲ့ကြောင်းထွက်ဆိုခဲ့သည်ဟု ဆိုသည်။

သာကေတရဲစခန်းက ယင်းတိုင်တန်းမှုကို (ပ)၁၄၃/၂၀၁၄ ဖြင့် အမှုဖွင့်လိုက်ပြီး ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အရေးယူရန် စစ်ဆေးလျက်ရှိသည်။ ■

# ကျပ်သိန်း ၆၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ တာမွေတွင် ဖမ်းဆီးရမိ

■ ဇော်ဇော်ထွေး
**ရန်ကုန်၊ ဧပြီ ၈**

ကျပ်သိန်း ၆၀ ကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများကို တာမွေမြို့နယ်တွင် ဧပြီ ၇ ရက်တွင် နယ်မြေခံရဲတပ်ဖွဲ့က ဖမ်းဆီးရမိလိုက်သည်။

တာမွေရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးကြိုတင်သတင်းအရ ည ၉ အချိန်တွင် နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်း၊ ရွှေလိပ်ပြာ စားသောက်ဆိုင်ရှေ့ လမ်းမပေါ်တွင် စောင့်ဆိုင်းခဲ့ခြင်းဖြစ်သည်ဟု တိုင်းရဲတပ်ဖွဲ့က ဆိုသည်။

ထိုအချိန်တွင် ကြိုတင်သတင်းရရှိထားသည့် SKYLINE ကားကို ဗျိုင်းရေအိုးစင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူစစ်ဆေးခဲ့ခြင်း ဖြစ်သည်။

ယာဉ်ပေါ်တွင် ပါလာသူ နှစ်ဦးမှာ တောင်ကြီးမြို့နေ ဝင်းနိုင် (ခ) ယစ်ကဒ် (၃၈)နှစ် (ယာဉ်မောင်း)ဆိုသူနှင့် အလုံမြို့နယ်နေ မသီတာညို (၂၈)နှစ်ဆိုသူတို့ ဖြစ်သည်ဟုလည်း ရဲတပ်ဖွဲ့က အတည်ပြုထားသည်။

၎င်းတို့ နှစ်ဦးထိုင်သည့်ကြားရှိ ဂီယာတံနောက်မှာလည်း ကာလတန်ဖိုး ကျပ် ၆၁သိန်းကျော်ဖိုးရှိ WY စာတန်းပါ စိတ်ကြွဆေးပြား ၁၂၂၆ပြားပါ အစိမ်းရောင် ပြောက်ကျား ဘေးလွယ်အိတ်ကို သိမ်းဆည်းရမိခဲ့သည်ဟု ဖော်ပြထားသည်။

ထို့ပြင် ဝင်းနိုင်၏ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ငွေစက္ကူရောရာ ကျပ်၂၆၀,၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်း ဖမ်းဆီးရမိခဲ့သည်။

ယင်းတွေ့ရှိမှုကြောင့် ဝင်းနိုင်(ခ) ယစ်ကတ်နှင့် မသီတာညိုတို့နှစ်ဦးကို အရေးယူပေးရန် ဒု-ရဲအုပ် ရန်မင်းလွင်က တရားလိုပြုလုပ်တိုင်တန်းထားသည်။

ယင်းတိုင်တန်းမှုကို မြို့နယ်ရဲစခန်းက မူးယစ်(ပ)၆/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့်တရားစွဲတင်ရန် ပြစ်မှုငြိစွန်းခြင်း ရှိမရှိ ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။ ■




အာဘာထ
တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး

ဖြန့်ချိရေး - အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၄၃၅၆၃၊ ၀၉ ၇၃၂၄၂၀၂၇၊ ၆၄၇၄၂၅၊ ၆၄၂၀၄၇

# ဆိုင်ကယ်တစ်စီးနှင့် ပြည်ရောက်လာသူ နှစ်ဦး မူးယစ်ဆေးဝါးများသယ်လာ

■ ရဲခေ(ပြည်)
**ပြည်၊ ဧပြီ ၈**

ပြည်မြို့သို့ရောက်ရှိနေသော အောင်လံမြို့နေသူနှစ်ဦးထံမှ စိတ်ကြွမူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိရသဖြင့် ဖမ်းဆီးစစ်ဆေးကာအမှုဖွင့် အရေးယူဆောင်ရွက်ထားသည်ဟု ပြည်မြို့မရဲစခန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်မူးယစ်တပ်ဖွဲ့စု(၃၇)၊ ပဲခူး မူးယစ်တပ်ဖွဲ့စု(၃၆)နှင့် ပြည်ခရိုင်အထူးမှုခင်းနှိမ်နင်းရေးဌာနခွဲ ပြည်မြို့မရဲစခန်းမှတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဧပြီလ ၇ ရက် ည ၁၀ နာရီ ၄၅ ခန့်က သတင်းအရ ပြည်မြို့၊ ရွာဘဲရပ်ကွက်ရှိ RED HOUSE စားသောက်ဆိုင်သို့ သွားရောက်ကာ ဆိုင်အတွင်း အရှေ့ဘက်တွင်ရှိနေသူ အောင်လံမြို့နယ်၊ မကျည်းကုန်းကျေးရွာအုပ်စု မော်လယ်ကုန်းရွာနေ မျိုးချစ်အောင်နှင့်အောင်လံမြို့၊ အရှေ့ကုန်းရပ်ကွက်နေ မင်းကိုကိုနိုင် (ခ)ကိုနိုင်တို့ထံ သွားရောက်ရှာဖွေခဲ့သည်ဟု ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

ယင်းသို့ရှာဖွေရာတွင် မျိုးချစ်အောင်ဝတ်ဆင်ထားသော မိုတက်အရောင်ဂျင်းဘောင်းဘီရှည် ရှေ့အိတ်အတွင်းမှ ၈၈ တံဆိပ်ပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ပြား စုစုပေါင်းအလေးချိန် ၄ ဒသမ ၅ ဂရမ်ခန့်ပါတစ်ထုတ် ကာလတန်ဖိုး ကျပ် ၂၂၅၀၀၀ ကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ၎င်းတို့စီးနင်းလာသော တရုတ်နိုင်ငံလုပ် ကန်ဘို ၁၂၅ အနက်ရောင်ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)တို့ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း မြို့မရဲစခန်းတာဝန်ရှိသူက ပြောသည်။

အဆိုပါဆေးပြားများကို အောင်လံမြို့ ရွာထောင်ရပ်ကွက်၊ ရွာထောင်ဘုတာလမ်းနေ ဦးခင်မောင်ထွန်းထံမှ တစ်ပြားလျှင် ကျပ် ၄,၀၀၀ နှုန်းဖြင့် ကျပ် ၁၈၀,၀၀၀ ဘိုးဝယ်ယူခဲ့ကြောင်းထွက်ဆိုခဲ့သည်ဟု ရဲစခန်းမှတ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါမူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ အောင်လံမြို့နေသူများဖြစ်သည့် မျိုးချစ်အောင်၊ မင်းကိုကိုနိုင်(ခ) ကိုနိုင်အပါအဝင် မူးယစ်ဆေးဝါးရောင်းချသူဆိုသည့် ဦးခင်မောင်ထွန်း(ဖမ်းဆီးမရမိသေး)တို့ သုံးဦးအားမူးယစ်ပုဒ်မ (၁၅) / ၁၉(က) / ၂၁အရ ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်နေသည်။ ■

# အဆောင်ကိုမီးရှို့သည်ဟုဆိုကာ လက်ထောက်ကျန်းမာရေးမှူးကို အမှုဖွင့်

■ ဇော်ဇော်ထွေး
**ရန်ကုန်၊ ဧပြီ ၈**

လက်ထောက်ကျန်းမာရေးမှူး တစ်ဦးက လူနေအဆောင်ကို မီးရှို့ခဲ့သည်ဟုဆိုကာ အမှုဖွင့် တိုင်တန်းမှုတစ်ခုကို ဧပြီ ၇ ရက်တွင် အမှုဖွင့် စစ်ဆေးနေသည်ဟု တိုင်းရဲတပ်ဖွဲ့မှူးရုံးက သတင်းထုတ်ပြန်ထားသည်။

အမှုမှာ လှိုင်သာယာမြို့နယ်တွင် (၆)ရပ်ကွက် အောင်မြေသာယာဘုရားလမ်း၊ အမှတ် (၄၁၀)ရှိ ဦးသန်းငွေအောင် ပိုင်ဆိုင်သည့် ချမ်းမြေ့အဆောင်တွင် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဖြစ်စဉ်တွင် အဆောင်တွင် ငှားရမ်းနေထိုင်သည့် ဒေါ်ခင်နှင်းဖြူထံသို့ ၎င်း၏တူမဖြစ်သူ မစန်းသန္တာကိုမှာ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်၊ ကျေးလက်ကျန်းမာရေးဌာန၊ စိမ်းလန်းကျေးရွာမှ လက်ထောက်ကျန်းမာရေးမှူးဖြစ်သူ ခင်မောင်ဆွေ (၃၆)နှစ်နှင့် အဆင်မပြေသဖြင့် လာရောက်နေထိုင်ခဲ့သည်ဟု မှုခင်းမှတ်တမ်းတွင် ဖော်ပြထားသည်။

ထို့နောက် ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ခင်မောင်ဆွေဆိုသူမှာ မစန်းသန္တာကိုထံလာရောက်ခဲ့ရာ အတွေ့မခံဘဲ ပုန်းအောင်းနေခဲ့သည်ဟုလည်း တရားလိုကရဲထံတွင် ထွက်ဆိုတိုင်တန်းထားသည်။

ထိုအခါတွင် ခင်မောင်ဆွေက အရက်မူးပြီး နေအိမ်အားမီးရှို့ခဲ့ရာ အဆောင်ခြံစည်းရိုးမှ အဝတ်အထည်များနှင့် ပလတ်စတစ်ရေတိုင်ကီ အမိုးတာလပတ်တို့ မီးလောင်ကျွမ်းခဲ့ပြီး အဆောင်နေသူများနှင့် ပတ်ဝန်းကျင်နေသူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်။

ယင်းမီးလောင်မှုတွင် တန်ဖိုးကျပ် ၂၅၀၀ ဆုံးရှုံးခဲ့ပြီး မီးရှို့သူကို အရေးယူပေးရန် အဆောင်ပိုင်ရှင်ဖြစ်သူ ဦးသန်းငွေအောင်က တရားလိုပြုလုပ် တိုင်တန်းထားခြင်း ဖြစ်သည်။

ယင်းတိုင်တန်းမှုကို မြို့နယ်ရဲစခန်းက (ပ)၄၆၀/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး တိုင်တန်းခံရသူကို ဖမ်းဆီးစစ်ဆေးနေကာ ပြစ်မှုထင်ရှားပါက ပုဒ်မ ၄၃၆ ဖြင့် တရားစွဲတင်မည်ဟု ဆိုထားသည်။ ■

# လမ်းပေါ်ထွက်ဆန္ဒပြနေကြပါက နိုင်ငံရေးတည်ငြိမ်မှု ရလိမ့်မည်မဟုတ်ဟု ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ ပြော

■ သည်နေရှင်းသတင်းတစ်ရပ်
**ဘန်ကောက်၊ ဧပြီ ၈**



ဧပြီ ၆ ရက်က ဘန်ကောက်မြို့ အနောက်ပိုင်းတွင် ဝန်ကြီးချုပ်ယင်လပ်ထောက်ခံသူများကို တွေ့ရစဉ်။ **(ဓာတ်ပုံ-အေအက်ဖ်ပီ)**

ထိုင်းနိုင်ငံတွင် အစိုးရဆန့်ကျင်ရေး သမားများနှင့် အစိုးရထောက်ခံသူများက လမ်းများပေါ်တွင်ထွက်ကာ ဆန္ဒ အပြိုင်အဆိုင် ပြနေကြပါက နိုင်ငံရေး မတည်ငြိမ်မှုကို အပြည့်အဝရရှိနိုင်လိမ့်မည် မဟုတ်ဟု ထိုင်းအမျိုးသား လုံခြုံရေးကောင်စီ (NSC) ကပြောခဲ့သည်ဟု ဧပြီ ၈ ရက်က သည်နေရှင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

"လူတွေအများကြီး လမ်းတွေပေါ်ထွက်ပြီးတော့ ဆန္ဒပြနေကြတဲ့အတွက် ကျွန်တော်တို့မှာ ယုံကြည်မှုမရှိတော့ပါဘူး" ဟု ထိုင်းအမျိုးသား လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ပါရာဒွန် ပက်တာနာတာဘတ်က ပြောခဲ့သည်။

သို့ရာတွင် အမျိုးသားလုံခြုံရေး ကောင်စီက အကောင်းဆုံး လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ယင်းအဖွဲ့၏ အတွင်းရေးမှူးက ပြောခဲ့သည်။ "အခြေအနေကို ကျွန်တော်တို့ အနီးကပ် စောင့်ကြည့်သွားမှာဖြစ်ပြီးတော့ ဘက်နှစ်ဖက် အကြားမှာ ထိပ်တိုက်တွေ့မှုတွေ မဖြစ်ပွားအောင် ကာကွယ်သွားမှာပါ" ဟု ၎င်းကပြောသည်။

ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ယင်လပ်၏အမှုအပေါ် လွှတ်လပ်သော တရားရေးဌာနများက မကြာခင်တွင် အဆုံးအဖြတ်ပေးတော့မည်ဟု မျှော်လင့်ရရာ တင်းမာမှုများ သိသိသာသာ မြင့်တက်လာခဲ့သည်။

"အခုက အကြောင်းရင်းတွေကတော့ လွတ်လပ်တဲ့ဌာနတွေရဲ့ ဆုံးဖြတ်ချက်တွေပါပဲ" ဟု ဗိုလ်ချုပ်ကြီးပါရာဒွန် ပက်တာနာတာဘတ်က က ဆိုခဲ့သည်။

အာဏာရှင်ဝါဒဆန့်ကျင်ရေး စည်းလုံးညီညွတ်သော ဒီမိုကရေစီတပ်ဦး (UDD) ဥက္ကဋ္ဌပရွန်ဖန်က ပြောကြားခဲ့ရာတွင် လက်ရှိအစိုးရကို ဖြုတ်ချရန်အတွက် အစိုးရဆန့်ကျင်ရေးသမားများ၏ လျှို့ဝှက်ပူးပေါင်းကြံစည်မှုတစ်ရပ် ရှိနေသည်မှာ ထင်ရှားလှကြောင်း ဆိုခဲ့သည်။

"ဗျူရိုကရက်ပုံစံ လုံးဝ ပြိုပျက်သွားအောင်လို့ ထိုင်းသင်္ကြန်ပွဲတော်ပြီးရင် ကျွန်တော်တို့ကြီးမားလှတဲ့ လူထုစည်းဝေးပွဲတစ်ခု စီစဉ်ဆောင်ရွက်သွားမှာပါ" ဟုလည်း ၎င်းက ဆိုသည်။

ဒီမိုကရေစီတပ်ဦးအဖွဲ့အား ထောက်ခံသူများကို ၎င်းကိုယ်တိုင်ဦးဆောင်ကာ ဘန်ကောက်မြို့တွင် လူထုစည်းဝေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

တနင်္ဂနွေနေ့ညက အစိုးရထောက်ခံရေးသမားများဖြစ်ကြသော ရှပ်နီဝတ်များသည် ဘန်ကောက်မြို့ အနောက်ဘက်အစွန် ဒေသရှိ အက်ခ်ကာလမ်းမပေါ်တွင် စုဝေးခဲ့ကြသည်။ ■

# ဒုံးကျည်စမ်းသပ်မှုများကို ရပ်တန့်ရန် သတိပေး

■ အေအက်ဖ်ပီ
**ဝါရှင်တန်၊ ဧပြီ ၈**

မြောက်ကိုရီးယား၏ ရန်စ လှုံ့ဆော်မှုများနှင့်ပတ်သက်ပြီး အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက သတိပေး ပြောကြားလိုက်သည်ဟု ဧပြီ ၈ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် ဝါရှင်တန်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြောက်ကိုရီးယားနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည် စမ်းသပ်မှုများကို ကန့်ကွက်ရှုတ်ချကာ အစိုးရ၏ နျူကလီးယားအစီအစဉ်များ အဆုံးသတ်ရေးကို တောင်းဆိုခဲ့ကြသည်။

နောက်ထပ်ခြိမ်းခြောက်သည့် လုပ်ရပ်များကိုရပ်တန့်ရန် အဆိုပါသုံးနိုင်ငံက မြောက်ကိုရီးယားကို တိုက်တွန်းခဲ့ကြောင်း အမေရိကန်နိုင်ငံ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ကိုရီးယားကျွန်းဆွယ်တွင် အင်မတန် ဆိုးရွားသည့်အခြေအနေ ဖြစ်ပေါ်လာနိုင်ကြောင်း မြောက်ကိုရီးယား၏ ငယ်ရွယ်သူခေါင်းဆောင် ကင်ဂျုံအန်က ယခင်သီတင်းပတ်အတွင်း သတိပေးခဲ့ပြီးနောက် တောင်ကိုရီးယားအစိုးရက သတိဖြင့် စောင့်ကြည့်ခဲ့သည်။ ■

# ထိုင်ဝမ်ကျောင်းသားများ လွှတ်တော်သိမ်းပိုက်မှု အဆုံးသတ်မည်

■ အေအက်ဖ်ပီ
**တိုင်ပေ၊ ဧပြီ ၈**

တရုတ်နှင့် ကုန်သွယ်ရေး သဘောတူညီချက်ကို ကန့်ကွက်ဆန္ဒပြနေသည့် ထိုင်ဝမ်ကျောင်းသူကျောင်းသားများက လွှတ်တော်အဆောက်အအုံသိမ်းပိုက်မှုအား အဆုံးသတ်တော့မည်ဟု ကြေညာလိုက်ကြောင်း ဧပြီ ၈ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မတ်လလယ်ကတည်းက လွှတ်တော်အဆောက်အအုံကို စီးနင်း သိမ်းပိုက်ထားသည့် ကျောင်းသူကျောင်းသားများက ကြာသပတေးနေ့တွင် လွှတ်တော် အဆောက်အအုံမှ ထွက်ခွာမည်ဟု ပြောဆိုခဲ့သည်။

၎င်းတို့က တရုတ်အစိုးရနှင့် သဘောတူထားခဲ့သည့် ကုန်သွယ်ရေး သဘောတူညီချက်များကို ကန့်ကွက်နေခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်များသည် ထိုင်ဝမ်၏စီးပွားရေးကို ထိခိုက်စေပြီး တရုတ် ဖိအားပေးလာမည့် အန္တရာယ်ကိုလည်း စိုးရိမ်ရကြောင်း ဆန္ဒပြသူများက ဆိုသည်။

လွှတ်တော်ဥက္ကဋ္ဌဝမ်ကျင်းပင်နှင့် ဆွေးနွေးခဲ့ကြပြီးနောက် လွှတ်တော်ကို စွန့်ခွာတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တရုတ်နှင့်ကုန်သွယ်နေသော ကိစ္စအားလုံးကို ခြုံငုံထည့်သွင်းထားသည့် ဥပဒေမပေါ်ပေါက်မချင်း ၂၀၁၃ ခုနှစ်၊ ဇွန်လက သဘောတူ လက်မှတ်ရေးထိုးခဲ့သော်လည်း လွှတ်တော်တွင် အတည်မပြုရသေးသည့် အဆိုပါဥပဒေနှင့်ပတ်သက်ပြီး အခြေအတင်ဆွေးနွေးမှုများကို ပါလီမန်တွင် ဆက်လက် ပြုလုပ်တော့မည်မဟုတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဝမ်ကျင်းပင်က ကျောင်းသားများအား ပြောကြားခဲ့သည်။

ကြာသပတေးနေ့ ဒေသစံတော်ချိန် ညနေခြောက်နာရီတွင် လွှတ်တော် အဆောက်အအုံမှ ထွက်ခွာမည်ဖြစ်ကြောင်း ဆန္ဒပြခေါင်းဆောင် ချမ်းဝေထင်းက ပြောကြားခဲ့သည်။

ယခုလှုပ်ရှားမှုကို ထိုင်ဝမ် တစ်မျိုးသားလုံး၏လှုပ်ရှားမှုအဖြစ် ပြောင်းလဲချိန် တန်ပြီဖြစ်ကြောင်းနှင့် ပြည်သူ တစ်ရပ်လုံးနှင့်အတူ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။ ■



လွှတ်တော်ကို သိမ်းပိုက်ထားသော ထိုင်ဝမ်ကျောင်းသားများကို တွေ့ရစဉ်။
**(ဓာတ်ပုံ-အေအက်ဖ်ပီ)**



တက်ကြွ၍မိမိကိုယ်ကိုယုံကြည်မှုရှိသော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ လစ်လပ်လျက်ရှိပါသည်။

**Web Designer** M-2
CMS, HTML, CSS, CSS3, HTML5, Jquery, Photoshop, Illustrator Software များကို ကောင်းစွာ အသုံးပြုနိုင်သူ၊ (*C Panel, Web Hosting ပိုင်းဆိုင်ရာကို နားလည်သူ၊ Web Design နှင့် ပတ်သက်၍ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။)

**Marketing Executive** F-10
လမ်းညွှန်စာအုပ်ထုတ်ဝေရေးတွင် တာဝန်ထမ်းဆောင်ရန် ရုပ်ရည်အသင့်အတင့်ရှိ၍ စကားပြောပြေပြစ်သူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ လမ်းညွှန်စာအုပ်ထုတ်ဝေရေး လုပ်ငန်းအတွေ့အကြုံရှိသူ (သို့) ကြော်ငြာရောင်းအတွေ့အကြုံ (၂)နှစ်ရှိသူ။ (*နယ်ခရီးသွားနိုင်ရမည်။)

**Marketing Assistant** F-20
ရုပ်ရည်အသင့်အတင့်ရှိပြီးစကားပြော ပြေပြစ်သူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ ကြော်ငြာအရောင်းအတွေ့အကြုံရှိသူ (သို့) လမ်းညွှန်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**Tele Advertising Sales** F-2
စကားပြောပြေပြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ တယ်လီဖုန်းဖြင့် ကြော်ငြာရောင်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Data Entry** F-3
တက္ကသိုလ်ဝင်တန်းအောင်မြင်ထားပြီး၊ English/ မြန်မာလက်ကွက်ကျွမ်းကျင်စာရိုက်တတ်ရမည်။ Microsoft Office, Pagemaker ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

**Data Collector** M-10
အသက် (၂၀)မှ(၂၅)နှစ်အတွင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူ၊ စကားပြောပြေပြစ်ပြီး၊ ရန်ကုန်မြို့တွင်းရှိ နယ်မြေများကို ကောင်းမွန်စွာသွားလာနိုင်သူ။ (*နယ်ခရီးသွားနိုင်သူဖြစ်ရမည်)

**Driver** M-1
အသက် (၂၅-၄၅) အတွင်း၊ ယာဉ်မောင်းအတွေ့အကြုံ (၃)နှစ် အထက်ရှိပြီး ယာဉ်မောင်းလိုင်စင် အနက်ရှိရမည်။ ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာ သွားလာနိုင်ပြီး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရမည်။

လျှောက်ထားလိုသူများသည် CV နှင့်အတူ (ဓါတ်ပုံနှစ်ပုံ)၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူများနှင့်အတူ (၃၀.၄. ၂၀၁၄) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

LOGIMEDIA
Logistics Media Services Co.,Ltd.
HR / Admin Department
No.2, Room (9 / D-E), Zagawar Condo, Moe Kaung Rd, Yankin Tsp, Yangon. Tel :01-559768,01-554776
Email : admin@logimedia.com.mm




*မေ ၇ ရက်က ရုရှလိုလားသူများ ယူကရိန်းအစိုးရ အဆောက်အအုံတစ်ခုကို သိမ်းပိုက်ကာ အောင်ပွဲခံနေစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

# ရုရှလိုလားသူများက အစိုးရရုံးများသိမ်းပိုက်ပြီး လွတ်လပ်ရေးကြေညာ

■ အေအက်ဖ်ပီ

**ကီးယက်ဗ်၊ မေ ၈**

ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ဒိုနက်တက်ခ်မြို့တွင် ရုရှလိုလားသူများက ယူကရိန်းအစိုးရ အဆောက်အအုံများကို သိမ်းပိုက်ခဲ့ကြကာ လွတ်လပ်ရေးကြေညာခဲ့ကြပြီး ရုရှနှင့် ပူးပေါင်းရေးအတွက် ဆန္ဒခံယူပွဲ ပြုလုပ်မည်ဟုဆိုသဖြင့် ယူကရိန်းနိုင်ငံသည် ပြိုကွဲမည့် အလားအလာကို ရင်ဆိုင်နေရလျက်ရှိသည်ဟု မေ ၈ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

"ပြည်သူ့သမ္မတနိုင်ငံ" တစ်ခု တည်ထောင်ကြောင်း နိုင်ငံရေးလှုပ်ရှားသူများက ကြေညာခဲ့ကြပြီး ၎င်းတို့ကို အားပေးကူညီသောအားဖြင့် ရုရှ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ကို စေလွှတ်ပေးရန်လည်း နိုင်ငံရေးလှုပ်ရှားသူများက ရုရှသမ္မတပူတင်ကို မေတ္တာရပ်ခံခဲ့ကြသည်။

ယူကရိန်းနိုင်ငံတွင် မတည်ငြိမ်မှုများ ဖြစ်ပွားလာအောင် ရုရှက ဆွပေးနေသည်ဟု ယူကရိန်းနိုင်ငံက စွပ်စွဲနေသည်။ အမေရိကန်နိုင်ငံကလည်း ရုရှက ယူကရိန်းနိုင်ငံ မတည်မငြိမ်ဖြစ်အောင် အားထုတ် ကြိုးပမ်းနေမှုများကိုရပ်တန့်ရန် တိုက်တွန်းလျက်ရှိကာ အကယ်၍ မလိုက်နာပါက ရုရှအား ပိတ်ဆို့အရေးယူမှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ရုရှအစိုးရကမူ စွပ်စွဲချက်များကို ပယ်ချခဲ့ပြီး လတ်တလောပြဿနာမှာ အနောက်နိုင်ငံများကထောက်ခံသော ယူကရိန်းခေါင်းဆောင်များ ညံ့ဖျင်းလှကြောင်းနှင့် တရားမဝင်ကြောင်း လက္ခဏာတစ်ရပ်သာ ဖြစ်သည်ဟု ဆိုခဲ့သည်။ ရုရှ-ယူကရိန်း နယ်စပ်ဒေသတွင် ရုရှတပ်ဖွဲ့အများအပြား တပ်စွဲထားလျက် ရှိနေစဉ်တွင် စစ်အေးတိုက်ပွဲပုံစံ စကားလုံးစစ်ပွဲ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ယူကရိန်း၏ ကရိုင်းမီးယားကို ရုရှက သိမ်းပိုက်ပြီးကတည်းက ယူကရိန်းနိုင်ငံအတွင်း ရုရှ ဘာသာစကားပြောဆိုသူ အများအပြားရှိသော အရှေ့ပိုင်းဒေသ တော်တော်များများတွင် ရုရှနှင့် ပူးပေါင်းရေးတွက် ဆန္ဒခံယူပွဲများပြုလုပ်ရန် လှုပ်ရှားတောင်းဆိုမှုများ ရှိလာသည်။ ယူကရိန်းသမ္မတရွေးကောက်ပွဲကို မေလ ၂၅ ရက်တွင်ကျင်းပရန် စီစဉ်ထားသည်။

ရုရှလိုလားသူ ထောင်ပေါင်းများစွာသည် ယူကရိန်းနိုင်ငံ ခါကက်ဗ်နှင့် ဒိုနက်တက်ခ်မြို့များရှိ အုပ်ချုပ်ရေးရုံး အဆောက်အအုံများကိုသာမက ယူကရိန်းအရှေ့ပိုင်းဒေသ လူဂန်စက်မြို့ရှိ ကာကွယ်ရေး ဌာနချုပ်ကိုပါ စီးနင်းသိမ်းပိုက်ခဲ့ကြသဖြင့် ယူကရိန်းခေါင်းဆောင်များအတွက် နိုင်ငံရေးဖိအားမှာ ပေါက်ကွဲလုနီးပါး ဖြစ်နေသည်။ ■

# ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုချက် သီရိလင်္ကာပယ်ချ

■ အေအက်ဖ်ပီ

**ကိုလံဘို၊ မေ ၈**

စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာ၏ တောင်းဆိုချက်များကို သီရိလင်္ကာအစိုးရက ပယ်ချခဲ့သည်ဟု မေ ၈ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်အကြီးအကဲ နာဗီပီလေးဦးဆောင်သည့် စုံစမ်းစစ်ဆေးမှုကို သီရိလင်္ကာတွင် ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂါမီနီလက်ခ်ရှမန်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ လူတစ်သိန်းခန့် သေဆုံးခဲ့ရပြီး ၃၇ နှစ်ကြာ တမီးလ်သူပုန်များနှင့် တိုက်ခိုက်ခဲ့သည့် ပြည်တွင်းစစ်အတွင်း သီရိလင်္ကာအစိုးရ၏ ပြည်သူများအပေါ် ပြုလုပ်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် နိုင်ငံတကာက တောင်းဆိုနေခြင်း ဖြစ်သည်။ လူ့အခွင့်အရေးအုပ်စုများ၏ ပြောကြားချက်အရ တမီးလ်လူမျိုးလေးသောင်းခန့် အစိုးရစစ်တပ်၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်ဟု ဆိုသည်။

အဆိုပါ စုံစမ်းစစ်ဆေးမှုတွင် သီရိလင်္ကာနိုင်ငံ ပါဝင်မည်မဟုတ်ကြောင်း ဂါမီနီလက်ခ်ရှမန်က ဆိုသည်။

နိုင်ငံတကာအသိုင်းအဝိုင်း၏ စုံစမ်းစစ်ဆေးရေးကိုလက်ခံပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီနှင့် လက်တွဲဆောင်ရွက် အဖြေရှာရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ တောင်းဆိုချက်အပြီးတွင် ဂါမီနီလက်ခ်ရှမန်၏ တုံ့ပြန်မှု ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ■

# အီရန်သံအမတ်ကြီးအား အမေရိကန် ပြည်ဝင်ခွင့်ပိတ်ပင်

■ အေအက်ဖ်ပီ

**ဝါရှင်တန်၊ မေ ၈**

အီရန်နိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ဟာမစ် အဘူတာလီဘီအား အမေရိကန်နိုင်ငံသို့ ပြည်ဝင်ခွင့်ပိတ်ပင်မည့် ဥပဒေကို အမေရိကန် ဆီးနိတ် လွှတ်တော်မှ အတည်ပြုဆုံးဖြတ်ချက် ချမှတ်လိုက်သည်ဟု မေ ၈ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တက္ကဆက်ပြည်နယ် ရီပတ်ပလီကန် လွှတ်တော်အမတ် တက်ဒ်ခရုဇ် စတင် ကြိုးပမ်းခဲ့သည့် အဆိုပါဥပဒေမှာ ကုလသမဂ္ဂသံအဖွဲ့အတွင်း လူသိထင်ရှား အကြမ်းဖက်သူများ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ပင်ရန် ဖြစ်သည်။ ဆီးနိတ်လွှတ်တော်တွင် အဆိုပါ ဥပဒေကို အမတ်များက မဲခွဲ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဟာမစ် အဘူတာလီဘီမှာ ၁၉၇၉ - ၁၉၈၁ ခုနှစ်အတွင်း အမေရိကန်သံရုံးအား ဝင်ရောက်စီးနင်းပြီး အမေရိကန်နိုင်ငံသားများကို ၄၄၄ ရက်ကြာ ပြန်ပေးဆွဲခဲ့သည့် အီရန် အကြမ်းဖက်အဖွဲ့တွင် ပါဝင်ခဲ့သူတစ်ဦး ဖြစ်သည်။ အီရန်သမ္မတ ရိုဟာနီက အကြမ်းဖက် သမားအား သံအမတ်အဖြစ် ရွေးချယ်ခဲ့ခြင်းအပေါ် အမေရိကန်ဥပဒေပြုလွှတ်တော်အမတ်များက ဒေါသထွက်လျက်ရှိနေကြပြီး အမေရိကန်အစိုးရကလည်း စိုးရိမ်နေသည်။ ■

# သွေးစစ်နည်းအသစ်ဖြင့် ကင်ဆာကို စောစောစီးစီး ဖော်ထုတ်နိုင်ဖွယ်ရှိ

■ အေအက်ဖ်ပီ

**ဝါရှင်တန်၊ မေ ၈**

မကြာမီကာလတွင် ရိုးရှင်းလွယ်ကူသော သွေးစစ်မှုတစ်ရပ်ဖြင့် ကင်ဆာရောဂါ အမျိုးမျိုးအား စစ်ဆေးဖော်ထုတ်နိုင်လာဖွယ်ရှိကြောင်း သုတေသနတစ်ရပ်က ဆိုသည်ဟု မေ ၈ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စတန်းဖို့ဒ်ဆေးတက္ကသိုလ်မှ သုတေသီများတီထွင်ခဲ့သော သွေးစစ်နည်းမှာ လူနာတစ်ဦး၏ ခန္ဓာကိုယ်ထဲရှိ ကင်ဆာပမာဏကို စောင့်ကြည့်ရာတွင်လည်း အသုံးပြုနိုင်သည်။

CAPP-Seq ဟု ခေါ်ဆိုသော ထိုသွေးစစ်နည်းမှာ လူနာ၏အကျိတ်မှ အသားစကို ယူကာ ကင်ဆာအဆင့် သတ်မှတ်တိုင်းတာသည့်နည်းလမ်းဟောင်းကို ပြန်လည် ဆန်းသစ်ထားသောနည်းဖြစ်ကြောင်း သုတေသီများက ဆိုသည်။

လေ့လာမှုအတွင်းတွင် ဤနည်းသစ်သည် ပထမအဆင့် အဆုတ်ကင်ဆာ ဝေဒနာရှင် ၅၀ ရာခိုင်နှုန်းနှင့် ရောဂါရင့်နေပြီဖြစ်သော ကင်ဆာဝေဒနာရှင်အားလုံး၏ ရောဂါကို မှန်ကန်တိကျစွာ ဖော်ထုတ်နိုင်စွမ်းရှိကြောင်း သုတေသီများက ဆိုကြသည်။

ကင်ဆာဆဲလ်များသည် အဆက်မပြတ်ပြိုကွဲကြကာ ခန္ဓာကိုယ်အတွင်း လှည့်ပတ်နေသောသွေးထဲသို့ ဒီအင်အေများ လွှတ်ပေးကြောင်း သုတေသီများ ဆိုသည်။ ထိုဒီအင်အေသဲလွန်စများကို "ပုလင်းတစ်လုံးထဲမှ အနည်းငယ်သော သတင်းစကားများ" ဟု သုတေသီများက တင်စားခေါ်ဆိုခဲ့သည်။ ထိုသတင်းစကားများအား လေ့လာခြင်းအားဖြင့် ရောဂါ ရှာဖွေဖော်ထုတ်ရေးနှင့် ကုသရေးအတွက် စောင့်ကြည့်မှုတွင် ပိုမိုတိုးတက် ကောင်းမွန်လာစေနိုင်သည်။ ဤသွေးစစ်နည်းသစ်မှာ ကင်ဆာဆဲလ်များ ထံမှလာသော မျိုးရိုးဗီဇပြောင်းလဲခြင်းတစ်ခုကို ရွေးထုတ်နိုင်သည်အထိ အောင်မြင်နိုင်ခြေ ရှိသည်။ ■

# အိန္ဒိယအတိုက်အခံများ အမျိုးသားရေးဝါဒဖြင့်စည်းရုံး

■ ရိုက်တာ

**နယူးဒေလီ၊ မေ ၈**

ရက်သတ္တပတ် ငါးပတ်ကြာကျင်းပမည့် ရွေးကောက်ပွဲ၌ အိန္ဒိယနိုင်ငံ၏ အစိုးရသစ်အဖြစ် ရေပန်းစားနေသော အိန္ဒိယ အဓိကအတိုက်အခံပါတီသည် ဟိန္ဒူအမျိုးသားရေးဝါဒကို အသားပေးကာ မဲဆန္ဒရှင်များကို စည်းရုံးသွားဖွယ်ရှိပြီး ဘာသာရေးအဓိကရုဏ်း ဖြစ်ပွားခဲ့သော နယ်မြေများကို စည်းရုံး အသုံးချဖွယ်ရှိကြောင်း မေ ၈ ရက်က ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



*ဘီဂျေပီပါတီခေါင်းဆောင်များပုံပါသော ပိုစတာအား တွေ့ရစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

အတိုက်အခံပါတီတစ်ခုဖြစ်သော ဘီဂျေပီပါတီနှင့် ဝန်ကြီးချုပ်ဖြစ်ရန် ရေပန်းစားနေသည့် ၎င်းတို့၏ ကိုယ်စားလှယ်လောင်း မိုဒီတို့မှာ ပိုမိုကောင်းမွန်သော အစိုးရတစ်ရပ်ဖြစ်ပေါ်လာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ပြုလုပ်ပေးမည်ဟူသော ဆောင်ပုဒ်များဖြင့် စည်းရုံးနေသည်။

သို့သော်လည်း မဲပေးမှုမစတင်ခင် နာရီပိုင်းအလိုတွင် မိုဒီ၏ လက်ထောက်ဖြစ်သူ အာမစ်ရှက်အား လွန်ခဲ့သည့်နှစ်က မွတ်စလင်များနှင့် ဟိန္ဒူဘာသာဝင်များ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ မြို့နယ်များတွင် ဆူပူအုံကြွမှုဖြစ်စေမည့် ဟောပြောမှုများ ပြုလုပ်ခဲ့သည့်အတွက် ရွေးကောက်ပွဲကော်မရှင်မှ ခေါ်ယူမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ယခင်နှစ်အတွင်း ဖြစ်ပျက်ခဲ့သည့် ဟိန္ဒူ-မွတ်စလင် အဓိကရုဏ်းတွင် အစ္စလာမ် ဘာသာဝင်အများစု သေဆုံးခဲ့ရသည်။

"ရှန်းရင်းဆန်ခတ်ဖြစ်ဖို့ ဘယ်သူမှ ဝါသနာမပါဘူး။ ပါတီတွေအားလုံးကို တရားမျှတစွာမဆက်ဆံဘဲ တစ်ဖက်သတ် ဆုံးဖြတ်နေမယ်ဆိုရင် ပြည်သူတွေက လမ်းမပေါ်တက်လာလိမ့်မယ်" ဟု အာမစ်ရှက်က ယခင်တစ်ပတ်က မူဇာဖာနာဂါမြို့တွင် ပြုလုပ်သောဟောပြောပွဲ၌ ပြောကြားခဲ့ကြောင်း ကော်မရှင်မှထုတ်ပြန်သော မှတ်တမ်းတွင် ဖော်ပြထားသည်။ အဆိုပါ ဒေသများအတွင်း ဟောပြောပွဲများတွင် အာမစ်ရှက်က မဲပေးသူများအနေဖြင့် မွတ်စလင်ကိုယ်စားလှယ်များအားဆန့်ကျင်ရန် ပြောကြားခဲ့သည်။ ၎င်းမှ အစ္စလာမ်ဘာသာဝင်များ အနေဖြင့် အဓမ္မပြုကျင့်မှုများ၊ သတ်ဖြတ်မှုများနှင့် ဟိန္ဒူဘာသာဝင်များကို စော်ကားမှုများ ပြုလုပ်ကြောင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

လူဦးရေ ၁ ဒသမ ၂ ဘီလီယံရှိသော အိန္ဒိယနိုင်ငံတွင် အစ္စလာမ်ဘာသာဝင်ပေါင်း သန်း ၁၅၀ နေထိုင်ပြီး အများစုမှာ နိုင်ငံတွင်းလူဦးရေ အထူထပ်ဆုံး မြို့တော်နှင့် အဓိကရုဏ်းအများဆုံးဖြစ်သည့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်များတွင် နေထိုင်လျက်ရှိသည်။ ■



Asian Wings Airways
Fly beyond your dreams
Happy Thingyan 2014 Festival
မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်မှာ လူတိုင်းကိုယ်စီ အပြုံးပန်းများနှင့် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေကြောင်း
Asian Wings Airways မိသားစုများမှ ဆုမွန်တောင်းအပ်ပါသည်.....
MANDALAY CHIANG MAI MANDALAY
1410 1550-1635 1715
Every Wednesday
Yangon (Head Office)
Tel : +95 1 515261~4, 512140, 512473, 512640, 512845
Fax : +95 1 532333, 516654
E-mail : rsvn@asianwingsair.com
Chiang Mai (Branch Office)
Tel : +053 283318~19
Fax : +053 283319
E-mail : cnxoffice@asianwingsair.com
www.asianwingsair.com
www.facebook.com/asianwingsair

မြန်မာနှစ်သစ်ကူး မင်္ဂလာအချိန်အခါသမယ မှာ ဆုမွန်ကောင်း တောင်းလိုသူများအတွက်

Mizzima Daily နှင့် Mizzima Business Weekly တွင်

တပြိုင်တည်း ကြော်ငြာထည့်သွင်းနိုင်မည့် အထူးအခွင့်အရေး

Special Package

Full Page ~~$ 1115~~ Only $ 400

Half Page ~~$ 553~~ Only $ 220



( ဧပြီ ၁ ရက်နေ့ မှ ဧပြီ ၃၀ ရက် ထိသာ )

ရန်ကုန်

| | |
|---|---|
| ပြည့်ဖြိုးအောင် | ၀၉ ၄၂၀၀ ၃၄၆၁ |
| မျိုးသီတာ | ၀၉ ၇၃၀၈၆၈၆၄ |
| အိခိုင်ဇာ | ၀၉ ၃၁၀၅၁၆၇၃ |
| ဟန်သီအောင် | ၀၉ ၄၂၅၃၁၁၇၁ |
| ဇင်မျိုးအေး | ၀၉ ၂၅၄၂၆၃၁၂၄ |
| ရန်ကုန် ရုံးဖုန်း | ၀၉ ၄၂၀၁၀၁၁၁ |

မန္တလေး

| | |
|---|---|
| သက်ဝါဝါဆွေ | ၀၉ ၄၀၂၅၅၀၅၄၀ |
| မန္တလေး ရုံးဖုန်း | ၀၂ ၃၆၈၃၅ |

email : adsales@mizzima.com

# နေရှင်နယ်လိဂ်ကလပ်များ၏ ပွဲထွက်လူစာရင်း ဆယ်ရာခိုင်နှုန်းကို ပြည်ပကစားသမားများ လွှမ်းမိုးထား

■ ရဲရင့်ဒွေး
**ရန်ကုန်၊ ဧပြီ ၈**

၂၀၁၄ မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီတွင်ကလပ်အသင်း ၁၂ သင်း၌ နိုင်ငံခြားသားကစားသမား ၃၅ ဦး ပါဝင်ကစားနေပြီး ပွဲစဉ်တိုင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိနေကာ အသင်းများ၏ ပွဲထွက်လူစာရင်း ဆယ်ရာခိုင်နှုန်းကို နေရာယူထားသည်။

ယခုနှစ်ဘောလုံးရာသီတွင် နေရှင်နယ်လိဂ်ကလပ်အသင်းများ၏ ပြည်ပ ကစားသမားခေါ်ယူမှုကို ၃+၁ (အာရှပြင်ပနိုင်ငံသားသုံးဦး + အာရှကစားသမားတစ်ဦး) စနစ်သတ်မှတ်ထားပြီး ဆောက်သမ်း မြန်မာအသင်းမှလွဲ၍ကျန်အသင်းတိုင်း နိုင်ငံခြားသား ကစားသမားခေါ်ယူမှု ပြုလုပ်ထားပြီး နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကစားသမားများကို ခေါ်ယူအသုံးပြုထားသည်။ အဆိုပါကစားသမားများအားလုံးမှာ အသင်းတိုင်းအရေးပါသော အဓိကနေရာများတွင် ကစားခွင့်ရနေပြီး ဒဏ်ရာရနေချိန်နှင့် ပွဲပယ်ခံရချိန်များမှလွဲ၍ ပွဲတိုင်းတွင်ပုံမှန်ပွဲထွက်ခွင့်ရနေသည်။ နိုင်ငံခြားသား ကစားသမားများ ပုံမှန်ပွဲထွက်ခွင့်ရနေခြင်းနှင့် ပတ်သက်ပြီး ရတနာပုံနည်းပြချုပ် ဦးခင်မောင်တင့်က "ဒီမှာက နိုင်ငံခြားသားကစားသမားတွေက လစာ ဒေါ်လာလေးထောင်၊ ငါးထောင်လောက်ပေးပြီး ခေါ်ထားရတာ ဆိုတော့ သူတို့မကစားနိုင်တဲ့ အချိန်ကလွဲပြီး ပွဲတိုင်းမှာ ပွဲထွက်ခွင့်ပေးထားကြပါတယ်။ ဒီလိုမှမဟုတ်ရင်လည်း အသင်းပိုင်ရှင်တွေက မတန်ဘူးဆိုပြီး စောဒက တက်ကြလေ့ရှိတယ်။ ပြီးတော့ သူတို့တွေရဲ့ကစားပုံနဲ့ အရည်အချင်းက ကျွန်တော်တို့ဆီက မြန်မာကစားသမားတွေထက် ပိုသာပါတယ်။ ကျွန်တော့်အသင်းမှာဆို နိုင်ငံခြားသား ကစားသမားလေးဦးစလုံးက အရမ်းကောင်းတော့ မြန်မာကစားသမားတွေ နေရာပျောက်နေရတာပါ" ဟု ရှင်းလင်းပြောကြားသည်။



မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရတနာပုံနှင့် မနောမြေပွဲတွင် နှစ်ဖက်အသင်းမှ နိုင်ငံခြားသားကစားသမားများ အကြိတ်အနယ်ကစားနေစဉ်။ **(ဓာတ်ပုံ–ရတနာပုံအက်ဖ်စီ)**

၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှစတင်ကာ နိုင်ငံခြားသားကစားသမားများ ခေါ်ယူခွင့်ပေးခဲ့ပြီး ၂၀၀၉ - ၂၀၁၀ ဘောလုံးရာသီများတွင် ငါးဦး၊ ၂၀၁၁ ဘောလုံးရာသီတွင် AFC Cup ဝင်ခွင့်ရခဲ့သဖြင့် AFC Cup ပြိုင်ပွဲစည်းမျဉ်းအတိုင်း ၃+၁ စနစ်ကို စတင်ကျင့်သုံးခဲ့သည်။ မြန်မာ့ဘောလုံး တိုးတက်ရန်ရည်ရွယ်ကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် နိုင်ငံခြားသား ကစားသမားများနေရာယူနေခြင်းမှာ မြန်မာကစားသမားများ အရည်အသွေးနိမ့်ပါး နေခြင်းကြောင့်ဟု ဇွဲကပင်ယူနိုက်တက်အသင်း ပိုင်ရှင်ဦးလှဒွေးက သုံးသပ်ပြခဲ့သည်။ "လိဂ်ပြိုင်ပွဲကျင်းပတယ်ဆိုတာ လက်ရွေးစင် အရည်အသွေး တိုးတက်ဖို့ဆိုတာ မှန်ပေမယ့် ပြိုင်ပွဲကို ပရိသတ်စိတ်ဝင်စားဖို့လည်း လိုသေးတယ်လေ။ မြန်မာကစားသမားတွေ အရည်အသွေး ကောင်းနေမယ်ဆို ဘယ်အသင်းမှ နိုင်ငံခြားသားမခေါ်ချင်ပါဘူး" ဟု ၎င်းက ဆိုသည်။

ထို့အပြင် ဂိုးအများဆုံး သွင်းယူထားသည့် ကစားသမားများစာရင်းတွင်လည်း နိုင်ငံခြားသားများသာ ဦးဆောင်နေပြီး မြန်မာကစားသမားများထဲမှ စိုးမင်းဦး တစ်ဦးတည်းသာ ပါဝင်နေသည်။ ■

**MNL ၏ နိုင်ငံခြားသားကစားသမားစာရင်း**

| | | |
|---|---|---|
| ၁။ | အိုင်ဗရီကို့စ် | ၆ ဦး |
| ၂။ | နိုင်ဂျီးရီးယား | ၅ ဦး |
| ၃။ | တောင်ကိုရီးယား | ၄ ဦး |
| ၄။ | ဂျပန် | ၄ ဦး |
| ၅။ | ဘရာဇီး | ၃ ဦး |
| ၆။ | ကင်မရွန်း | ၂ ဦး |
| ၇။ | ဂူနီယာ | ၂ဦး |
| ၈။ | လစ်ဗျား | ၁ ဦး |
| ၉။ | ကိုလံဘီယာ | ၁ ဦး |
| ၁၀။ | အာဂျင်တီးနား | ၁ ဦး |
| ၁၁။ | ဆားဘီးယား | ၁ ဦး |
| ၁၂။ | မက်ဆီဒိုးနီးယား | ၁ ဦး |
| ၁၃။ | ခရိုအေးရှား | ၁ ဦး |
| ၁၄။ | အီတလီ | ၁ ဦး |
| ၁၅။ | ဗီယက်နမ် | ၁ ဦး |

# မြန်မာအမျိုးသမီးအသင်း တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထား

■ ရဲရင့်ဒွေး
**ရန်ကုန်၊ ဧပြီ ၈**

အာရှအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် တရုတ်နိုင်ငံသို့ သွားရောက်နေထိုင်လေ့ကျင့်ရန် စီစဉ်ထားသည်ဟု ဂျပန်လူမျိုးနည်းပြချုပ် ကုမာဒါက မဇ္ဈိမသို့ ပြောသည်။

"ကျွန်တော်တို့အသင်းက ငါးလပိုင်းထဲမှာ ပြိုင်ပွဲဝင်ရတော့မယ်။ အခု အချိန်အထိ ခြေစမ်းပွဲတစ်ပွဲမှ မကစားရသေးဘူး။ ခြေစမ်းပွဲမကစားရဘဲ ပြိုင်ပွဲကြီးကို ဝင်ပြိုင်မယ်ဆိုရင် အမှားမသိနိုင်တော့ ပြင်ဆင်ဖို့ခက်မယ်။ ဒါကို သာမန်ဘောလုံး ဝါသနာရှင်တွေတောင် သိပါတယ်။ တရုတ်ကို သွားလေ့ကျင့်ဖို့တော့ စီစဉ်ထားတယ်။ ဒါပေမဲ့ နောက်ကျနေတယ်။ ပြိုင်ပွဲနဲ့ အရမ်းကပ်နေပြီ။ မြန်မာအမျိုးသမီးအသင်းကို အောင်မြင်မှုရစေချင်တယ်ဆိုရင် အားလုံးဝိုင်းကူဖို့ လိုပါတယ်" ဟု ကုမာဒါက ပြောသည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းအနေဖြင့်ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲကစားရန် စီစဉ်ခဲ့သော်လည်း ပျက်ပြယ်ခဲ့ပြီးနောက် တရုတ်ကလပ်များကို မြန်မာနိုင်ငံသို့ဖိတ်ခေါ် ခြေစမ်းရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေသဖြင့် ယခုနောက်ဆုံး တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်နေခြင်း ဖြစ်သည်။ ၂၀၁၅ အာရှအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် တရုတ်၊ တောင်ကိုရီးယား၊ ထိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုတတိယနေရာတွင် ရပ်တည်နိုင်ပါက ကမ္ဘာ့ဖလား ဝင်ခွင့်တစ်နေရာအတွက် ခြေစစ်ပွဲကစားခွင့်ရမည် ဖြစ်သည်။



အာရှအမျိုးသမီးခြေစစ်ပွဲကို ပါလက်စတိုင်းနိုင်ငံတွင် သွားကစားစဉ်က လေ့ကျင့်မှုများပြုလုပ်နေသော မြန်မာအမျိုးသမီးအသင်း။ **(ဓာတ်ပုံ–MFF)**

အာရှအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် အာဆီယံမှ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည်။ ■

# Oreedoo Cup ပွဲစဉ်များတွင် ပရိသတ်အတွက် ကစားပွဲများ ကျင်းပပြုလုပ်ပေးနေ

■ ရဲရင့်ဒွေး
**ရန်ကုန်၊ ဧပြီ ၈**

ကျင်းပပြုလုပ်လျက်ရှိသော 2014 MFF Oreedo Cup ပြိုင်ပွဲ ပွဲစဉ်များတွင် ကွင်းအတွင်းလာရောက် ကြည့်ရှုအားပေးသော ပရိသတ်များအတွက် ကစားပွဲကျင်းပကာ ဆုလက်ဆောင်များပေးအပ်ပြီး ပရိသတ်များ၏စိတ်ဝင်စားမှုကို မြင့်တင်လျက် ရှိသည်။

ကစားနည်းအစီအစဉ်မှာ ကွင်းလယ်မှနေ၍ ဘောလုံးကိုဂိုးအတွင်းသို့ တိုက်ရိုက်ကန်သွင်းရခြင်းဖြစ်ပြီး သတ်မှတ်ထားသော စည်းမျဉ်းအတိုင်း ဂိုးဝင်ပါက Samsung Galaxy S-4 ဖုန်းတစ်လုံးကို ဆုလက်ဆောင်ချီးမြှင့်ပေးခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်ကို ဧပြီလ ၅ ရက်နှင့် ၆ ရက်များတွင် ကစားခဲ့သည့် ပထမအဆင့် ပွဲစဉ်များတွင် ပြုလုပ်ခဲ့ပြီး နောင်လာမည့် အဆင့်များတွင်လည်း ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

"ဒီအစီအစဉ်က Oreedoo ကလုပ်တဲ့ အစီအစဉ်ပါ။ ပြိုင်ပွဲကို လာအားပေးတဲ့ ပရိသတ်တွေ ပျော်ရွှင်ဖို့အတွက်ရယ် ပြိုင်ပွဲကို လူစိတ်ဝင်စားအောင် ပရိုမိုးရှင်းပေးတဲ့ သဘောပါ။ ပွဲစဉ်တိုင်းမှာ ပြုလုပ်သွားဖို့ ရှိပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဈေးကွက်ဒါရိုက်တာ ဦးဆူးအောင်က မဇ္ဈိမသို့ ပြောသည်။

ယင်းကစားနည်းကို ပွဲစဉ်ပထမပိုင်းအပြီး၌ ပြုလုပ်ခြင်းဖြစ်ပြီး ပရိသတ်သုံးဦးသာကန်ခွင့်ရမည်ဖြစ်ကာ ဘောလုံးမှာ မြေထောက်ဘော၊ မြေလှိမ့်ဘောများဖြင့် ဂိုးဝင်ခြင်းကိုခွင့်မပြုဘဲ ဂိုးအတွင်း တိုက်ရိုက်ဝင်အောင် ကန်နိုင်မှသာ ဆုရမည် ဖြစ်သည်။ MFF Oreedo Cup ပြိုင်ပွဲပထမအဆင့်ပွဲစဉ်များ ပြီးဆုံးပြီးနောက် ဒုတိယအဆင့်ပွဲစဉ်များကို မေလတွင် ကျင်းပမည်ဖြစ်သည်။ ■



*Oreedoo Cup ပြိုင်ပွဲ ပွဲစဉ်တစ်ပွဲတွင် အမှတ်တရလက်ဆောင်ပေးနေစဉ်။* **(ဓာတ်ပုံ–ဆူးအောင်)**

# လက်ဝှေ့သမားများ အသက်အန္တရာယ်မဖြစ်ရန် အချက်သုံးချက်ဖြင့် ကြိုတင်ကာကွယ်မည်

■ သောကြာ
**ရန်ကုန်၊ ဧပြီ ၈**

ပြီးခဲ့သည့် ဧပြီ ၁ ရက်က မွန်ပြည်နယ်၊ ရေးမြို့၊ သက်တော် ၈၂ နှစ် မရမ်းကျောင်းဆရာတော် ဘဒ္ဒန္တသီလတေဇ မဟာထေရ်၏ အန္တိမဈာပနပွဲတွင် ပြုလုပ်ခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာလက်ဝှေ့ကစားသမား ပဲပြားမောင်မောင်မှာ ထိုင်းလက်ဝှေ့သမား၏ ထိုးချက်များကြောင့် ကွယ်လွန်ခဲ့ပြီး ပဲပြားမောင်မောင်ကဲ့သို့ အသက်အန္တရာယ်မဖြစ်စေရန် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် အချက်သုံးချက်ဖြင့် ကြိုတင်ကာကွယ်သွားမည်ဟု အတွင်းရေးမှူး ဦးစိုင်းဇော်ဇော်က မဇ္ဈိမသို့ ပြောသည်။

ပဲပြားမောင်မောင်သည် ထိုင်း လက်ဝှေ့သမားစင်ခွန်၏ တံတောင်ချက်ကြောင့် ဦးနှောက်ဘယ်ဖက်အခြမ်း၌ ဒဏ်ရာရရှိပြီး ဒဏ်ရာကြောင့် ဦးနှောက်အတွင်းသို့ သွေးဝင်ကာ ပထမအချီ ၁ မိနစ် ၄ စက္ကန့်တွင် လဲကျခဲ့ရသည်။

ဦးစိုင်းဇော်ဇော်က “ဒီလိုမဖြစ်ဖို့ အချက်သုံးချက်နဲ့ ကြိုတင် ကာကွယ်သွားမှာပါ။ နံပါတ် (၁) အချက်က လက်ဝှေ့သမားတွေ ပြိုင်ပွဲမှာ တစ်ဖက်က အသာစီးသွားပြီ တစ်ဖက်လက်ဝှေ့သမားက မနိုင်နိုင်တော့ဘူးဆိုရင်၊ ထိချက်များလာပြီဆိုရင် ကြိုးဝိုင်းဒိုင်ကသော် လည်းကောင်း၊ ခုံဒိုင်ကသော် လည်း ကောင်း ဒိုင်ပွဲရပ်နဲ့ အနိုင်ပေးလိုက်ဖို့ စီစဉ်မယ်။ တချို့ကျတော့ ကလပ်စွဲနဲ့နိုင်ချင်လို့ကစားသမားကိုအတင်းထိုးခိုင်းတယ်။ ကိုယ့်ကစားသမားကို ရေရှည်ကြည့်ပါ။ ဒီတစ်ပွဲရှုံးတာနဲ့ မကြည့်ပါနဲ့။ ပြန်လေ့ကျင့်ရင် နိုင်မှာပါပဲ။ အရှုံးပေးလိုက်ပါ။ ကလပ်နည်းပြ အရှုံးမပေးလည်း ဒိုင်က အရှုံးပေးလိုက်ပါ။ နံပါတ်(၂) က ဆရာဝန်ကို ကြပ်ကြပ်မတ်မတ် ပိုပြီး စစ်ဆေးခိုင်းမယ်။ ပေါ့ပေါ့တန်တန် မစစ်ပါနဲ့။ သွေးပေါင်ချိန်မှန်လား၊ ခန္ဓာကိုယ်မှာ ရှေ့ပွဲကနေ နောက်ပွဲကူးလာတဲ့အခါ ဒဏ်ရာရလာတာမျိုးရှိလား အဲဒါကိုထပ်ပြီး ကြပ်ကြပ်မတ်မတ် စစ်ခိုင်းမယ်။ နံပါတ် (၃) ကတော့ အသက်အန္တရာယ်ကိုတော့ မကာကွယ်နိုင်ဘူး။ ဒါပေမဲ့ အထောက်အကူအဖြစ် အသက်အာမခံ၊ ထိခိုက်မှု အာမခံထားနိုင်ဖို့ စပြီးနှိုးဆော်မယ်။ စပြီး ဆောင်ရွက်မယ်။ အရင်တုန်းက စီစဉ်ဖူးတယ်။ ပြောတယ်။ ဒါပေမဲ့ သိပ် စိတ်မဝင်စားကြဘူး။ ဒီငွေကြေးကို လက်ဝှေ့သမားက အကုန်ခံမှာလား၊ အဖွဲ့ချုပ်က အကုန်ခံမှာလား အဲဒီလိုလေးတွေရှိတယ်။ အခုကတော့ ဒါလေးကိုစပြီး စည်းရုံးမယ်။ အာမခံကုမ္ပဏီအသစ်တွေ အများကြီးရောက်လာပြီ။ အဖွဲ့ချုပ်ကသွားပြီး သူတို့ရဲ့ စည်းမျဉ်းစည်းကမ်းတွေ သွားကြည့်မယ်။ ပြီးရင် အသင်းအဖွဲ့လိုက်ပဲဖြစ်ဖြစ် ဒါလေးတွေလုပ်မယ်။ အထောက် အကူလေး ဖြစ်ပါတယ်” ဟု ပြောသည်။



*ဧပြီ ၆ ရက်က ပြည်သူ့ဥယျာဉ်တွင် ပြုလုပ်ခဲ့သည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ကြိုးဝိုင်းဒိုင်ဦးချစ်ကိုမှ သားအသဲတစ်ပွင့် (မန္တလေး)အား အမှတ်စဉ်ရေတွက်နေစဉ်။*

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ကြိုးဝိုင်းဒိုင်လူကြီး ဦးချစ်ကိုကလည်း “၁၉၇၀ ကျော်က ဆရာဦးဒေါင်းနီ အခု ခုံဒိုင်ချုပ် ဇရပ်ကြီးကင်မင်းညွန့်မှာ ထိုးရင်းနဲ့ တိုင်းကျော်ကြီး ဆုံးသွားဖူးပါတယ်။ စောထိုက်စံက အခုရွှေခါးပတ်ချန်ပီယံ ဒေါနအောင်နဲ့ တောင်ငူမှာ ထိုးတုန်းက ဆုံးသွားပါတယ်။ ရွှေမင်းသား၊ သိဒ္ဓိအောင်နဲ့ထိုးတုန်းက ဆုံးဖူးပါတယ်။ စောစဲနေ ဧရာဝတီတိုင်း မော်ကျွန်းမှာ ဖြစ်ဖူးပါတယ်။ နောက်တစ်ခုက ရှင်ကြီးမောင် မြို့ချောင်းဗတူ အဲဒီမှာ ဖြစ်ဖူးပါတယ်။ ဒါမျိုးဖြစ်တဲ့ အစဉ်အလာတွေကတော့ ရှိပါတယ်။

ပဲပြားကတော့ လက်ဝှေ့သမားထဲမှာ အမြန်ဆုံးပါပဲ။ ပထမအချီမှာပဲ ဖြစ်တယ်။ ထိချက်ကလဲ အင်မတန် သွေးပူတဲ့အချိန် အဆက်ကိုသွားထိတော့ အန္တရာယ် အရမ်းများတယ်။ အင်မတန် ဝမ်းနည်းစရာ ကောင်းပါတယ်” ဟု ပြောသည်။

မြန်မာ့ရိုးရာလက်ဝှေ့ ကစားနည်းသည် ကြမ်းကြမ်းတမ်းတမ်းကစားရသည့် ကစားနည်းဖြစ်ပြီး လက်ဝှေ့ကစားသမားများ အနေဖြင့် ထိခိုက်ဒဏ်ရာရနှင့် အသက်အာမခံထားရှိဖို့ လိုအပ်နေသည်။ ■

# ခံစစ်ပိုင်းအား ပြုပြင်သွားမည်ဟု ဟံသာဝတီ အသင်းနည်းပြ ဆို

■ သောကြာ
**ရန်ကုန်၊ ဧပြီ ၈**

၂၀၁၄ မြန်မာနေရှင်နယ်လိဂ်-၂ ပထမအကျော့ ဘောလုံးပြိုင်ပွဲများအပြီးတွင် ဟံသာဝတီအသင်းသည် ရမှတ် ၂၃ မှတ်ဖြင့် ရာသီဝက်ချန်ပီယံ ဖြစ်လာသော်လည်း နည်းပြဦးငွေထွန်းအနေဖြင့် ဒုတိယအကျော့ မစတင်ခင် အသင်း၏ ခံစစ်ပိုင်းကစားပုံကို ပြင်ဆင်သွားမည်ဟု မဇ္ဈိမသို့ ပြောသည်။

ဟံသာဝတီအသင်း နေရှင်နယ်လိဂ် -၂ ပွဲစဉ် ၆ ပွဲကစားပြီးချိန်ထိ ပေးဂိုးမရှိစံချိန်ရရှိခဲ့သော်လည်း ပွဲစဉ် ၇ ဒဂုံအက်ဖ်စီ အသင်းနှင့်ပွဲမှစတင်ကာ ပေးဂိုးများ ခွင့်ပြုခဲ့ရသည်။ နည်းပြဦးငွေထွန်းက “ရာသီဝက်ချန်ပီယံဖြစ်တာ ရှေ့မှာလည်းအများကြီး ပွဲတိုင်းလိုလိုပါပဲ အကုန်လုံး အားကြိုးမာန်တက်နဲ့တင်ပြီး ကစားခဲ့ရတာပါ။ လွယ်လွယ်နဲ့တော့ မရပါဘူး။ ရာသီဝက်ချန်ပီယံဖြစ်တာတော့ ပျော်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းပွဲတွေမှာ ဂိုးပေးရတာတွေရှိလာလို့ ခံစစ်ပိုင်းကိုပြင်ဖို့ ရှိတယ်။ နောက်ပြီး နည်းနည်းထပ်ပြင်ရမယ့် အပိုင်းတွေလည်းရှိပါသေးတယ်” ဟု ပြောသည်။ ဟံသာဝတီအသင်းသည် ပထမအကျော့အပြီးတွင် အမှတ်ပေးဇယား ဒုတိယနေရာမှ ရခိုင်ယူနိုက်တက်အသင်းကို အမှတ်နှစ်မှတ်ဖြတ်နိုင်ခဲ့ပြီး ရာသီကုန်တွင် ချန်ပီယံဆုဖလားရယူကာ နေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းပြန်တက်ရန် မျှော်မှန်းနေသည်။ ■

# အာရှ ယူ-၁၉ ပြိုင်ပွဲမတိုင်မီ မြန်မာယူ-၁၉အသင်း နိုင်ငံလေးနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်

■ ရဲရင့်ငြေး
**ရန်ကုန်၊ ဧပြီ ၈**

အောက်တိုဘာလအတွင်း မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ မြန်မာယူ-၁၉ အသင်းအနေဖြင့် နိုင်ငံလေးနိုင်ငံသို့ သွားရောက်ကာ လေ့ကျင့်ခြေစမ်းမှုများ ပြုလုပ်မည်ဟု ဂျာမနီလူမျိုး နည်းပြချုပ် ဂတ်ဇီဖရိုင်းဒရစ်ချ်က မဇ္ဈိမသို့ ပြောသည်။

မြန်မာယူ-၁၉အသင်းအနေဖြင့် ဧပြီ ၁၀ ရက်တွင် ဂျပန်ယူ-၁၉ အသင်းနှင့် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲကစားမည်ဖြစ်ပြီး မေလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်ကာ ခြေစမ်းပွဲသုံးပွဲကစားရန် စီစဉ်ထားသည်။ ထို့အပြင် ဇူလိုင်လတွင် ဥရောပခရီးစဉ်အဖြစ် အင်္ဂလန်၊ ဂျာမနီ၊ ဆလိုဗက်ကီးယားနိုင်ငံများသို့ သွားရောက်မည်ဖြစ်ပြီး ဘရူနိုင်းဖိတ်ခေါ်ပြိုင်ပွဲသို့လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် ရှိနေသည်။ “ကျွန်တော်တို့အသင်းရဲ့ လက်ရှိအနေအထားက ပြင်ဆင်ရတာ လူမစုံတဲ့အခက်အခဲတော့ ရှိပါတယ်။ လက်ရွေးစင်အသင်းမှာလည်း ကျော်မင်းဦးနဲ့ ငြိမ်းချမ်းအောင်တို့အရွေးခံထားရလို့ အသင်းမှာ လူမစုံဘူး။ အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲက အာရှအဆင့်မြင့် အသင်းတွေအားလုံးပါမှာဆိုတော့ ကျွန်တော်တို့ အောင်မြင်ဖို့ မလွယ်ပေမယ့် အကောင်းဆုံး ကြိုးစားကစားမှာပါ” ဟု ဖရိုင်းဒရစ်ချ်က ဆိုသည်။ ■



*ဥရောပခြေစမ်းခရီးသွားမည့် မြန်မာယူ-၁၉ အသင်း။* ***(ဓာတ်ပုံ–MFF)***

# ပထမအကျော့အပြီး အဆင့် ၄ တွင် ရပ်တည်ရန် ကမ္ဘောဇ ကြိုးစားမည်

■ သောကြာ
**ရန်ကုန်၊ ဧပြီ ၈**

ကမ္ဘောဇအသင်းသည် နေရှင်နယ်လိဂ် ပထမအကျော့ ၁၀ ပွဲကစားပြီးချိန်တွင် ရမှတ် ၁၈ မှတ်ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်နေပြီး အသင်းအမှုဆောင် အရာရှိချုပ်ဦးဝင်းမြင့်ဦးက ပထမအကျော့အပြီး အဆင့် ၄ နေရာတွင် ရပ်တည်နိုင်မည်ဟု ခန့်မှန်း ပြောဆိုလိုက်သည်။

ကမ္ဘောဇအသင်းသည် ရာသီအစပိုင်းတွင် ရလဒ်များဆိုးရွားခဲ့သဖြင့် အမှတ်ပေးဇယားအောက်ပိုင်းသို့ရောက်ရှိခဲ့ပြီး နည်းပြဦးမင်းဇော်ဦး၏လက်ထက်တွင် အသင်းရလဒ်ပိုင်းများ ပြန်လည် ကောင်းမွန်လာခဲ့သည်။ ထို့ပြင် အသင်းတိုက်စစ်မှူး ဇစ်ကိုဗစ်မှာလည်း အသင်းအတွက် ခြေစွမ်းပြကစားပေးနေပြီး ၁၀ ပွဲကစားပြီးချိန်တွင် အသင်းအတွက် ခြောက်ဂိုး သွင်းယူပေးထားသည်။

ဦးဝင်းမြင့်ဦးက “မြန်မာနေရှင်နယ်လိဂ်ကထုတ်ပြန်တဲ့ ပွဲစဉ်ဇယားမူကြမ်းအရ ဒုတိယအကျော့မှာ အိမ်ကွင်းပွဲစဉ်(၇)ပွဲ ဆက်တိုက် ကစားရဖို့ ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့အသင်းအတွက် အခွင့်ကောင်းလို့ ထင်ပါတယ်။ အိမ်ကွင်းပရိသတ်၊ ရာသီဥတုနဲ့ တစ်ပေါင်းတစ်စည်းတည်း စခန်းသွင်းလေ့ကျင့်ထားနိုင်မှုက ကျွန်တော်တို့အတွက် အားသာချက်ရှိပါတယ်။ ကိုယ့်အိမ်ကွင်းပွဲစဉ်တွေမှာ အမှတ်ပြည့် ယူနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့အသင်း ချန်ပီယံ ဖြစ်နိုင်ပါတယ်။ ပထမအကျော့အပြီးမှာတော့ အမှတ်ပေးဇယား အဆင့်(၄)လောက် ရပ်တည်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောသည်။

ကမ္ဘောဇအသင်းသည် ပထမအကျော့ နောက်ဆုံးပွဲစဉ်အဖြစ် ချင်းယူနိုက်တက်အသင်းနှင့် ဇွန် ၈ ရက်တွင် သုဝဏ္ဏ အားကစားကွင်း၌ ကစားရမည် ဖြစ်သည်။ ■

# အခွင့်အရေးဆတူ ပိုင်ဆိုင်ထားတဲ့ပွဲစဉ်တွေမို့ အကြိတ်အနယ်ရှိမယ်

## ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

■ အောင်သုတ

**ဘိုင်ယန်မြူးနစ် Vs မန်ယူ**

နောက်ဆုံးငါးပွဲရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| ဘိုင်ယန် | ရှုံး | သရေ | သရေ | နိုင် | နိုင် |
| မန်ယူ | နိုင် | သရေ | နိုင် | ရှုံး | နိုင် |

ပထမအကျော့ရလဒ်

**မန်ယူ ၁ - ၁ ဘိုင်ယန်မြူးနစ်**

**ဘိုင်ယန်၏ ချန်ပီယံလိဂ်နောက်ဆုံး အိမ်ကွင်း ၃ ပွဲရလဒ်**

ဘိုင်ယန်မြူးနစ် ၁ - ၁ အာဆင်နယ်
ဘိုင်ယန်မြူးနစ် ၂ - ၃ မန်စီးတီး
ဘိုင်ယန်မြူးနစ် ၅ - ၀ ဗစ်တိုးရီးယား

**မန်ယူ၏ ချန်ပီယံလိဂ်နောက်ဆုံး အဝေးကွင်း ၃ ပွဲရလဒ်**

အိုလံပီယာကော့စ် ၂ - ၀ မန်ယူ
လီဗာကူဆင် ၀ - ၅ မန်ယူ
ဆိုစီဒက် ၀ - ၀ မန်ယူ

ဒီပွဲစဉ်ကို ဘိုင်ယန်တို့ အာရုံစိုက်ထားလွန်းခဲ့တာကြောင့် လိဂ်ရှုံးပွဲမရှိစံချိန်တောင် ရပ်တန့်ခဲ့ရတဲ့အထိပါပဲ။ လက်ရှိချန်ပီယံဆုကို ထိန်းသိမ်းနိုင်ဖို့ ကြိုးစားလာခဲ့တာ ဒီအဆင့်ကိုတောင် ရောက်လာခဲ့ပြီးမှ ဘိုင်ယန်တို့ လွယ်လွယ်အလျှော့ပေးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဘိုင်ယန်ရဲ့ ပွဲထွက်လူစာရင်းမှာ မာတီနက်ဇ်၊ ရှဝိန်းစတိုင်ဂါ တို့ ပါဝင်နိုင်မှာ မဟုတ်တဲ့အတွက် အားနည်းချက်တွေရှိလာနိုင်ပြီး မန်ယူတို့ အခွင့်အရေးကောင်းတွေ အရယူနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ပထမအကျော့တုန်းက မန်ယူရဲ့ကစားပုံက ထင်မှတ်ထားတာထက် အကောင်းဆုံး ပုံစံရရှိခဲ့တာကြောင့် ဘိုင်ယန်တို့ အခက်ကြုံခဲ့ရပြီး ဒုတိယအကျော့ကို ရှုန်းကန်ရဖို့ဖြစ်လာတာပါ။ မန်ယူမှာ အဓိက တိုက်စစ်မှူးရွန်နီ ပြန်ပါလာနိုင်ဖို့ ရှိသလို ဒဏ်ရာက ပြန်သက်သာလာတဲ့ ကစားသမားတွေ ပြန်လည်ကောင်းမွန်လာတာကြောင့် အဝေးကွင်းမှာ အင်တိုက်အားတိုက် ရင်ဆိုင်ပါလိမ့်မယ်။ ချန်ပီယံလိဂ်ဆုဖလားကို ရယူနိုင်ဖို့ အခြေအနေဝေးလွန်းပေမယ့် မန်ယူတို့ဟာ လက်ကျန်မျှော်လင့်ချက်ရေးရေးလေးအတွက် အားကုန်ထုတ်ကစားလာဖို့ရှိတာကြောင့် ဘိုင်ယန်တို့ လွယ်လွယ်တော့ အသာမရနိုင်ပါဘူး။ ဘိုင်ယန်ဟာ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ် အိမ်ကွင်းပွဲစဉ် နှစ်ပွဲကို နိုင်ပွဲမရခဲ့တာကြောင့် အိမ်ကွင်းမှတ်တမ်းအနည်းငယ်ဆိုးတယ်လို့ ဆိုနိုင်ပေမယ့် ဒီပွဲစဉ်ကိုတော့ အာရုံစူးစိုက်မှု အပြည့်အဝနဲ့ ရင်ဆိုင်လာမှာဖြစ်လို့ မန်ယူတို့အတွက် မျှော်လင့်ချက် သိပ်မရှိပါဘူး။

**အက်သလက် Vs ဘာစီလိုနာ**

နောက်ဆုံးငါးပွဲရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| အက်သလက် | နိုင် | သရေ | နိုင် | နိုင် | နိုင် |
| ဘာစီလိုနာ | နိုင် | သရေ | နိုင် | နိုင် | နိုင် |

ပထမအကျော့ရလဒ်

**ဘာစီလိုနာ ၁ - ၁ အက်သလက်တီကို**

**အက်သလက်၏ ချန်ပီယံလိဂ်နောက်ဆုံး အိမ်ကွင်း ၃ ပွဲရလဒ်**

အက်သလက် ၄ - ၁ အေစီမီလန်
အက်သလက် ၂ - ၀ ပေါ်တို
အက်သလက် ၄ - ၀ ဩစတြီးယားဝီယင်

**ဘာစီလိုနာ၏ ချန်ပီယံလိဂ်နောက်ဆုံး အဝေးကွင်း ၃ ပွဲရလဒ်**

မန်စီးတီး ၀ - ၂ ဘာစီလိုနာ
အေဂျက်ဇ် ၂ - ၁ ဘာစီလိုနာ
အေစီမီလန် ၁ - ၁ ဘာစီလိုနာ

လာလီဂါမှာ ရလဒ်ကောင်းတွေပြန်ရနေပေမယ့် ဘာစီလိုနာရဲ့အနေအထားက အကောင်းဆုံးပုံစံမှာ ရှိမနေပါဘူး။ အက်သလက်ရဲ့ မာမာထန်ထန်ကစားမှုကြောင့် ဘာစီလိုနာတို့ ပထမအကျော့မှာတုန်းကလည်း အိမ်ကွင်းမှာတောင် အခက်ကြုံခဲ့ရပြီး သရေရလဒ်သာ ရယူနိုင်ခဲ့ပါတယ်။ ဒီရာသီမှာ အက်သလက်နဲ့ရင်ဆိုင်ရတိုင်း ဘာစီလိုနာတို့ ရုန်းကန်နေရလေ့ရှိတာကို တွေ့ရပြီး အဝေးကွင်းမှာ လာကစားရမယ့် ဒီပွဲစဉ်မှာလည်း ဘာစီလိုနာတို့ အသာစီးရယူဖို့ မလွယ်နိုင်ပါဘူး။ ခံစစ်ပိုင်းက အဓိက ကစားသမားတစ်ချို့ မပါဝင်နိုင်တာကြောင့် ဘာစီလိုနာတို့ အဝေးကွင်းမှာ အခက်တွေ့နိုင်ပြီး အက်သလက်တီကိုဖက်မှာလည်း အဓိကတိုက်စစ်မှူး ဒီယေဂိုကော်စတာ ပါဝင်နိုင်မလားဆိုတာ မသေချာသေးတဲ့အနေအထားပါ။



မန်ယူအသင်းအိမ်ကွင်းတွင် ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်မှ မန်ယူကွင်းလယ်လူ ကာဂါဝါ၏ ထိုးဖောက်ကစားဟန်။

ပထမအကျော့ရလဒ်ပိုင်းအရ နောက်တစ်ဆင့်ကို တက် ရောက်နိုင်ခွင့်အတွက် နှစ်သင်းလုံးမှာ အခွင့်အရေးဆတူရှိနေသေးတာမို့ ဒီပွဲစဉ်က ထင်တာထက် ပိုမိုအကြိတ်အနယ်ရှိလာမှာဖြစ်သလို တိုက်စစ်နဲ့ ခံစစ်အားပြိုင်တဲ့ပွဲလည်း ဖြစ်လာနိုင်ပါတယ်။ ကိုပါဒဲလ်ရေးပြိုင်ပွဲမှာ ရီးယဲလ်ကို ရှုံးခဲ့တဲ့ပွဲစဉ်ကလွဲလို့ ဒီနှစ်ရာသီမှာ အိမ်ကွင်းပြိုင်ပွဲစုံ လုံးဝရှုံးပွဲမရှိသေးတဲ့ အက်သလက်တီကိုရဲ့ အိမ်ကွင်းပုံစံကောင်းကြောင့် ဘာစီလိုနာကို မေ့ထားလိုက်တာ အကောင်းဆုံးပါပဲ။ ■

# ရွန်နီနှင့်ရင်ဆိုင်ရမည်ကို စိုးရိမ်စိတ်ဖြစ်မိဟု ဘိုင်ယန်မြူးနစ်နောက်ခံလူ ဒန်တီ ဝန်ခံ

**မြူးနစ်၊ ဧပြီ ၈**

ဘိုင်ယန်မြူးနစ်အသင်းမှ ဘရာဇီးဗဟိုနောက်ခံလူဒန်တီက မန်ယူအသင်းကို အိမ်ကွင်းတွင် လက်ခံကစားရမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် မန်ယူအသင်းတိုက်စစ်မှူး ရွန်နီအနေဖြင့် ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်လာနိုင်ခဲ့ပါက ၎င်းနှင့်ရင်ဆိုင်ရမည်ကို စိုးရိမ်စိတ်ဖြစ်မိကြောင်း ပြောကြားသည်။

မန်ယူအသင်းတိုက်စစ်မှူး ရွန်နီသည် ခြေချောင်းဒဏ်ရာ ပြဿနာကြောင့် စနေနေ့က နယူးကာဆယ်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို လွဲချော်ခဲ့သော်လည်း ယနေ့ညတွင်ကစားမည့် ဘိုင်ယန်အသင်းနှင့်ပွဲစဉ်တွင်မူ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေသည်။ ဘိုင်ယန်အသင်းနောက်ခံလူ ဒန်တီမှာလည်း ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသည့်အတွက် ပထမအကျော့ပွဲစဉ်ကို လွဲချော်ခဲ့ပြီး ဒုတိယအကျော့တွင်မူ ပြန်လည်ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။ ၎င်းအနေဖြင့် ရွန်နီ၏ လျင်မြန်မှုနှင့် တွန်းတွန်းတိုက်တိုက် ကစားနိုင်မှုကို



အင်္ဂလန်နှင့်ဘရာဇီးတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဒန်တီနှင့်ရွန်နီတို့ ရင်ဆိုင်တွေ့ခဲ့ကြစဉ်။

သိရှိထားကြောင်းနှင့် ကမ္ဘာ့အဆင့်ရှိသည့် တိုက်စစ်မှူးတစ်ဦးကို ထိန်းချုပ်နိုင်ရန် စိုးရိမ်စိတ်ဝင်မိကြောင်း ဒန်တီက ပွဲစဉ်မတိုင်မီ ပြောကြားခဲ့သည်။

"ဘရာဇီးနဲ့ အင်္ဂလန်ကစားခဲ့တုန်းက သူ့ကို ကျွန်တော်ရင်ဆိုင်ခဲ့ဖူးပါတယ်။ သူဟာ တကယ့်ကမ္ဘာ့အဆင့် တိုက်စစ်မှူးတစ်ဦးပါပဲ။ သူဟာ ပွဲတစ်ပွဲကို ကောင်း သုံးသပ်နိုင်သူဖြစ်ပြီး လျင်လျင်မြန်မြန် ကစားနိုင်သလို ပြင်းထန်တဲ့ကန်ချက်တွေနဲ့လည်း ဒုက္ခပေးနိုင်သူပါ။ သူ့ကို ကျွန်တော်တို့ ကောင်းကောင်းထိန်းချုပ်နိုင်မှ ဖြစ်မှာပါ"ဟု ဘရာဇီးနောက်ခံလူ ဒန်တီက ဘိုင်ယန် မြူးနစ်အသင်း ဝက်ဘ်ဆိုဒ်ကို ပြောကြားသည်။ ■

**ရည်ညွှန်း-ဂိုးလ်ဒေါ့ကွန်း**

# အက်သလက်တီကိုနှင့်ပွဲစဉ်ကို ဗိုလ်လုပွဲကဲ့သို့ သဘောထားမည်ဟု ဇာဗီဖွင့်ဟ

**ဘာစီလိုနာ၊ ဧပြီ ၈**

ဘာစီလိုနာအသင်း ဝါရင့်ကွင်းလယ်ကစားသမားဇာဗီက ယနေ့ညတွင် ရင်ဆိုင်ရမည့် အက်သလက်တီကိုအသင်းနှင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို ဗိုလ်လုပွဲကဲ့သို့ သဘောထားကစားသွားမည်ဟု ပြောကြားခဲ့ပြီး ယင်းပွဲစဉ်မှာ အလွန်တရာ ခက်ခဲသည့်ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ကြောင်းလည်း ဝန်ခံခဲ့သည်။

"ဒီပွဲဟာ ဗိုလ်လုပွဲတစ်ပွဲပါပဲ။ နိုင်တဲ့အသင်းက နောက်တစ်ဆင့်ကိုတက်ရောက်ခွင့်ရမှာဖြစ်သလို ဘယ်အသင်းကျန်ခဲ့မလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အက်သလက်တီကိုအသင်းဟာ ကျွန်တော်တို့ကို အကြီးအကျယ် အခက်တွေ့စေသလို သူတို့နဲ့ရင်ဆိုင်ရတိုင်း အခွင့်အရေးကောင်းတွေ ကျွန်တော်တို့ မဖန်တီးနိုင်ပါဘူး။ ကျွန်တော်တို့ ခြေစွမ်းကုန်ထုတ်ပြီး ကစားရပါလိမ့်မယ်။ ကျွန်တော်တို့ ဂိုးစောစောသွင်းယူနိုင်ဖို့ ကြိုးစားရမှာဖြစ်ပြီး သူတို့ရဲ့ တုန့်ပြန်မှုကိုကြည့်ပြီး ပွဲကိုထိန်းချုပ်ကစားနိုင်ဖို့ကြိုးစားမှာပါ"ဟု ဇာဗီကပြောကြားသည်။

ဘာစီလိုနာနှင့် အက်သလက်တီကို



အသင်းတို့သည် ယခုနှစ်လာလီဂါပြိုင်ပွဲတွင်လည်း ချန်ပီယံဆုအတွက် အကြိတ်အနယ်ဖြစ်နေပြီး အမှတ်ပေးဇယား အထက်၊ အောက်ရပ်တည်နေကြကာ ပထမအကျော့တွင်လည်း ၁-၁ ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။ အက်သလက်တီကိုအသင်းသည် ဒုတိယအကျော့အား အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်သော်လည်း အသင်း၏ အဓိက ကစားသမားများဖြစ်ကြသည့် တိုက်စစ်မှူးဒီယေဂိုကော်စတာနှင့် ကွင်းလယ်လူအာဒါတူရန်တို့ လွဲချော်ဖွယ်ရှိသည့်အတွက် တိုက်စစ်ပိုင်းတွင် အားနည်းမှုများ ရှိလာနိုင်သည်။ ■

**ရည်ညွှန်း-မာကာ**

# ကမ္ဘာ့ဖလားပြိုင်ပွဲမှ ဝင်ငွေတိုးရန် ဘရာဇီး ရည်မှန်း

**ဆာအိုပေါ်လို၊ မေ ၈**

လာမည့်ဇွန်လထဲတွင် စတင်ကျင်းပတော့မည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှ နိုင်ငံ၏ဘဏ္ဍာရေးဝင်ငွေအတွက် ဝင်ငွေအဖြစ် ဘရာဇီးသုံးငွေ Reais ၆၂ ဒသမ ၁ ဘီလီယံ(ကန်ဒေါ်လာ ၂၇ ဒသမ ၇ သန်း) တိုးမြင့်စေရန် ရည်မှန်းထားကြောင်း ဘရာဇီးနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

ဘရာဇီးနိုင်ငံသည် ၂၀၁၃ခုနှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုပြိုင်ပွဲအဖြစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို လက်ခံကျင်းပရာမှ ကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံအထိ ဝင်ငွေရရှိခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနမှထုတ်ပြန်ခဲ့သည့် အချက်အလက်များကိုအခြေခံကာ စီးပွားရေးသုတေသနအဖွဲ့တစ်ခုဖြစ်သည့် FIPE က ပြီးခဲ့သည့်တနင်္လာနေ့က ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် လာမည့်ဇွန်လ ၁၂ ရက်မှ ဇူလိုင်လ ၁၃ ရက်ထိ ဘရာဇီးနိုင်ငံ မြို့တော် ၁၂ မြို့တွင် လက်ခံကျင်းပမည့် ကမ္ဘာ့ဖလားပွဲသို့ ကမ္ဘာတစ်ဝန်းမှ ခရီးသွားပေါင်း ခြောက်သိန်းကျော် လာရောက်မည်ဟု ဘရာဇီးနိုင်ငံမှ ခန့်မှန်းထားပြီး ခရီးသွားလုပ်ငန်းတွင် အလုပ်အကိုင်ပေါင်း ၄၇,၉၀၀ ခန့် ဖန်တီးပေးနိုင်မည်ဟုလည်း ခန့်မှန်းထားသည်။

ထို့အပြင် ဘရာဇီးနိုင်ငံအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းဖြင့် နိုင်ငံ၏ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နေသည့် ခရီးသွားလုပ်ငန်းကို ပိုမိုအရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်ပြီး အဓိကဝင်ငွေများကို ခရီးသွားလုပ်ငန်းများမှရရှိနိုင်မည်ဟုလည်း မျှော်လင့်ထားသည်။

"ထွက်ပေါ်လာတဲ့ရလဒ်တွေအရ ပြောရရင် ပြိုင်ပွဲကို လက်ခံကျင်းပမယ့် မြို့တော်တွေအတွက်ပဲ ကန့်သတ်ထားတာမဟုတ်ဘဲ ဘရာဇီးနိုင်ငံတစ်နိုင်ငံလုံးအတွက် အကျိုးသက်ရောက်မှုတွေကို ပြသနေတာပါ" ဟု ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး ဗီနီဆီးယပ်စ်လာဂက်စ်က ပြောသည်။

**■ အောင်သုတ ဘာသာပြန်သည်။**
**ရည်ညွှန်း–ဒီအန်အေ**




ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူးစီရော်နယ်ဒို၏ ဂျာစီအင်္ကျီများရောင်းချနေမှုကို အရောင်းဆိုင်တစ်ခု၌ ယမန်နှစ်က တွေ့ရစဉ်

# ပြီးခဲ့သည့်နှစ်အတွင်း ရီးယဲလ်တိုက်စစ်မှူးရော်နယ်ဒို၏ ဂျာစီရောင်းအားမှာ ဘိုင်ယန်တစ်သင်းလုံးထက် ပိုခဲ့

**မက်ဒရစ်၊ မေ ၈**

ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး စီရော်နယ်ဒို၏ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်း ဂျာစီအင်္ကျီရောင်းအားမှာ တစ်သန်းနီးပါးရှိခဲ့ပြီး လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းတစ်သင်းလုံး၏ရောင်းအားထက်ပိုခဲ့ကြောင်း ဂျာမန်သတင်းစာတစ်စောင်ဖြစ်သည့် Bild က ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်း ဂျာစီအင်္ကျီအရောင်းရဆုံးစာရင်းတွင် စပိန်ထိပ်သီး ရီးယဲလ်မက်ဒရစ်အသင်းနှင့် လက်ရှိပရီးမီးယားလိဂ်ချန်ပီယံ မန်ယူအသင်းတို့က ၁,၄၀၀,၀၀၀ ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေခဲ့သည်။ တတိယနေရာတွင် လာလီဂါချန်ပီယံ ဘာစီလိုနာအသင်းက ၁,၁၅၀,၀၀၀ ဖြင့် ရပ်တည်နေခဲ့ပြီး ၎င်းနောက်တွင် ချယ်လ်ဆီးအသင်း၊ ဘိုင်ယန်အသင်းတို့က အသီးသီးရပ်တည်နေခဲ့ကြသည်။

**ဂျာစီအင်္ကျီအများဆုံးရောင်းချခဲ့ရသည့် ထိပ်ဆုံး (၅)သင်း**

| | | |
|---|---|---|
| ၁။ | ရီးယဲလ်မက်ဒရစ် (လာလီဂါ) | ၁,၄၀၀,၀၀၀ |
| ၂။ | မန်ယူ (ပရီးမီးယားလိဂ်) | ၁,၄၀၀,၀၀၀ |
| ၃။ | ဘာစီလိုနာ (လာလီဂါ) | ၁,၁၅၀,၀၀၀ |
| ၄။ | ချယ်လ်ဆီး (ပရီးမီးယားလိဂ်) | ၉၁၀,၀၀၀ |
| ၅။ | ဘိုင်ယန်မြူးနစ် (ဘွန်ဒစ်လီဂါ) | ၈၈၀,၀၀၀ |

ရီးယဲလ်အသင်း၏ ဂျာစီရောင်းချရမှုတွင် လက်ရှိကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ရရှိထားသည့် ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒို တစ်ဦးတည်း၏ ဂျာစီရောင်းချရမှုမှာ တစ်သန်းနီးပါးရှိသည့်အတွက် ဂျာမန်ထိပ်သီးအသင်းကြီး ဘိုင်ယန်အသင်းတစ်သင်းလုံးထက်ပင် များပြားနေပြီး ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဖလားများကို တစ်နှစ်စီဆွတ်ခူးခဲ့သော ချယ်လ်ဆီးအသင်းတို့ထက်လည်း များပြားနေသည်။ ရီးယဲလ် အသင်း၏ ဂျာစီကို ဂျာမန်အားကစားပစ္စည်းထုတ်ကုမ္ပဏီဖြစ်သည့် Adidas က ထုတ်လုပ်ပေးထားခြင်းဖြစ်ပြီး ဥရောပရှိ Adidas မှ ထုတ်လုပ်ပေးသည့် ဂျာစီအင်္ကျီကိုဝတ်ဆင်သည့် အခြားအသင်းများထက် ပိုမိုရောင်းချရခြင်းလည်းဖြစ်သည်။

မန်ယူအသင်းမှာလည်း ယခုနှစ်တွင် နည်းပြသစ်မိုယက်စ်၏ လက်ထက်တွင် ရလဒ်များဆိုးရွားကာ အခြေအနေဆိုးရွားခဲ့သော်လည်း ယမန်နှစ်ကမူ ဂန္ထဝင်နည်းပြကြီးဖာဂူဆန်၏လက်အောက်တွင် အကောင်းဆုံးခြေစွမ်းများဖြင့် ချန်ပီယံဆုဖလားကို သိမ်းပိုက်နိုင်ခဲ့သည့်အပြင် ကမ္ဘာတစ်ဝန်းရှိ အသင်းပရိသတ်များ ရရှိထားခြင်းကြောင့်လည်း ဂျာစီအင်္ကျီရောင်းချမှု မြင့်တက်ခဲ့ခြင်းဖြစ်သည်။

**■ အောင်သုတ ဘာသာပြန်သည်။**
**ရည်ညွှန်း–ဝေါဆော်ကာ**

# ခြောက်လနားရမည့် အင်္ဂလန်တိုက်စစ်မှူး ရိုဒရီဂွက်ဇ် ကမ္ဘာ့ဖလားပြိုင်ပွဲ လွဲချော်မည်



မန်စီးတီးအသင်းနှင့်ကစားခဲ့သည့်ပွဲတွင် ဒဏ်ရာရရှိခဲ့သည့် ရိုဒရီဂွက်ဇ်

**ဆောက်သမ်တန်၊ မေ ၈**

မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သော ဆောက်သမ်တန်အသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်သည် ခြောက်လခန့် အနားယူရတော့မည့်ဖြစ်သည့်အတွက် ဘရာဇီးတွင် ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်တော့မည်ဖြစ်သည်။

ဆောက်သမ်တန်အသင်းက မန်စီးတီးအသင်းကို ၄-၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော စနေနေ့က ကစားခဲ့သည့်ပွဲစဉ်တွင် ရိုဒရီဂွက်ဇ်သည် ဒူးအရွတ်စုတ်ပြတ်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ကွင်းအတွင်းမှ ထမ်းစင်ဖြင့် ထွက်ခွာခဲ့ရသည်။ တနင်္လာနေ့တွင် အသင်းဆေးအဖွဲ့မှ ၎င်း၏ ဒဏ်ရာအခြေအနေအရ ခြောက်လခန့်အနားယူရတော့မည်ဟု ထုတ်ပြန်အတည်ပြုခဲ့ရာ ရိုဒရီဂွက်ဇ်၏ ကမ္ဘာ့ဖလားဝင်ပြိုင်ခွင့်အိပ်မက်မှာ ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။

ယခုနှစ်ရာသီတွင် ဆောက်သမ်တန်အသင်းအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၅ ဂိုးအထိသွင်းယူထားသည့် အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူးအနေဖြင့် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် ရွေးချယ်ခံရရန် အလားအလာကောင်းများပိုင်ဆိုင်ထားသူလည်းဖြစ်သည်။ ၎င်းသည် အင်္ဂလန်လက်ရွေးစင်အဖြစ် ယမန်နှစ်ကမှ စတင်ရွေးချယ်ခံရခြင်းဖြစ်ပြီး နိုဝင်ဘာလက ကစားခဲ့သည့် ချီလီအသင်းနှင့် ခြေစမ်းပွဲစဉ်တွင် စီနီယာအသင်း၌ ပထမဆုံးပါဝင်ခွင့်ရရှိထားသည်။

"ဂျေးဟာ အရမ်းစိတ်ပျက်လက်ပျက်ဖြစ်နေပါတယ်။ ဒါပေမဲ့ အမြန်ဆုံး ပြန်ကစားနိုင်အောင် သက်သာလာဖို့ မျှော်လင့်နေပါတယ်။ သူ့ရဲ့ဒဏ်ရာအခြေအနေအတွက် အသင်းကလည်း အကောင်းဆုံးထောက်ပံ့ပေးသွားမှာပါ။ ဒူးအထူးပြုခွဲစိတ်ကုဆရာဝန်နဲ့ သူ့ဒဏ်ရာကိုကုသသွားမှာ ဖြစ်သလို သူ့ရဲ့ဒဏ်ရာအခြေအနေနဲ့ပတ်သက်လို့လည်း အသင်းက အမြဲထုတ်ပြန်နေမှာပါ" ဟု ဆောက်သမ်တန်အသင်းဒါရိုက်တာ လက်စ်ရိဒ်က ပြောကြားသည်။

**■ အောင်သုတ ဘာသာပြန်သည်။**
**ရည်ညွှန်း–ဘီဘီစီစပေါ့**